
လှိုင်းဂုဏ်ဆန်းကြယ်စာပေမှာ ယနေ့နံပါတ်(၁) စာရေးဆရာ

# မင်းမြတ်သူရ

# မီးပင်လယ်

သိုး
ပွင့်
ဆိုင်
က
လစ်



# မင်းမြတ်သူရ

## မိုးပင်လယ်



ကြန်းဦးရေး
ရန်မျိုးအောင်စာပေ
အမှတ်(၂၂) ဓမ္မဓိဋ္ဌာလမ်း
ကျောက်မြောင်း၊တာမွေ
ဖုန်း-၀၉-၇၃၀၈၂၃၁၂

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ဂျမဒါမင်းထင်သည် မက်ဆိုပိုတေးမီးယား စစ်မြေပြင်မှ ပြန်ပြီးနောက် မြန်မာပြည်သို့မပြန်ဘဲ ဗုဒ္ဓဂါယာရှိ ဘုန်းကြီးကျောင်း တစ်ကျောင်းတွင် သာသနာဘောင်သို့ ဝင်ခဲ့၏။

သာသနာဘောင်တွင် နှစ်အတန်ကြာအောင်နေပြီးမှ မပျော်ပိုက်ခသာကြောင့် လူထွက်ပြီး ကလကတ္တားမြို့ထဲတွင် ခြေဦးတည်ရာ လျှောက်သွားနေမိ၏။

——— မြနှင်းဆီတာဝေ ———

ထိုသို့သွားလာရင်းအုတ်တံတိုင်းတစ်ခုတွင်ကပ်ထားသော ယောဂသင်တန်းကြော်ငြာစာရွက်ကိုမြင်မိပြီး ထိုသင်တန်းသို့ တက်ရန်စာရင်းပေးသွင်းလိုက်လေ၏။

ဂျမဒါမင်းထင်၏ယောဂသင်တန်းဆရာမှာ ချောမောလှပ သောဟိန္ဒူမလေးတစ်ဦးဖြစ်ပြီး သူမ၏ဆရာမှာ ဟိမဝန္တာ တောထဲ တွင်နေထိုင်သော နံမည်ကျော် ယောဂီကြီး ဆံသယဖြစ်၏။

ဂျမဒါမင်းထင်သည်ယောဂပညာကိုလိုက်စားပြီး လအနည်း ငယ်အတွင်းပညာရပ်၏နက်နဲသော သဘောတို့ဆင်ခြင်မိပြီးများစွာ နှစ်မြိုက်သွားလေ၏။

ဆရာမလေးက ယောဂသင်ကြားရင်း

"ယောဂမှာ ဘယ်တော့မှ အားစိုက်မထုတ်ရဘူး၊ ဒီလိုပါပဲ.. ဘယ်ပညာရပ်မဆို အားစိုက်ထုတ်ခြင်းဟာ အပေါ်ယံ သဘောပဲ၊ အတွင်းထဲထိ ရောက်အောင်သွားရမယ်လို့ ဂုရုန်မဆရာ က ပြောဖူး တယ်"





ဟုပြောလေရာ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ် စဉ်းစားလိုက်ပြီး

"အားမစိုက်ရဘူးတဲ့လား..အားစိုက်ရင် အပေါ်ယံပဲ ရောက် မယ်ပေါ့၊ အလွန်လေးနက်တဲ့ စကားလုံးပါပဲ ဆရာမရယ်၊ ဒါပေမဲ့ အားမစိုက်ရဘူးဆိုတဲ့ သတ်မှတ်ချက် တစ်ခုကိုက အားတစ်ခုဖြစ် သွားမှာစိုးတယ်"

ဟုရေရွတ်လိုက်လေ၏။

တစ်နေ့တွင် ဆရာမလေး၏ယောဂသင်တန်းသို့မျက်နှာဖြူ လူရမ်းကား နှစ်ယောက် ရောက်လာပြီး ယောဂသင်နေသော ဆရာမလေး၏တပ်မက်ဖွယ်ကိုယ်ဟန်ကိုမြင်တွေ့ကာရာဂစိတ်များ ဖြစ်ပေါ်လာ၏။

ထိုလူရမ်းကားနှစ်ယောက်သည်အဆင့်နိမ့်မျက်နှာဖြူလူမျိုး များပီပီဆရာမလေးကိုအလွယ်တကူရမည်ဟု အထင်ရောက်ကာ လူရှင်းသောအချိန်၌သင်တန်းသို့ တစ်ခေါက်လာပြီး အဓမ္မ ကျူး





လွန့်လေ၏။

ထိုအခိုက်မှာပင် ၄င်းတို့အနောက်သို့ဂျမဒါမင်းထင် မမျှော် လင့်ဘဲရောက်လာပြီး မျက်နှာဖြူနှစ်ဦးကိုတိုက်ခိုက်လေ၏။

ဂျမဒါမင်းထင်သည် မျက်နှာဖြူနှစ်ဦး၏ အပြုအမူကို မသင်္ကာသောကြောင့်စောင့်ကြည့်နေခြင်းဖြစ်၏။

မျက်နှာဖြူနှစ်ဦးသည်ဂျမဒါမင်းထင်၏တိုက်ခိုက်မှုကြောင့် အလဲလဲအကွဲကွဲ ဖြစ်ပြီးဖနောင့်နှင့်တင်သား တစ်သားတည်း ကျအောင်ပြေးလေ၏။

ဂျမဒါမင်းထင်သည် ဆရာမလေး၏ အရှက်နှင့်သိက္ခာကို ကာကွယ်နိုင်သော်လည်း မျက်နှာဖြူ နှစ်ဦး၏ လီဆည်တိုင်ကြား ခြင်းကြောင့်ဘုံဘေမြို့၌အမှုရင်ဆိုင်ရလေ၏။

ဂျမဒါမင်းထင်၏အမှုကို ဟိန္ဒူရှေ့နေကြီး တစ်ယောက်က လိုက်ပါပြီး မျက်နှာဖြူနှစ်ဦး၏အမှုကိုဘိလပ်ရှိမျက်နှာဖြူရှေ့နေက လိုက်ပါလေ၏။

ထိုအမှု စီရင်ချက်ချသောအခါ အမျိုးဂုဏ်နည်းရှာသော တရားသူကြီး၏အမုန်တရားဘက်က မရပ်တည်ပုံသော စိတ်ဓာတ်ကြောင့် ဂျမဒါမင်းထင်မှာ အပြစ်မကျူးလွန်ဘဲ ထောင်ဒဏ်သုံးလ ကျခံခဲ့ရလေ၏။

ဂျမဒါမင်းထင်သည်လောက၏တရားမမျှတသော သဘောကိုဆင်ခြင်ပြီးထောင်ကျရက်များကိုကျော်ဖြတ်ခဲ့လေ၏။

ဂျမဒါမင်းထင် ထောင်ကလွတ်မြောက်သောနေ့တွင် မမျှော်လင့်ဘဲ ထောင်ပူးဝ၌ဗြိတိသျှစစ်တပ်မှ ဗိုလ်မှူးကြီး တစ်ယောက်ကို တွေ့ရ၏။

ဗိုလ်မှူးကြီးက နှစ်လိုဖွယ်ပြုံးကာ

"မောင်ရင်လွတ်လာပြီပေါ့၊ ကျုပ်နံမည်ကာနယ်ကောလင်းပါ၊ ဗြိတိသျှ မြေပြင်တပ်ရင်းကပါ၊ ကျုပ်တို့ စကား နည်းနည်း ပြောရအောင်"

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်က အံ့ဩပြာန်ဖြင့်

"ကျုပ်တပ်ကထွက်ပြီးပြီကာနယ်၊ ဗြိတိသျှစစ်တပ်နဲ့စကား

ပြောစရာရှိလို့လား"

လို့ဆိုလိုက်ရာဗိုလ်မှူးကြီးက သက်ပြင်းချပြီး

"ဗြိတိသျှ စစ်တပ်နဲ့စကားပြောစရာ မရှိပေမဲ့ မြန်မာပြည်

အရေးနဲ့ ပတ်သက်လို့တော့ စကား ပြောစရာရှိတယ်၊ ကားပေါ်ကို

ခဏလေးတက်လိုက်ပါ ဂျမဒါ"

ဟုဆိုလိုက်၏။

ဂျမဒါမင်းထင်သည် ကာနယ်ကောလင်း၏ ထူးခြားသော

စကားကြောင့် မဆန့်ကျင်တော့ဘဲ အော်စတင်ကား ပေါ်သို့တက်

လိုက်၏။

ကာနယ်ကောလင်းသည် ဂျမဒါမင်းထင်ကို ဘုံဘေမြို့ထဲသို့

ခေါ်သွားပြီး နံမည်ကြီးတရုတ်ဟော်တယ်တစ်ခု ရှေ့တွင်ကားကို

ရပ်လိုက်လေ၏။

ဟိုတယ်သို့ရောက်သောအခါ ဈေးကြီးသောတရုတ်အစား





အစာများကိုမှာယူလိုက်ရင်း

"ကျုပ်တို့စားသောက်ပြီးတော့မှ စကားပြောကြတာပေါ့"

ဟုဆိုကာ တရုတ်စာများကိုမြိန်ရှက်စွာ စားသောက်လေ၏။

ဂျမဒါမင်းထင်လည်း ထောင်ထဲတွင် စားကောင်းသောက်

ဖွယ်များနှင့်ဝေးကွာနေသဖြင့် မြိန်ရှက်စွာစားသောက်လေ၏။

အတန်ကြာသောအခါ ကာနယ်ကောလင်းက စားသောက်

ခြင်းကိုရပ်တန့်ကာ ဆေးတံကိုမီးညှိလိုက်ပြီး

"မောင်ရင်တို့မြန်မာပြည်ဖက်ဆစ်လက်အောက်ရောက်နေ

တာ သိတယ်မဟုတ်လား"

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်က စကားမတုံ့ပြန်ဘဲ ခေါင်း

ကိုသာ ညိတ်ပြလိုက်၏။

ကာနယ်ကောလင်းက ဆက်ပြီး

"ဖက်ဆစ်တွေက မြန်မာတွေရဲ့ ဘုရားကျောင်းကန်တွေ

ဖျက်ဆီးပြီး ပြည်သူတွေကိုနေရာတိုင်းမှာ နှိပ်စက်နေတယ်၊ ဗိုလ်ချုပ်

ဆောင်ဆန်းကိုယ်တိုင်လဲ ဇက်ဆစ်ကိုထိန်းလို့မရဘူး"

ဟုပြောလေရာ ဂျမဒါမင်းထင်က စိတ်မသက်သာဟန်ဖြင့် ခေါင်းညိတ်ပြီး

"ဇက်ဆစ်တွေ သောင်းကျန်းနေတာ ကျွန်ုပ် ကြားပါတယ်၊ စိတ်မချမ်းသာစရာပါပဲ"

ဟုပြောလိုက်လေ၏။

ထိုအခါ ကာနယ်ကောလင်းက

"ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရှေ့တိုးမရ နောက်ဆုတ်မရ ဖြစ်နေတယ်၊ သူက ဇက်ဆစ်ကိုမတတ်သာလို့ ပူးပေါင်းလိုက်ရတယ်၊ ဒါပေမဲ့ သူ့စိတ်ကို ကျွန်ုပ်ကောင်းကောင်းသိတယ်၊ သူဟာ လွတ်လပ်ရေး သစ္စာခံတဲ့၊ လွတ်လပ်ဖို့ဆိုရင် ဘာမဆိုလုပ်မှာဘဲ၊ တစ်နေ့ ဂျပန်ကိုပြန်တိုက်လိမ့်မယ်"

ဟုပြောလေရာ ဂျမဒါမင်းထင်က ကာနယ်ကောလင်း၏ တွေးထင်ချက်ကိုလက်ခံလိုက်ပြီး





"ဟုတ်တယ်ဗိုလ်ချုပ်ကတော့ မြန်မာပြည်အတွက် ဘာမဆို လုပ်မှာပဲ"

ဟုပြောပြီး ဇက်ဆစ်တို့၏ ဆိုးဝါးပုံများကို မြင်ယောင်ကာ အံကိုတင်းတင်းကြိတ်လိုက်မိ၏။

ကာနယ်ကောလင်းက ဂျမဒါမင်းထင်ကို အကဲခတ်ကြည့်ပြီး

"မောင်ရင်တို့တိုင်းပြည်ကို ဇက်ဆစ်လက်က မလွတ်ချင်ဘူးလား"

ဟုမေးမြန်းလိုက်ရာ ဂျမဒါမင်းထင်က သက်ပြင်းချပြီး

"ခင်ဗျားတို့ အကူအညီမပါဘူးဆိုရင် ကိုယ့်အားကိုယ်ကိုးပြီးလွတ်မြောက်ချင်တယ်"

ဟုဆိုလိုက်ရာ ကာနယ်ကောလင်းက ခေါင်းခါယမ်းပြီး

"ကျုပ်တို့အကူအညီမပါဘဲ မြန်မာပြည် ဘယ်လိုလုပ် လွတ်လပ်ရေး ရမှာလဲ၊ မောင်ရင်တို့ ခေါင်းဆောင် ကိုယ်တိုင် အာရှတိုက် သာတူညီမျှရေးလို့ ကြွေးကြော်နေတဲ့ ဇက်ဆစ်ရဲ့ လှည့်စားတာကို

ခံနေရတယ်"

ဟုပြောလေ၏။

ဂျမဒါမင်းထင်က ကာနယ်ကောလင်းကို မျက်မှောင်ကြုတ်ကြည့်ပြီး

"ခင်ဗျားတို့က မြန်မာပြည်ကို ပြန်ပြီး ကျွန်ပြုချင်လို့လား"

ဟုမေးမြန်းလိုက်၏။

ကာနယ်ကောလင်းက ခေါင်းညိတ်ပြီး

"ကျုပ်တို့ မြန်မာပြည်သိမ်း တိုက်ပွဲဝင်ဖို့ အစီအစဉ်ရှိတယ်၊ ဒါပေမယ့် ကျွန်ပြုဖို့မဟုတ်ဘူး"

ဟုပြောလေရာ ဂျမဒါမင်းထင်က ခေါင်းခါယမ်းပြီး

"ကျုပ်တို့တိုင်းပြည်အတွက် စိတ်မကောင်းစရာပဲ"

ဟုညည်းညူလိုက်လေရာ ကာနယ်ကောလင်းက

"မြန်မာပြည်တွင်းကို ကြည့်လိုက်ဦး၊ တိုင်းရင်းသားတွေ ညီညွတ်မှုမရှိဘူး၊ နိုင်ငံရေး အတွေ့အကြုံလည်း မရှိဘူး၊ ဗိုလ်ချုပ်





အောင်ဆန်းကိုယ်တိုင် ကျောင်းသားတစ်ပိုင်းက လာတာပဲ၊ မောင်ရင်တို့ တိုင်းပြည်အတွက် အုပ်ချုပ်ရေးစနစ် ကောင်းကောင်းတစ်ခု ရှိဖို့လိုတယ်၊ မောင်ရင်စဉ်းစားပါ"

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်သည် ကာနယ်ကောလင်း၏ စကားကို အတန်ကြာအောင် စဉ်းစားဆင်ခြင်လိုက်ပြီး မြန်မာပြည် ဖက်ဆစ်စနစ်က လွတ်မြောက်ရေးအတွက် တစ်တပ်တအား ပါဝင်ကူညီရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် ကာနယ်ကောလင်းကို ကြည့်ပြီး

"ခင်ဗျားတို့ ကျုပ်ကို တစ်နေရာမှာ အသုံးချချင်ပုံရ တယ်၊ ဒါပေမဲ့ ကျုပ်ကရုမစိုက်ဘူး၊ ကျုပ်တို့တိုင်းပြည် ဖက်ဆစ်လက်က လွတ်မြောက်ဖို့ပဲ အရေးကြီးတယ်၊ ကဲ... ကျုပ်ကို ဘယ်လိုအသုံးချမှာလဲ"

ဟုမေးမြန်းလိုက်ရာ ကာနယ်ကောလင်းက သဘောကျ ဟန်ဖြင့် ရယ်မောလိုက်ပြီး

"မောင်ရင်ဟာ မြန်မာလူမျိုးထဲမှာ အကင်းအပါးဆုံး လူတစ်

ယောက်တဲ့မြန်မာပြည်မှာ မောင်ရင်လိုလူမျိုး ဆယ်ပုံတစ်ပုံသာရှိရင် ကျုပ်တို့ကိုလိုနီပြုလို့ရမှာ မဟုတ်ဘူး"

ဟုရှိုက်မှုန်းလိုက်လေ၏။

နောက်တစ်ပတ်ကြာသောအခါ ကာနယ်ကောလင်း ဂျမဒါမင်းထင်အား အိန္ဒိယပြည် အလယ်ပိုင်းရှိ မိုက်ဆိုပြည်နယ်၌ သူလျှိုသင်တန်း တက်ရန် စေခိုင်းလိုက်ပြီး

"ဖလသင်တန်းတက်ပြီးရင် မြန်မာပြည်ပြန်ပြီး ဗြိတိသျှစစ်တပ်အတွက် သူလျှိုလုပ်ရမယ်"

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်က သက်ပြင်းချပြီး

"ကျုပ်က စစ်သားပဲ၊ သူလျှိုလုပ်လို့ရပါ့မလား"

ဟုဆိုလိုက်၏။

ကာနယ်ကောလင်းက မျက်မှောင်ကြုတ်ပြီး

"ဘာလို့မရရမှာလဲ၊ မက်ဆိုပိုတေးမီးယားမှာ မောင်ရင် သူ့ရဲ

ကောင်းတဲ့ဆိပ်ပေးယူခဲ့တာပဲ"

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်က လက်သ ● ဆုပ်ပြီး

"ကျုပ်က တိုက်ရဲခိုက်ရဲတယ်၊ စွန့်စားရဲတယ်၊ သေဝံ့သတ်ဝံ့

တယ်၊ ဒါပေမယ့် သူလျှိုမလုပ်တတ်ဘူး"

ဟုဆိုလိုက်ရာ ကာနယ်ကောလင်းက

"သူလျှိုလုပ်တာ လွယ်လွယ်လေးပါ၊ သင်တန်းပြီးရင် မောင်

ရင်နဲ့ သူလျှိုအလုပ်နဲ့ သိပ်လိုက်တာတွေ့လိမ့်မယ်"

ဟုဆိုလိုက်၏။

ထိုသို့ဖြင့် ဂျမဒါမင်းထင်သည် မိုက်ဆို ပြည်နယ်၌ အထူး

သူလျှိုသင်တန်းကို စာတွေ့လက်တွေ့ ဖလတက်ပြီးနောက် သူလျှို

အလုပ်ကိုမိမိကောင်းမွန်စွာလုပ်ကိုင်နိုင်ကြောင်းယုံကြည်သွားလေ၏။

သူလျှိုသင်တန်းဆင်းပြီးနောက်ကာနယ်ကောလင်းက ဂျမဒါ

မင်းထင်ကိုစစ်ရုံးကြီး၌ခေါ်တွေ့ပြီး





"ဗိုလ်ချုပ်စလင်းက အမိန့်ချလိုက်တယ်၊ မင်း အမြန်ဆုံး

မြန်မာပြည်ထဲကိုလေထီးဆင်းရမယ်တဲ့..အသင့်ပြင်ထား"

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်ပြီး

"ချက်ချင်းကြီးပါလား၊ ခင်ဗျားတို့ဆီမှာ လွတ်စရာ သူလျှို

ဒီလောက်တောင်ရှားနေသလား"

ဟုမေးမြန်းလိုက်၏။

ကာနယ်ကောလင်းက

"ငါတို့လွှတ်သမျှ သူလျှိုတွေက သုံးလို့မရတော့ဘူးကွ၊

အားလုံး ဂျပန်လက်ရောက်ကုန်ပြီ၊ ဒါကြောင့် ဗိုလ်ချုပ်စလင်းက

(မြန်မာပြည်သိမ်းတိုက်ပွဲကိုဦးဆောင်သူ) မင်းကိုအားကိုးပြီးလွှတ်

တာပေါ့၊ နောက်ပြီးငါတို့ စစ်ဆင်ရေးက အချိန်နီးကပ်နေပြီ၊ မြန်မာ

ပြည်ထဲမှာ အရည်အချင်းရှိတဲ့ သူလျှိုတစ်ယောက် ရှိဖို့လိုတယ်၊

သူလျှိုဆိုရင် နိုင်ငံခြားသားထက် ဒေသခံလူမျိုးက ပိုကောင်းတယ်၊

မြန်မာပြည်ဟာ မင်းရဲ့မွေးရပ်မြေပဲ၊ မွေးရပ်မြေက မင်းကိုစောင့်ကြို

နေပါလိမ့်မယ်"

ဂျမဒါမင်းထင်က မွေးရပ်မြေဟူသော စကားကြောင့် အတိတ်ကို မြင်ယောင်ပြီး သက်ပြင်းရှည်ကြီး တစ်ချက် ချလိုက်မိလေ၏။

꧁꧂

ကာနယ်ကောလင်းက ဂျမဒါမင်းထင်အား ရခိုင်ရိုးမ၌ လေထီးဆင်းရန် သတ်မှတ်ပေးလိုက်ပြီး မြေပုံကိုလက်ဖြင့် ထောက်ကာ

"ဟောဒီမှာ ရခိုင်ရိုးမကနေ ထွက်ရင် ကွင်းကောက် ဆိုတဲ့ ရွာလေးကိုရောက်မယ်၊ ကွင်းကောက်ကိုရောက်ရင်၊ ဆာဂျင်မြဒင်ကို ဆက်သွယ်ပြီး အသံလွှင့်စက်နဲ့ ပိုက်ဆံထုတ်ယူရမယ်၊ ဆာဂျင်မြဒင်က ကျုပ်တို့ရဲ့အမာခံလူတစ်ယောက်ပဲ"

ဟုပြောလေရာ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်ပြီး

"ဆာဂျင်မြဒင်က ကွင်းကောက်မှာ ဘာလုပ်နေသလဲ"

ဟုမေးမြန်းလိုက်၏။ ကာနယ်ကောလင်းက

"သူက ဂျပန်က ခန့်ထားလို့ ကွင်းကောက်ရွာသူကြီး ဖြစ်နေပြီ"

ဟုပြောလေ၏။

ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်ပြီး

"ဂျပန်ခန့်ထားတဲ့ သူကြီးတစ်ယောက်ကို စိတ်ချရပါ့မလား"

ဟုမေးမြန်းလိုက်ရာ ကာနယ်ကောလင်းက ခေါင်းခါယမ်းပြီး

"ဒီအတွက်မပူပါနဲ့၊ ဆာဂျင်မြဒင်က ကျုပ်တို့အတွက် အလုပ်အများကြီး လုပ်ပေးဖူးပါတယ်"

ဟုပြောလေ၏။ ကာနယ်ကောလင်းက ဆပ်လက်ပြီး

"ရခိုင်ရိုးမထဲကို လေထီးဆင်းပြီးရင် တို့တာ[illegible]ပြီးပြီး ရှေ့ဆက်ပြီး မင်းဘာသာ လှုပ်ရှားရတော့မယ်၊ သတိဝီရိယ သရှိပါ၊ မြန်မာပြည်ရဲ့ နောင်ရေးက မင်းတို့လက်ထဲမှာပါ"





ဟုပြောလေ၏။

ဂျမဒါမင်းထင်သည် ကာနယ်ကောလင်းပြောသော

"မြန်မာပြည်ရဲ့ နောင်ရေးက မင်းတို့လက်ထဲမှာ"

ဟူသော စကားကို အကြိမ်ကြိမ် ရေရွတ်ပြီး ခေါင်းခါယမ်းလိုက်မိ၏။

ဂျမဒါမင်းထင်သည် ရခိုင်ရိုးမတော အတွင်းသို့ ကောင်းစွာ လေ့ထီး ဆင်းနိုင်ခဲ့ပြီး လေ့ထီးဆင်းခဲ့သော အမှတ်အသားများကို ဖျောက်ဖျက်ပစ်လိုက်၏။

ပြီးနောက် ရခိုင်ရိုးမတောထဲမှ တဖြည်းဖြည်း ထွက်ခွာလာခဲ့ပြီးရခိုင်ရွာငယ်လေးများကို ကျော်ဖြတ်ကာ ခရီးဆက်ခဲ့၏။

ဂျမဒါမင်းထင်သည် မိမိ ဖြတ်သန်းရာ ရွာငယ်လေးများ၌ တောလိုက်မုဆိုးတစ်ဦး ဟန်ဆောင်ပြီး ခရီးဆက်ခဲ့၏။

သူသည် တစ်နေ့နှင့်တစ်ည ခရီးဆက်ခဲ့ပြီးနောက် ဆာဂျင်မြဒင်နေထိုင်ရာ ကွင်းကောက်ရွာလေးသို့ရောက်ခဲ့လေ၏။





ကွင်းကောက်ရွာသို့ ရောက်သောအခါ ရွာသားတစ်ဦးက ဆာဂျင်မြဒင် နေထိုင်ရာ နှစ်ထပ်ပျဉ်ထောင်အိမ်သို့ ဦးဆောင် ခေါ်သွားလေ၏။

အိမ်ခြံဝန်းထဲတွင် ဆာဂျင်မြဒင်ဖြစ်ပုံရသော အသက်လေးဆယ်ဝန်းကျင် လူတစ်ဦးကို တွေ့ရလေ၏။

ထိုသူသည် အသားခြောက်များ လှမ်းနေရာမှ ဂျမဒါမင်းထင်ကို မျက်မှောင်ကြုတ်ကြည့်ပြီး မည်သည့်စကားကိုမျှမဆိုဘဲ

"ကျုပ်အနောက်ကိုလိုက်ခဲ့"

ဟုဆိုကာ အိမ်ထဲသို့ခေါ်ဆောင်သွားလေ၏။

အိမ်ထဲသို့ရောက်သောအခါ ထိုသူက

"ကျုပ်နံမည် ဆာဂျင်မြဒင်ပဲ၊ ခင်ဗျားမနေ့က လေ့ထီးဆင်းလာတာ ကျုပ်သိတယ်၊ ခင်ဗျားအတွက် လိုအပ်တဲ့ ပစ္စည်းတွေ အားလုံးပြင်ဆင်ထားတယ်"

ဟုဆိုကာ အသံဖမ်းစက်နှင့် ငွေစက္ကူများထည့်ထားသော

အိတ်ကိုပြလေ၏။ ဂျမဒါမင်းထင်က ငွေစက္ကူများကိုကြည့်ပြီး မျက်လုံးပြူးကာ

"ငွေတွေက မနည်းပါလား"

ဟုတအံ့တသြရေရွတ်လိုက်ရာ ဆာဂျင်မြဒင်က ခေါင်းညိတ်ပြီး

"ကလကတ္တားက ပို့ထားတာပါ၊ ခင်ဗျားဖောဖောသီသီ သုံးလို့ရတာပေါ့၊ ဟောဒါက အသံဖမ်းစက်နဲ့ ခရီးသွားလာခွင့်ထောက်ခံတာ"

ဟုဆိုကာ အင်္ဂလန်လုပ်ရေဒီယို အသံဖမ်းစက်ကိုပြလေ၏။

ဂျမဒါမင်းထင်သည် ဆာဂျင်မြဒင်၏အိမ်တွင် တစ်ညအိပ်ပြီး နောက်တစ်နေ့မှာပင် ကွင်းကောက်ရွာမှ ထွက်ခဲ့၏။



ဂျမဒါမင်းထင်သည် ကွင်းကောက်ရွာမှ ထွက်ခဲ့ပြီး မြို့တစ်မြို့သို့ရောက်သောအခါ ဆန်အိတ်များတင်ထားသော လော်ရီကားကြီး တစ်စီးနှင့် လမ်းကြုံလိုက်ခဲ့လေ၏။

ဂျမဒါမင်းထင် လိုက်ပါလာသော လော်ရီကားကြီးသည် မြို့များ တစ်မြို့ပြီး တစ်မြို့ကျော်ဖြတ်ပြီး ခရီးဆက်ခဲ့လေ၏။

စက္ကော့သို့ရောက်သောအခါ လော်ရီကားကြီး၏ ရှေ့ဘီး ဒိုင်းခနဲပေါက်ပြီး လမ်းဘေးသို့ထိုးကျသွားလေ၏။

ထိုအခါဆန်အိတ်များကြားမှလှိုက်ခါလာသောဂျမဒါမင်းထင်သည်ကားနှင့်အတူပြိုလဲကျလေ၏။

ထိုအနိုက်မှာပင် ကားအနီးသို့ ဘီအိုင်အေစစ်တပ်မှ တပ်သားအချို့ရောက်လာပြီး ဂျမဒါမင်းထင်တို့ကိုကူညီလေ၏။

ဂျမဒါမင်းထင်သည် စစ်သားများ၏ ကူညီမှုဖြင့် ဆန်အိတ်များကြားမှ ရုန်းထွက်လာနိုင်၏။

ထိုအခါဘီအိုင်အေစစ်ဗိုလ်က

"ခင်ဗျားဘယ်ကလာလဲ၊ ဘယ်ကို သွားမလို့လဲ၊ ခရီးသွားလက်မှတ်ပြစမ်းပါ"

ဟုတောင်းဆိုလိုက်ရာ ဂျမဒါမင်းထင်က အိတ်ထဲရှိ ခရီးသွားလက်မှတ်ကိုထုတ်ပေးလိုက်ပြီး

"ကျုပ်ကရန်ကုန်ကပါပဲ၊ အလုပ်အကိုင် မရှိလို့ ညောင်တုန်းဘက်ကကြီးတော်ကြီးဆီပြန်ပြီး မှန်ဖိုးပဲဖိုး သွားတောင်းတာ"

ဟုဖြေလိုက်လေ၏။ စစ်ဗိုလ်က ခရီးသွားလက်မှတ်ကိုသေချာစွာကြည့်လိုက်ပြီး





"ခင်ဗျားစစ်ထဲမဝင်ချင်ဘူးလား။ စစ်ထဲဝင်ရင် မချမ်းသာပေမဲ့ ဝိုင်းပြည်ကိုကာကွယ်လို့ရတာပေါ့"

ဟုမေးလေ၏။

ဂျမဒါမင်းထင်က ကမန်းကတန်း လက်ကာပြီး

"အမလေး..မဝင်ပါရစေနဲ့ ထရာရယ်၊ ကျုပ်က မိန်းမတောင်မရသေးပါဘူး"

ဟုဆိုလိုက်ရာ စစ်ဗိုလ်၏မျက်နှာ ရှုံ့မဲ့သွားလေ၏။

ထို့နောက်စစ်ဗိုလ်က

"ဒါဆိုရင်လဲ မောင်ရင် ကြွချင်ရာ ကြွပေတော့၊ ညောင်တုန်းဘက်ကိုကူးမယ်ဆိုရင်တော့ကျုပ်တို့နဲ့ဂိုကွာပို့မော်တော်နဲ့လိုက်သွား"

ဟုဆိုကာ ကမ်းစပ်ရှိမော်တော်ငယ်လေးကိုလက်ညှိုးညွှန်ပြလေ၏။ ဂျမဒါမင်းထင်သည် ဘီအိုင်အေ တပ်သားများနှင့်ဝေးရာသို့ အမြန်ဆုံးရောက်ချင်နေသဖြင့် စစ်တပ်၏ဂိုကွာပို့မော်တော်နှင့်လိုက်

ရန် ဆုံးဖြတ်လိုက်၏။

ညောင်တုန်းဘက်ကမ်းသို့ မရောက်မီ စစ်သားများသည် ရေလယ်တွင်တွင်ကျောက်ချထားသော ဓာတ်ဆီတင် မော်တော်ကြီး ပေါ်သို့ကူးပြောင်းသွားလေ၏။

ထိုအခါ မော်တော်ပေါ်တွင် ဂျမဒါမင်းထင်နှင့်စစ်သား တစ်ယောက်သာ ကျန်ခဲ့တော့၏။ မော်တော်ကမ်းကပ်သောအခါ ဂျမဒါမင်းထင်က ရေဒီယိုအသံလွှင့်စက်ကို ဂရုတစိုက် ကိုင်တွယ်ပြီး ထိုင်ရာမှ ထလိုက်၏။

ထိုအခါစစ်သားကဂျမဒါမင်းထင်ကိုကူညီပြီးအိတ်ကိုဆွဲယူလိုက်ရာ မမျှော်လင့်ဘဲကြိုးပြတ်ပြီး ပိုက်ဆံများတလဟောကျသွားလေ၏။

စစ်သားသည်မော်တော်ကြမ်းပေါ်ရှိ ငွေစက္ကူပုံကြီးကိုတအံ့တသြကြည့်ပြီး

"ဟင်...ပိုက်ဆံတွေမနည်းပါလား၊ ဒီလောက်များတဲ့ငွေတွေ





ကိုဝင်ဖျားဘယ်လိုရလာသလဲ မှန်မှန်ပြောစမ်း...ဓားပြတိုက်လာတာလား"

ဟုဆိုကာ ဂျမဒါမင်းထင်ကို မသင်္ကာဖြစ်ပြီး သေနတ်ဖြင့်ထုတ်ချိန်လိုက်၏။ ဂျမဒါမင်းထင်သည်မိမိ၏ ဆိုးဝါးသောကံကြမ္မာကိုသာ အပြစ်တင်လိုက်ပြီး

"မဟုတ်ပါဘူးဗျာ၊ တောက ကျုပ်ဘကြီးက ဆန်စက်ဝယ်ဖို့ပေးလိုက်တာပါ"

ဟုအကြောင်းပြလိုက်၏။

သို့သော် စစ်သားက ဂျမဒါမင်းထင်ကို ယုံကြည်ဟန်မရှိဘဲ သေနတ်ကိုထုတ်ကာ

"အခုတလော တောနယ်တွေမှာ ဓားပြတွေ သောင်းကျန်းနေတာကြားတယ်၊ ခင်ဗျား ဓားပြပဲဖြစ်ရမယ်၊ အခုမှပဲ လက်ပူးလက်ကြပ်မိတော့တယ်၊ လက်မြှောက်လိုက်"

ဟုအမိန့်ပေးလိုက်လေ၏။

ဂျမဒါမင်းထင်သည်မော်တော်နှင့်လိုက်ခဲ့မိသဖြင့်ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်လိုက်မိ၏။

စစ်သားကို မရှင်းချင်ဘဲ ရှင်းပစ်ရတော့မည်။ အရင်ဘဝက ဝဋ်ကြွေးရှိလို့သာဟု ယူဆလိုက်မိ၏။

ဂျမဒါမင်းထင်သည် ဓားမြှောင်ကို လျှပ်တပြက် ထုတ်ပြီး စစ်သား၏ရင်ဝကိုလှမ်းပစ်လိုက်၏။

စစ်သားသည် အားခနဲအော်ပြီး လက်ထဲက သေနတ်လွှတ်ကျသွားလေ၏။ ဂျမဒါမင်းထင်က စစ်သား၏အနီးသို့လျှင်မြန်စွာတိုးကပ်သွားပြီး ရင်ဝတွင်စိုက်နေသော ဓားမြှောင်ကို နလုံးထိ စိုက်ဝင်အောင်ဖိသွင်းလိုက်၏။

ပြီးနောက် ပိုက်ဆံများကို သားရေအိတ်ထဲသို့ သိမ်းကျုံးထည့်ပြီး ကမ်းပေါ်သို့တက်ခဲ့၏။

ထို့နောက်ဂျမဒါမင်းထင်သည် ရန်ကုန်မြို့သို့ ဘေးမသီရန်မခဘဲဝင်ရောက်နိုင်ခဲ့၏။



အဓိပတိ ဒေါက်တာဘမော်ရုံးမှ တိုက်ရိုက်ခန့်အပ်စာဖြင့် မြန်မာ့တပ်မတော်အကြံပေးဌာနသို့ပြောင်းရွှေ့ရမည်ဆိုသောအခါ စုံထောက်လှမိုးအလွန်စိတ်လှုပ်ရှားသွားမိ၏။

အဘယ်ကြောင့်ဆိုသော် မြန်မာ့တပ်မတော်အကြံပေးဌာနဟုအမည်ခံထားသော်လည်း ဂျပန်စစ်ထောက်လှမ်းရေးဌာန ဖြစ်ကြောင်းရိပ်စားမိသောကြောင့်ဖြစ်၏။

ဂျပန်စစ်ထောက်လှမ်းရေးအရာရှိဗိုလ်ချုပ်ဆာကူရိုင်းက

"ကျုပ်တို့ ဂျပန်စစ်ထောက်လှမ်းရေးက အင်္ဂလိပ်သူလျှို တော်တော်များများကို ဖမ်းဆီးနိုင်ခဲ့တယ်၊ ဒါပေမဲ့ မဖမ်းနိုင်တဲ့ သူလျှိုတွေ အများကြီးရှိတယ်၊ ဘာကြောင့်လဲဆိုတော့ ကိုယ့်တိုင်းပြည် ကိုယ်နေရပ်မဟုတ်လို့ပဲ၊ ဒီတိုင်းပြည်မှာ သူလျှိုဖမ်းဖို့ဆိုရင် ဒေသခံ ဝံထောက်တွေကို သုံးရင် ပိုကောင်းမယ်လို့ ယူဆတယ်၊ ဒါကြောင့် ဒေါက်တာဘမော်ကို အကူအညီတောင်းပြီး မောင်ရင်ကို ကျုပ်တို့ ဌာနကိုပြောင်းနိုင်းလိုက်တာပဲ၊ ဒီအတွက် မောင်ရင်လိုအပ်တာ မှန်သမျှတောင်းဆိုနိုင်တယ်"

ဟုပြောလေ၏။

ဝံထောက်လုလင်သည် ဂျပန်တပ်က မဖမ်းနိုင်သော သူလျှိုများကို မိမိဖမ်းရမည်ဆိုသဖြင့် ခေါင်းနပန်းကြီးသွား၏။

မိမိအတွက် ကြီးစွာသော အကြပ်အတည်း နှင့်ကြုံတွေ့ရပေတော့မည်၊ ဂျပန်တို့က အာရှတိုက် သာတူညီမျှရေးဆိုသော ကြွေးကြော်သံကို အကြိမ်ကြိမ် ပြောဆိုနေသော်လည်း လက်တွေ့တွင်





မြန်မာတိုင်းရင်းသားတို့ အနိုင်ကျင့်စော်ကားတာခံနေရ၏။

သူတို့ ယုံကြည်ကိုးစားသော ဗိုလ်ချုပ်အောင်ဆန်းလည်း ဂျပန်ကို လက်ပိုက်ကြည့်နေရ၏။ ရှေ့ဆက်ပြီး ဘာတွေ ဖြစ်ဦးမည် မသိ...။

ဂျပန်စစ်ထောက်လှမ်းရေးက ပေးအပ်သော တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရပေမည်။ ယခုလည်း ဗိုလ်မှူးကြီး ဆာကီး ထံမှ ဖုန်းဝင်လာသဖြင့် ဂျပန်စစ်ထောက်လှမ်းရေးဌာနသို့ ကမန်းကတန်းထွက်လာရ၏။

ဗိုလ်မှူးကြီးဆာကီး၏ရုံးခန်းသို့ရောက်သောအခါ ဗိုလ်မှူးကြီး ဆာကီးက ဂျမဒါမင်းထင်ကို စားပွဲပေါ်က ဖိုင်တွဲတစ်တွဲကို လှမ်းပေးလိုက်ပြီး

"ညောင်တုန်းဘက်ကမ်းမှာ ဘီအိုင်အေက စစ်သား တစ်ယောက် အသတ်ခံရတယ်လို့ ဘီအိုင်အေစစ်တပ်က သတင်းပို့တယ်၊ ဒါကြောင့် ဘီအိုင်အေက ပို့တဲ့ဖိုင်ကို သေချာဖတ်ပြီး စစ်ဆေး

ကြည့်ပါ၊ ပြီးရင် အကျိုးအကြောင်း သိရအောင် စုံစမ်းပါ၊ ကျုပ်တော့ ဒီကိစ္စကို အလေးအနက်မထားဘူး၊ စစ်သားတစ်ယောက် အသတ်ခံရတာ ဘာအရေးကြီးလို့လဲ၊ ဘီအိုင်အေက လူတွေ ပုံကြီးချဲ့နေတယ်လို့ယူဆတယ်”

ဟုပြောလေ၏။

စုံထောက်လှမိုးက ဗိုလ်မှူးကြီးဆာကီး၏ စကားကြောင့် သက်ပြင်းချလိုက်မိ၏။

ဘီအိုင်အေသည် ဗိုလ်ချုပ်အောင်ဆန်း တည်ထောင်ခဲ့သော မြန်မာ့တပ်မတော်ဖြစ်၏။ ဘီအိုင်အေကို အလေးအနက်မထားစရာ အကြောင်းမရှိဟု ယူဆ၏။

ထို့ကြောင့် ဘီအိုင်အေတပ်မှ ပို့လိုက်သော ဖိုင်ကို ရုံးခန်းထဲသို့ ယူပြီး သေချာစွာ ဖတ်ကြည့်မိ၏။ မှုခင်းဖြစ်ပွားသည့်နေ ရာမှာ ဇေတ္တာနှင့်ညောင်တုန်းကူးသန်းသည့်နေရာတွင် ဖြစ်၏။

ဇေတ္တာဘက်တွင် လော်ရီကားတစ်စီး ဘီးပေါက်ပြီး လမ်းဘေးသို့ချော်ကျသဖြင့် ဘီအိုင်အေတပ်မှ ဗိုလ်လှဘူး ခေါင်းဆောင်သော စစ်သားတစ်စုက သွားရောက်အကူအညီပေး၏။

ထိုကားပေါ်တွင် လူတစ်ယောက် လမ်းကြုံလိုက်လာပြီး ထိုလူမှာ ညောင်တုန်းဘက်သို့ ကူးမည်ဆိုသဖြင့် ဘီအိုင်အေတပ်၏ ရိက္ခာပို့မော်တော်ဖြင့် ညောင်တုန်းဘက်သို့ခေါ်ဆောင်ခဲ့၏။

ထိုမော်တော်ပေါ်တွင် တပ်သား ၁၀ယောက်ကျော်ပါရှိပြီး တပ်သားများသည် ရေလယ်ခေါင်တွင် ကျောက်ချထားသော ဓာတ်ဆီတင် မော်တော်ကြီး ပေါ်သို့တက်သွားလေ၏။

ထိုအခါ လူစိမ်းနှင့်အတူ မော်တော်မောင်းသော တပ်သား တစ်ယောက်သာ ကျန်ရှိတော့၏။

မော်တော်ပေါ်က လူသည် နောက်ဆုံးကျန်ခဲ့သော တပ်သားကို သတ်ဖြတ်သွားခြင်းဖြစ်၏။ မည်သည့်အကြောင်းကိစ္စကြောင့် အပြစ်မဲ့တပ်သားကို သတ်ဖြတ်သွားသည် မသိရ။

လှိုု့ဝှက်ချက်တစ်ခုကြောင့် သတ်သွားခြင်းပေလော….။




မြနှင်းဆီစာပေ

စုံထောက်လှမိုးသည်လူသတ်သမားကိုကိုယ်တိုင်တွေ့မြင်ခဲ့သော ဗိုလ်လှဘူးကိုသွားရောက်တွေ့ဆုံရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့်ဗိုလ်လှဘူးရှိရာ မင်္ဂလာဒုံစစ်တပ်သို့ဂျစ်ကားကို မောင်းပြီးထွက်ခွာလာခဲ့၏။

ဗိုလ်လှဘူးနှင့်တွေ့သောအခါ စုံထောက်လှမိုးက

"လူသတ်သမားက သူ့ရဲ့လျှို့ဝှက်ချက် တစ်ခုပေါ်သွားလို့ လူသတ်မှုကျူးလွန်ခဲ့ပုံရတယ်"

ဟုဆိုလိုက်၏။ ဗိုလ်လှဘူးက ခေါင်းညိတ်ပြီး

"ဟုတ်တယ်၊ ကျွန်တော်လဲ ဒီလိုတွေးမိလို့ စစ်ထောက်လှမ်းရေးကိုသတင်းပို့လိုက်တာပါ"

ဟုပြောလေ၏။ စုံထောက်လှမိုးက

"ဒီလူရဲ့ပုံပန်းသဏ္ဌာန်ကို ပြောပါဦး"

ဟုပြောလေ၏။ ဗိုလ်လှဘူးက

"ဒီလူဟာ အရပ်သားတစ်ယောက်ပုံစံပါပဲ၊ အရပ်အမောင်း





ကောင်းပြီး ယောကျ်ားပီသတဲ့ ရုပ်ရည်မျိုးရှိတယ်၊ သူ့ကို "*ခင်ဗျား ဘယ်ကလာသလဲ*" လို့မေးမြန်းလိုက်တော့ သူက "*ကျုပ်က ရန်ကုန်ကပါပဲ၊ အလုပ်အကိုင်မရှိတော့လဲ ညောင်တုန်းဘက်က ကြီးတော်ကြီးဆီပြန်ပြီး မုန့်ဖိုးပဲဖိုးလေး သွားတောင်းတာပါ*" လို့ ပြောတယ်၊ ကျွန်တော်က တိုင်းပြည်ကိုကာကွယ်ဖို့ စစ်ထဲဝင်ပါလားလို့ စည်းရုံးလိုက်သေးတယ်၊ ဒါပေမယ့် သူက "*အမလေး.. မဝင်ပါရစေနဲ့ ဆရာရယ်၊ ကျုပ်က မိန်းမတောင်မရသေးပါဘူး*" လို့ပြောတယ်"

ဟုပြောလိုက်၏။

စုံထောက်လှမိုးက သက်ပြင်းချပြီး

"သူ့ရဲ့လိပ်စာကိုမှတ်မိလိုက်သလား"

ဟုမေးမြန်းလိုက်၏။ ဗိုလ်လှဘူးက

"သူ့ရဲ့ခရီးသွားလက်မှတ်ကိုတောင်းကြည့်တော့ ကြည့်မြင်တိုင် ကမ်းနားလမ်း ဆိုတာတော့ မှတ်မိတယ်"

ဟုပြောလေ၏။

စုံထောက်လှမိုးကဝိုလ်လှဘူးကိုကြည့်ပြီး

“ဒီအမှုနဲ့ ပတ်သက်တဲ့ သဲလွန်စတွေ ထပ်ရရင် ကျုပ်ကို သတင်းပို့ပေးပါ”

ဟုပြောပြီးမဂ်လာဗုံစစ်တပ်မှထွက်ခဲ့လေ၏။

စုံထောက်လှမိုးသည် တစ်လမ်းလုံး ဘီအိုင်အေ စစ်သား အသတ်ခံရသည့်ကိစ္စနှင့်ပတ်သက်ပြီး စဉ်းစားနေ၏။

စစ်ထောက်လှမ်းရေးဌာနသို့ပြန်သွားပြီး ဝိုလ်မှူးကြီး ထောကီး နှင့်တွေ့ကာ

“ဘီအိုင်အေ တပ်သားအသတ်ခံရတဲ့ အမှုမှာ လျှို့ဝှက်ချက် တစ်ခုပေါ်သွားလို့အသတ်ခံရတယ်လို့ သံသယဖြစ်မိတယ်”

ဟုဆိုလိုက်ရာဝိုလ်မှူးကြီးထောကီးက မျက်မှောင်ကြုတ်ပြီး

“ဒီလူ့ကို ဘီအိုင်အေက လူတွေက သူလျှိုတစ်ယောက်လို့ သံသယဖြစ်နေတာလား”

ဟုမေးမြန်းလိုက်၏။ဂျမဒါမင်းထင်က





“သူလျှိုတစ်ယောက် သိပ်ဖြစ်နိုင်တာပေါ့၊သူ့ကို ရနိုင်ရိုးမထဲမှာ လေထီးဆင်းနိုင်းပြီးမြစ်ဝကျွန်းပေါ်ဘက်ကနေ ရန်ကုန်ဘက်ကိုရောက်လာတာဖြစ်နိုင်တယ်”

ဟုပြောလေ၏။

ဝိုလ်မှူးကြီးထောကီးက ခေါင်းခါယမ်းပြီး

“ကျုပ်တော့ စပိုင်လို့မထင်ဘူး၊ ဘီအိုင်အေက လူတွေ ပုံကြီးချဲ့တယ်လို့ပဲကျုပ်ထင်တယ်၊ အချိန်မဖြုန်းစေချင်ဘူး”

ဟုပြောလေ၏။စုံထောက်လှမိုးသည်ဝိုလ်မှူးကြီးထောကီးကို အထင်သေးဟန်ဖြင့်ကြည့်ပြီး

“သတိဆိုတာ ပိုတယ်လို့ မရှိပါဘူး ဝိုလ်မှူးကြီး၊ကျွန်တော် စောင့်ကြည့်ပါဦးမယ်”

ဟုပြောဆိုပြီး အခန်းထဲမှ ထွက်ခဲ့လေ၏။

မည်သို့ပင်ဖြစ်စေ ဘီအိုင်အေတပ်သားတစ်ယောက်ကိုလုပ်ကြံသွားသော လူကိုမရရအောင် ရှာဖွေစုံစမ်းရန် ဆုံးဖြတ်လိုက်၏။

ထိုနောက် ပုလိပ်ဌာနများသို့ လူသတ်သမားနှင့်ပတ်သက်သော အချက်အလက်များကိုပေးပို့လိုက်ပြီး ရန်ကုန်မြို့ရှိဟိုတယ်နှင့်တည်းခိုခန်းများတွင်ဧည့်စာရင်းယူရန်နှင့်ဂျပန်ငွေစက္ကူအတုများကိုသတိထားစောင့်ကြည့်ရန်ညွှန်ကြားလိုက်လေ၏။

ပြီးနောက် သူလျှိုအသံလွှင့်ချက်များကို ကြားဖြတ်နားထောင်သော အသံဖမ်းဌာနသို့လည်းယခုရက်ပိုင်းအတွင်း အသံလွှင့်မှုများကိုသတိထားဖမ်းယူစေရန် စေခိုင်းလိုက်၏။

စုံထောက်လှမိုးသည်သူလျှိုနှင့်ပတ်သက်ပြီး လိုအပ်သမျှကိုညွှန်ကြားပြီးသောအခါကြည့်မြင်တိုင် ကမ်းနားဘက်တွင် သူလျှို၏သတင်းကိုထောက်လှမ်းရန်ကြံလေ၏။



စုံထောက်လှမိုးသည်လူသတ်သမား၏ခရီးသွားလက်မှတ်တွင်ပါဝင်သောကြည့်မြင်တိုင်ကမ်းနားဟူသောလိပ်စာအရကြည့်မြင်တိုင်ကမ်းနားသို့ထွက်ခဲ့လေ၏။

ကမ်းနားဘက်သို့ရောက်သောအခါမြင်းလှည်းသမားတစ်စု၏ကျားဝိုင်းသို့ဝင်ပြီး ကြည့်မြင်တိုင် ကမ်းနားမှာနေထိုင်သောစစ်မှုထမ်းတစ်ယောက်၏နေအိမ်ကိုစုံစမ်းလေ၏။

ထိုအခါကျားထိုးနေသောလူကြီးတစ်ဦးကစုံထောက်လှမိုး

ကိုမော့ကြည့်ပြီး

"မောင်ရင်ရှာနေတဲ့စစ်မှုထမ်းရဲ့နံမည်ကိုပြောဦးလေ"

ဟုမေးမြန်းလိုက်ရာ ဂျမဒါမင်းထင်က

"ဒါဆိုရင် ကော်ပြီ သူ့နံမည်ကိုကျွန်တော်မေ့နေပြီ၊ လူကိုမြင်ရင်တော့မှတ်မိပါတယ်"

ဟုပြောလေ၏။ ထိုအခါကျားထိုးနေသော လူကြီးက

"ဒီနေ့ခေတ်မှာ ဗိုလ်ချုပ်ကို ကြည်ညိုပြီးဘီအိုင်အေထဲ ဝင်တဲ့သူ သိပ်များတယ်၊ မောင်ရင်ရှာနေတဲ့စစ်မှုထမ်းဆိုတာ ဘီအိုင်အေစစ်မှုထမ်းလား၊ အင်္ဂလိပ်ခေတ်က စစ်မှုထမ်းလား"

ဟုမေးမြန်းလေ၏။ ထိုအခါ စုံထောက်လှမိုးက

"ဘီအိုင်အေကပ်သား မဟုတ်ပါဘူး၊ သူက အင်္ဂလိပ်ခေတ်ကတပ်သားပါ"

ဟုဆိုလိုက်ရာ ကျားထိုးနေသော လူကြီးက

"ဒါဆိုရင်တော့ မောင်ရင်ရှာနေတဲ့သူဟာ ဂျမဒါမင်းထင်ဖြစ်





လိမ့်မယ်၊ ဥပတိရုပ် ကောင်းပြီး ယောက်ျားပီသတယ်လေ၊ နေပါဦး မောင်ရင်တို့ အသိအကျွမ်းဖြစ်တာ မက်ဆိုပိုတေးမီးယားမှာလား"

ဟုမေးမြန်းလေ၏။ စုံထောက်လှမိုးက ရမ်းသမ်းပြီး

"ဟုတ်ပါတယ်၊ မက်ဆိုပိုတေးမီးယားမှာပါ"

ဟုဖြေလိုက်၏။

ထိုအခါ ကျားထိုးနေသော လူကြီး၏ မျက်နှာ ဝင်းပသွားပြီး

"ဒါဆိုရင်တော့ ဂျမဒါမင်းထင် ဘယ်လောက်သတ္တိကောင်းတယ် ဆိုတာ မောင်ရင် သိမှာပေါ့၊ ငါတို့ကြည့်မြင်တိုင်သားတွေဟာ ဂျမဒါမင်းထင်အတွက် ဂုဏ်ယူနေရတာကွ၊ သူ့အိမ် ဆိုရင်တော့ ဟိုးရှေ့နားက တစ်ထပ်အုတ်တိုက်နီလေးပဲ၊ ဒါပေမယ့် သူ့မိဘတွေ မရှိရှာတော့ဘူး၊ သူကိုယ်တိုင်လဲ စစ်ပြေးတုန်းက အင်္ဂလိပ်တွေနဲ့ ပါသွားတယ်ဆိုတော့ အိမ်မှာဘယ်သူမှ ရှိမှာမဟုတ်ဘူး"

ဟုပြောလေ၏။ ထိုအခါ စုံထောက်လှမိုးက စိတ်ပျက်ဟန်ဖြင့်

"ဟင်...ဒါဆိုရင် ဂျမဒါမင်းထင်နဲ့ မတွေ့နိုင်တော့ဘူးပေါ့၊ ကျုပ်

ကသွန်လေ့ရှက်ငိုက်နေသော"

ရုတ်ချည်းတစ်ဖြင့် ပြောလိုက်ပြီး ကျွန်းနိုင်ငံမှ ပြန်ထွက်လာ

ခဲ့၏။

စုံထောက်လှမိုးသည် ဂျစ်ကားပေါ်သို့တက်ပြီး အုတ်တိုက်နီလေးဆီသို့မောင်းနှင်ခဲ့လေ၏။

အုတ်တိုက်နီလေး ရှိသော ခြံတံခါးကို ပေါင်းနှမ်းသော သော့ခလောက်တစ်လုံးဖြင့် ခတ်ထားပြီး လူသူကင်းရှင်းနေသဖြင့် စုံထောက်လှမိုးသည်ခြံတံခါးကိုကျော်လွှားပြီး ဝင်ရောက်ခဲ့လေ၏။

ခြံဝန်းထဲသို့ ရောက်သောအခါ အုတ်တိုက်နီလေး အနီးသို့ ချဉ်းကပ်ပြီးအိမ်တံခါးကိုမစေ့တစေ့ဖြင့်ဖွင့်ကာ အိမ်ထဲသို့ဝင်ခဲ့၏။

အိမ်ထဲသို့ရောက်သောအခါ ရိုးရှင်းသော အိမ်ထောင်ပရိ

ဘောဂများကိုသာမြင်တွေ့ရပြီးအိမ်ထဲတွင်ဖုံအနည်းငယ်သာတွေ့ရ သဖြင့်အိမ်ကိုလ၊၂ရောက်ရှင်းလင်းပေးသူရှိပုံရ၏။

စုံထောက်လှမိုးသည် အိမ်ထဲတွင် ဂျမဒါမင်းထင်နှင့် ပတ် သက်သော သဲလွန်စကိုရှာဖွေလေ၏။

သို့သော် ထူးခြားသော သဲလွန်စကို မတွေ့ရဘဲ အံဆွဲတစ်ခု အတွင်း၌စစ်ဝတ်စုံဖြင့်ရိုက်ကူးထားသော ဂျမဒါမင်းထင်၏ဓာတ်ပုံ တစ်ပုံကိုသာ တွေ့ရ၏။

ဓာတ်ပုံထဲတွင် မြင်ရသော ဂျမဒါမင်းထင်သည် လွန်စွာ ယောကျာ်းပီသပြီး ဆွဲဆောင်အားကောင်းသော လူတစ်ယောက် ဖြစ်၏။

စုံထောက်လှမိုးသည် ဂျမဒါမင်းထင်၏ တစ်ပုံတည်းသော ဓာတ်ပုံကိုယူပြီးအိမ်ထဲမှဟန်မပျက်ပြန်ထွက်ခဲ့လေ၏။

ဂျမဒါမင်းထင်၏ ဓာတ်ပုံရလိုက်ခြင်းသည်ပင်လျှင် သူ့ အတွက်အမြတ်ဖြစ်၏။



စုံထောက်လှမိုး အုတ်တိုက်နီလေးထဲမှ ပြန်ထွက်လာချိန် တွင် တစ်ဖက်လမ်းမရှိရေအိုးစင်ရှေ့တွင် စုတ်ခြာသော အဝတ် အစားများ ဝတ်ဆင်ထားသော လူတစ်ယောက် ရှိနေပြီးထိုသူက တက်ခေါက်ကာ

"တောက်…ဒီလူတွေ ခြေလှမ်းကြဲလှချည်လား၊ငါတောင် ရန်ကုန်ပြန် မရောက်သေးဘူး၊ငါ့အိမ်ရှေ့ကို ဂျပန်စစ်ထောက်လှမ်း ရေးကရောက်နေပြီ"

ဟုရေရွတ်လိုက်လေ၏။

ဂျမဒါမင်းထင်သည် အုတ်တိုက်နီကလေး၌ မိမိငယ်စဉ် တောင်ကျေးကလေးဘဝက နေထိုင်ခဲ့ပုံကိုပြန်လည်မြင်ယောင်လာ ၏။

မိမိငယ်စဉ်က ဆရာကြီးဦးဘတိုးကျောင်းသို့ နေ့စဉ် မြင်း ရထားစီးပြီး ကျောင်းတက်ခဲ့ပုံကို သတိရ၏။

လေးတန်းအောင်သောအခါ သာသနာပြုကျောင်းသို့ပြောင်း တက်ခဲ့ရ၏။ ထိုနောက်ရွှန်းတားခြင်းကိုဝါသနာထုံသော ဂျမဒါမင်းထင် သည် မိခင်ကသဘောမတူသည့်ကြားက စစ်ထဲသို့ မရမက ဝင်ပြီး ရွှန်ရွှန်းတားတား တိုက်ပွဲဝင်ခဲ့၏။

ဂျမဒါမင်းထင် မက်ဆိုပိုတေးမီးယား၌ တိုက်ပွဲဝင်နေစဉ် မိခင်ကြီးသေဆုံးသွားခဲ့၏။

ထို့နောက် ဖခင်ကြီးလည်း ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားခဲ့ ၏။ မိဘနှစ်ပါးဆုံးပါးသွားသဖြင့် ဂျမဒါမင်းထင် မြန်မာပြည်သို့ မပြန်





ဖြစ်တော့ဘဲ ဗုဒ္ဓဂါယာ၌ သာသနာဘောင်ဝင်ခဲ့ခြင်းဖြစ်၏။

ယခုငယ်စဉ်တောင်ကျေး ကလေးဘဝက နေထိုင်ခဲ့သော အိမ်သို့ လွမ်းဆွတ်သတိရစိတ်ဖြင့် ရောက်ရှိခဲ့ခြင်းဖြစ်၏။

ခရီးသွားလက်မှတ်တွင် ပါရှိသော မိမိအိမ်လိပ်စာကို ဘီအိုင် အေစစ်ဗိုလ်က မှတ်မိသွားပုံရ၏။

ခရီးသွားလက်မှတ်အစစ်ကို ထုတ်ပြခဲ့ခြင်းသည် ပင်လျှင်မိမိ အမှားဖြစ်၏။ ဗြိတိသျှတို့ပြုလုပ်ပေးသော ခရီးသွားလက်မှတ်အတု များကို ယုံကြည်မှုမရှိသဖြင့် ခရီးသွားလက်မှတ်အစစ်ကို ထုတ်ပြခဲ့ ခြင်းဖြစ်၏။

ယခုတော့ မိမိ၌ ရန်ကုန်မြို့မှာ နားခိုစရာပင် မရှိတော့ချေ။ မိခင်၏အမျိုးနီးစပ်များသံလျင်ဘက်တွင်ရှိသော်လည်း ထိုအရပ်သို့ သွားရန်မဖြစ်နိုင်ချေ။

ဂျပန်စစ်တပ်က အလွယ်တကူ စုံစမ်းရရှိသွားနိုင်၏။

ရန်ကုန်မြို့ရှိ တည်းခိုခန်းတစ်ခုတွင် တည်းခိုလျှင်လည်း ဂျပန်

ထောက်လှမ်းရေးကပ်ဂိုတယ်များ၊တည်းခိုခန်းများတွင်မိမိနှင့်ပတ်သက်သောအကြောင်းအချက်များကိုသတင်းပေးပို့ထားပုံရ၏။

ဂျပန်စစ်ထောက်လှမ်းရေး သာမက ပုလိပ်ဘက်မှ လူများလည်းမိမိကိုဝိုင်းဝန်းရှာဖွေနေပုံရ၏။

ဂျမဒါမင်းထင်သည်ကမ်းနားလမ်းတလျှောက် သွားလာရင်းကြည့်ရှုလေရာ ရန်ကုန်ဆိပ်ကမ်းတလျှောက်လုံး ဗုံးဒဏ်ကြောင့်အတော်ပင်ပျက်ဆီးနေကြောင်းတွေ့ရ၏။

သိမ်ကြီးဈေးဘက်၌လည်းဗုံးဒဏ်ထိအဆောက်အဦးများကိုမြင်ရလေ၏။

လန်ချားဆွဲသောကုလားများပင်ပြန်ပြေးနေကြသဖြင့်သွားရေးလာရေးခက်ခဲသောကာလဖြစ်၏။

ဂျမဒါမင်းထင်သည် ရန်ကုန်မြို့ထဲတွင် [illegible]က်သွားရင်းခြေထောက်များလေးလံလာသဖြင့်နောက်ဆုံးတွင် ရွှေ[illegible]ဂုံဘုရားခြေရင်းရှိဇရပ်များတွင်သွားရောက် နားခိုရန် ဆုံးဖြတ်လိုက်၏။





ဂျမဒါမင်းထင်သည်ရွှေတိဂုံဘုရားခြေရင်းရှိဇရပ်သို့ရောက်သောအခါ သူ၏သားရေအိတ်ကိုချပြီး ဇရပ်ကြမ်းပြင်တွင် ခြေပစ်လက်ပစ်လှဲချလိုက်၏။

ထိုသို့လှဲချရင်း ဇရပ်တိုင်လုံးပေါ်တွင် ကပ်ထားသော ရွှေမိုးညိုအငြိမ့်ကြော်ငြာစာရွက်တစ်ခုကိုမြင်ပြီး ဂျမဒါမင်းထင်၏မျက်နှာဝင်းပသွားလေ၏။

စာရေးဆရာမရွှေမိုးညိုသည် ရန်ကုန်မြို့ထဲရှိ အိန္ဒိယလူမျိုးများပိုင် လက်ရှင်းပုံနှိပ်တိုက်၌ သူမ၏ စာအုပ် ရိုက်နှိပ်ရန် အပ်နှံပြီး အင်းစိန်အိမ်သို့ပြန်လာခဲ့လေ၏။

ရွှေမိုးညိုသည်တစ်နေ့လုံးရန်ကုန်မြို့ထဲတွင် ပင်ပန်းနွမ်းနယ်နေသဖြင့် အိမ်သို့ရောက်သောအခါ ရေချိုးခန်းထဲသို့ ဝ. နှ်းဝင်ပြီး ရေမိုးချိုးလိုက်လေ၏။





ရေချိုးခန်းထဲမှပြန်ထွက်ပြီး မှန်တင်ခုံရှေ့တွင် အဝတ်အစားလဲနေစဉ် မှန်ထဲ၌ ပုံရိပ်တစ်ခုကိုမြင်လိုက်ရသဖြင့် တုန်လှုပ်ချောက်ချားပြီး ကမန်းကတန်း လှည့်ကြည့်ကာ

“ဘယ်သူလဲ၊ဘာလို့ကျွန်မ အခန်းထဲကိုရောက်နေတာလဲ”

ဟု အထိတ်တလန့်ဖြင့် မေးမြန်းလိုက်၏။

ထိုအခါ မှောင်ရိပ်ထဲကလူက တိုးတိုးရယ်မောလိုက်ပြီး

“လောကမှာ နင့်သူငယ်ချင်း လူစွန့်စားတစ်ယောက်ရှိတယ်ဆိုတာ နင်မေ့နေပြီလား”

ဟုမေးမြန်းလိုက်ရာ ရွှေမိုးညိုသည် မှောင်ထဲကလူကို သေချာစွာကြည့်ပြီး

“ဟင်..မင်းထင်..မင်းထင် သူငယ်ချင်း”

ဟုရေရွတ်လိုက်ရာ မှောင်ထဲကလူက ရယ်မောလိုက်ပြီး

“ငါ့ကို လူတွေက ဂျမဒါမင်းထင်လို့ ခေါ်ကြတယ် မိုးညို”

ဟုဆိုလိုက်၏။

အငြိမ်းစားသမီးရွှေနှီးညိုက ဂျမဒါမင်းထင်ကို ဝမ်းသာအားရ မျှော်ကြည့်လိုက်ပြီး

“အမလေး...မင်းထင်ရယ်... နင့်ကို ငါပြန်တွေ့ရတာ ဝမ်းသာလိုက်တာ သူငယ်ချင်းရယ်...ဘာလို့ မြန်မာပြည် ပြန်မလာတာလဲ ဦးလေးနဲ့ အဒေါ်လဲ မရှိတော့ဘူး”

ဟုပြောလေ၏။ ဂျမဒါမင်းထင်က သက်ပြင်းချပြီး

“အဖေနဲ့အမေဆုံးတာ ငါသိပါတယ်၊ မြန်မာပြည်မှာ ငါ့အတွက် သံယောဇဉ်တွယ်စရာ ဘာတစ်ခုမှ မရှိတော့ဘူး၊ ငါဘာလို့ပြန်လာမှာလဲ”

ဟုပြောလေ၏။

ဂျမဒါမင်းထင်၏စကားကြောင့်ရွှေနှီးညိုက နှုတ်ခမ်းစူလိုက်ပြီး

“သံယောဇဉ်တွယ်စရာ ဘာတစ်ခုမှမရှိတော့ဘူးဟုတ်လား၊ ဒါဆိုရင် နင်ဘာလို့ပြန်လာခဲ့တာလဲ”





ဟုမေးမြန်းလိုက်၏။

ဂျမဒါမင်းထင်က ရွှေနှီးညိုကိုကြည့်ပြီး

“မြန်မာပြည် ဖက်ဆစ်လက်က လွတ်မြောက်ဖို့အတွက် ငါ ပြန်လာတာ”

ဟုပြောလေ၏။

ဂျမဒါမင်းထင်၏စကားကြောင့်ရွှေနှီးညိုက

“ဖက်ဆစ်တွေကို ဆန့်ကျင်မယ်ဟုတ်လား၊ ကင်ပေတိုင်က ဂျပန်တွေသိပ်ရက်စက်တယ်၊ နင်မကြောက်ဘူးလား”

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်က

“ငါ့လိုလူက ကင်ပေတိုင်ကို ကြောက်ရမှာလား၊ မက်ဆိုပိုတေးမီးယားမှာ ဒီထက်ကြမ်းတမ်းတဲ့ တိုက်ပွဲတွေ ဝင်လာခဲ့ပြီးပြီ၊ ငါအခု ဗြိတိသျှစပိုင်အနေနဲ့ မြန်မာပြည်ကိုပြန်လာတာ၊ လောလောဆယ် ငါ့မှာ နေစရာအခက်အခဲဖြစ်နေတယ်”

ဟုအစချီကာ သူ၏နောက်ကြောင်းကို ပြောပြလေ၏။

ဂျမဒါမင်းထင်၏ စကားကို အစအဆုံး နားထောင်ပြီး ရွှေမိုးညိုက

"ဟင်...ဒါဆိုရင် နင်တကယ်ပဲဗြိတိသျှစပိုင်ဖြစ်နေပြီပေါ့"

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်က ခေါင်းညိတ်ပြီး

"ဟောဒီမှာရေဒီယိုအသံလွှင့်စက်၊ ဟောဒါက မြန်မာပြည်မှာ ငါလှုပ်ရှားဖို့ဗြိတိသျှစစ်တပ်က ပေးလိုက်တဲ့ပိုက်ဆံတွေ"

ဟုဆိုလိုက်ရာ ရွှေမိုးညိုက ပိုက်ဆံအိတ်ကို ကြည့်ပြီး

"အမလေးပိုက်ဆံတွေက မနည်းပါလား"

ဟုရေရွတ်လေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်ပြီး

"ဟုတ်တယ်၊ မြန်မာပြည်ထဲမှာ ငါအစွမ်းကုန် လှုပ်ရှားပြီး ဗြိတိသျှစစ်တပ်ကို ကူညီရမယ်၊ ဒီအတွက် နင့်ရဲ့ အကူအညီလဲ အများကြီးလိုအပ်တယ်၊ နင်ငါ့ကို ကူညီမယ်မဟုတ်လား"

ဟုမေးမြန်းလိုက်ရာ ရွှေမိုးညိုက သက်ပြင်းချပြီး

"နင့်အတွက်ဆိုရင်တော့ ငါကူညီရမှာပေါ့၊ ဖက်ဆစ်တွေကို





လဲ ငါသိပ်မုန်းနေတာနဲ့ အတော်ပဲ၊ ရွာမှာကျန်ခဲ့တဲ့ ငါ့အဖေနဲ့ ငါ့မောင်လေး ဂျပန်သတ်လို့သေခဲ့တယ်၊ သူတို့ကို လက်စားချေရမယ်"

ဟုပြောလေ၏။

ဂျမဒါမင်းထင်က ရွှေမိုးညို၏စကားကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီး

"ဒါဆိုရင်တော့ ငါတို့နှစ်ယောက် ပေါင်းပြီးဖက်ဆစ်တွေကို ရင်ဆိုင်ကြတော့ပေါ့"

ဟုပြောလိုက်လေ၏။

ဂျမဒါမင်းထင်သည် ရွှေမိုးညိုက မိမိကို ကူညီမည်ဆိုသဖြင့် များစွာစိတ်အားတက်ကြွသွားလေ၏။

ရွှေမိုးညိုနှင့်ဂျမဒါမင်းထင်သည် ငယ်စဉ်ကပင် အိမ်နီးချင်းများဖြစ်ကြပြီး တစ်ဦးနှင့်တစ်ဦး နှစ်အိ ်တစ်အိမ်ဖြစ်ခဲ့၏။

ဂျမဒါမင်းထင် ငယ်ငယ်ရွယ်ရွယ်နှင့်စစ်ထဲဝင်သွားစဉ်က ရွှေမိုးညိုတစ်ယောက် နမြောတသ မဆုံးဖြစ်ခဲ့၏။ ရွှေမိုးညိုသည်

ဂျမဒါမင်းထင်ကိုမြို့စုပ်အစရေးပိုင်ကဲ့သို့အရာရှိအရာခံဖြစ်စေချင်သူ ဖြစ်၏။ နောက်ပိုင်းတွင် သူတို့နှစ်ယောက် နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့ပြီးတစ်ကြိမ်နှစ်ကြိမ်သာ ပြန်လည်တွေ့ဆုံခဲ့၏။

နောက်တစ်နေ့သို့ ရောက်သောအခါ ဂျမဒါမင်းထင်သည် ရန်ကုန်မြို့ထဲသို့ တစ်ကိုယ်တည်း ထွက်သွားပြီး နေ့လယ်စာ စားချိန်တွင်အိမ်သို့ပြန်ရောက်လာကာ ရွှေမိုးညိုလက်ထဲသို့အညိုရောင်အထုပ်ကြီး တစ်ထုပ်ကို ကမ်းပေးလိုက်ပြီး

"ဟောဒီမှာ ငါတို့နှစ်ယောက်ဇက်ဆစ်ကိုတော်လှန်မဲ့အထိမ်းအမှတ်အနေနဲ့ ဝယ်လာတဲ့စားစရာတွေ"

ဟုပြောလိုက်၏။

ရွှေမိုးညိုက အထုပ်ကြီးကိုဖွင့်ကြည့်လိုက်ပြီး

"ဟင်...ငါးရံခြောက်၊ ဝက်ပေါင်ခြောက်၊ ငါးသေတ္တာ၊ နို့ဆီ၊ ကော်ဖီမှုန့်၊ ပေါင်မုန့်၊ ခေါက်ဆွဲခြောက်၊ ချောကလက်၊ အသားဘူး၊ ငါးဘူးများ။ ဒိန်ခဲ၊ ဂျုံပလေးယားဆိပ် စီးကရက် ၂ အိုး...စုံလို့ပါလား၊ ဂျပန်ခေတ်မှာ ဒီပစ္စည်းတွေက ရွှေထက်ရှားတယ်၊ နင်ဒါတွေကို ဘယ်ကများရှာဝယ်လာတာလဲ"

ဟုမေးမြန်းလိုက်ရာ ဂျမဒါမင်းထင်က ရယ်မောလိုက်ပြီး

"အလုံကမ်းနားက မှောင်ခိုဈိုင်က သွားဝယ်လာတာ၊ ဒီပစ္စည်းတွေကို ဂျပန်တွေမသိအောင် လျှို့ဝှက်ပြီးရောင်းနေတဲ့ ဘီလေးဘိုင်ဆိုတာရှိတယ်လေ၊ ပိုက်ဆံသာပေးရင် ဘီလေးဘိုင်ဆီမှာ ဘာမဆိုရတယ်၊ ဘီလေးဘိုင်ဟာ ရန်ကုန်မြို့ရဲ့ဂျင်ပဲ"

ဟုပြောလိုက်၏။

ခဏအကြာတွင် ရွှေမိုးညိုသည် မီးဖိုချောင်သို့ဝင်ပြီး ညနေစာအတွက် ချက်ပြုတ်လေ၏။ ထိုအချိန်၌ ဂျမဒါမင်းထင်သည် အသံလွှင့်စက်ကို ဖွင့်ပြီး ကလကတ္တား စစ်ဌာနချုပ်သို့ရန်ကုန်မြို့သို့ ရောမောစွာ ရောက်ရှိကြောင်း သတင်းပို့လိုက်၏။





ဂျမဒါမင်းထင် သတင်းပို့ပြီးချိန်၌ ရွှေမိုးညို မီးဖိုထဲက ထွက်လာပြီး

"ညစာစားလို့ရပြီ"

ဟုပြောလေ၏။

ထိုနေ့က ရွှေမိုးညို၏လက်ရာ ထမင်းဟင်းများကိုမြိန်ရှက်စွာ စားကြ၏။ ညစာ စားပြီးနောက် တစ်ယောက်တစ်ခန်းစီသွားကာ အိပ်စက်လိုက်ကြ၏။

ဂျမဒါမင်းထင်နှင့်ရွှေမိုးညိုသည် သွေးမတော်သားမစပ်သူများဖြစ်သော်လည်း သူငယ်ချင်း သံယောဇဉ်ကြောင့် ရိုးသားစွာ နေထိုင်နိုင်ခဲ့၏။

စုံထောက်လှမိုးသည်ကြည့်မြင်တိုင်ကမ်းနားရှိအုတ်တိုက်နီလေးမှ ရရှိသော ဂျမဒါမင်းထင်၏ဓာတ်ပုံကို ယူကာ မင်္ဂလာဒုံ စစ်တပ်သို့သွားပြီး ဗိုလ်လှဘူးကို ပြလိုက်ရာ ဗိုလ်လှဘူးက အထိတ်တလန့်အော်ဟစ်လိုက်ပြီး

"ကျုပ်တို့စစ်သားကို သတ်သွားတာ ဒီလူပဲဗျို့ လက်စသတ်တော့ သူက ဗြိတိသျှစစ်တပ်က ဂျမဒါတစ်ယောက်ပါလား၊ ဒါဆိုရင် ဒီလူမပိုင်ဆိုတာ သေရှာသွားပြီ"





ဟုအော်ဟစ်လိုက်၏။

စုံထောက်လှမိုးက သက်ပြင်းချလိုက်ပြီး

"သေရှာရဲ့လားဗျာ"

ဟုဆိုလိုက်ရာ ဗိုလ်လှဘူးက ခေါင်းညိတ်ပြီး

"သေရှာပါတယ် ဆရာရယ်...မယုံရင် ကျုပ်ရဲဘော်တွေကို ခေါ်ပြီးသက်သေပြမယ်"

ဟုဆိုကာ ဂျမဒါမင်းထင်ကို မော်တော်ပေါ်တွင် မြင်လိုက်သော ရဲဘော်အချို့ကို ခေါ်ပြီး ဓာတ်ပုံကိုပြသလိုက်ရဲဘော်များ အားလုံးလူသတ်သမားဟု အထိတ်တလန့်အော်ဟစ်လိုက်ကြ၏။

စုံထောက်လှမိုးသည် ဘီအိုင်အေရဲဘော် လုပ်ကြံခံရခြင်း ကိစ္စသေရှာသွားသောအခါ ဂျပန်စစ်ထောက်လှမ်းရေး ဌာနသို့ သွားပြီး ဗိုလ်မှူးကြီးဆာကီးနှင့်တွေ့ဆုံကာ ဘီအိုင်အေတပ်သား အားဗြိတိသျှစပိုင် ဂျမဒါမင်းထင် ဓိုသူ လုပ်ကြံသွားကြောင်းတိကျသော အထောက်အထားများဖြင့်တင်ပြလိုက်သောအခါဗိုလ်မှူးကြီး

တောဂျို မျက်လုံးပြူးသွားပြီး

"ဟာ...ဒါဆိုရင် ဒီကိစ္စကို ပေါ့လို့ မဖြစ်တော့ဘူး၊ စုံစမ်းတာကို လုပ်၊ သေသေချာချာ ကိုင်တွယ်ပါ။ ကျုပ်ဒီအကြောင်းကို အဓိပတိ ဒေါက်တာဘမော်ကို အစီရင်ခံမှဖြစ်မယ်"

ဟုကမန်းကတန်း ပြောလိုက်လေ၏။

၁၉၄၂ခုနှစ် မေလတွင် မြန်မာ့လွတ်လပ်ရေး တပ်မတော် ဖျက်သိမ်းရေးနှင့်ပတ်သက်သော အစည်းအဝေးတစ်ရပ်ကို မေမြို့၊ ဂျပန် စစ်ဌာနချုပ်တွင် ကျင်းပလေ၏။

ထိုအစည်းအဝေးကို စစ်သေနာပတိချုပ် ဗိုလ်ချုပ် အောင်ဆန်းနှင့်အဓိပတိ ဒေါက်တာဘမော်တို့တက်ရောက်ကြလေ၏။

ထိုပွဲသို့ဂျပန်ထိပ်တန်းအရာရှိကြီးများလည်းတက်ရောက်ကြပြီး ဂျပန်အရာရှိကြီးများသည် အစည်းအဝေးခန်းမထဲသို့ ဝင်ရောက်လာမည့်ဗိုလ်ချုပ်အောင်ဆန်းကို စိတ်ဝင်တစား စောင့်

ကြည့်နေကြ၏။

ထိုအချိန်၌ ဂျပန်အရာရှိကြီးများသည် ဘီအိုင်အေ စစ်ဗိုလ်အချို့၏ မာန်မာနလောင်လျှားသော အမူအယာကို အမြင်မကြည်လင်သော အချိန် ဖြစ်၏။

ထိုပွဲ၌ ဗိုလ်ချုပ်အောင်ဆန်းကို မည်သို့မြင်တွေ့ရမည်နည်း ဟုစိတ်ဝင်တစားစောင့်ကြည့်နေကြ၏။

ခဏအကြာတွင် ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏ထုံးစံအတိုင်း ဆံပင်ဘိုသီဘတ်သီဖြင့် ကြေမွနေသော စစ်ဝတ်စုံကိုဝတ်ဆင်ပြီး အစည်းအဝေးခန်းမထဲသို့ ဝင်ရောက်လာလေရာ ဗိုလ်ချုပ်အောင်ဆန်းကို မမြင်ဘူးသော ဂျပန်အရာရှိကြီးများ မြင်မြင်ခြင်းနှစ်သက်သွားကြ၏။

ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏ကိုယ်ပိုင်အမူအယာအတိုင်း ဟန်ပန်မလုပ်ဘဲ ပကတိရိုးရှင်းသော အမူအယာဖြင့် ဂျပန်အရာရှိကြီးများကို ဆက်ဆံလေရာ ဂျပန်အရာရှိကြီးများ ဗိုလ်ချုပ်





အောင်ဆန်းကို လွန်စွာ ကြည်ညိုလေးစားသွားလေ၏။

ထိုအစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက ဂျပန်ဗိုလ်ချုပ် "အီကီး"၊ ဗိုလ်ချုပ် "နာစု" စသော အရာရှိကြီးများထံတွင် မြန်မာ့လွတ်လပ်ရေးတပ်မတော် ဘီအိုင်အေကို ဖျက်သိမ်းပြီး မြန်မာ့ကာကွယ်ရေးတပ်မတော် ဘီဒီအေကို ဖွဲ့စည်းခြင်းနှင့်ပတ်သက်သော အကြံဉာဏ်များကို ပေးလေ၏။

အစည်းအဝေးပြီးသောအခါ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါက်တာဘမော်သည် ဂျပန်အရာရှိကြီးများနှုတ်ဆက်ပြီးနောက် တည်းခိုဆောင်များရှိရာသို့ လမ်းခွဲထွက်သွားကြ၏။

ထိုအခိုက်မှာပင် ဗိုလ်ချုပ်အောင်ဆန်း၏အနီးသို့ ဗိုလ်မှူးတစ်ဦး ရောက်လာပြီး

"အရေးကြီးတဲ့ သတင်းတစ်ပုဒ်ပြောချင်လို့ပါ ဗိုလ်ချုပ်"

ဟုဆိုလိုက်ရာ ဗိုလ်ချုပ်အောင်ဆန်းက မျက်မှောင်ကြုတ်ပြီး

"ဘာသတင်းလဲကွ"

ဟုမေးမြန်းလိုက်၏။ ဗိုလ်မှူးက

"စစ္ဆေးမှုနဲ့ ညောင်တုန်းဘက်အကူးမှာ ဘီအိုင်အေစစ်သား တစ်ယောက် အသတ်ခံရတယ် ဗိုလ်ချုပ်၊ သတ်တဲ့သူက ဗြိတိသျှ စပိုင်တစ်ယောက်ပဲ"

ဟုဆိုလိုက်ရာ ဗိုလ်ချုပ်အောင်ဆန်းက သက်ပြင်းချပြီး

"စပိုင်က မြန်မာလူမျိုးပဲလား"

ဟုမေးမြန်းလိုက်ရာ သတင်းပို့သူ ဗိုလ်မှူးက

"မြန်မာလူမျိုး ဂျမဒါမင်းထင် ဆိုသူပါ ဗိုလ်ချုပ်၊ ဗြိတိသျှတွေ ရှေးသကတည်းက လွှတ်လိုက်ပုံရတယ်"

ဟုဆိုလိုက်၏။

ဗိုလ်ချုပ်အောင်ဆန်းက ခေါင်းခါယမ်းလိုက်ပြီး

"ဖက်ဆစ်စနစ်ကြောင့် အိမ်ကြက်မျှင်း အိုးမည်းသုတ်သလို ဖြစ်နေပြီ၊ ဂျမဒါမင်းထင်ကို ဂျပန်စစ်ထောက်လှမ်းရေးက လိုက်နေပြီပါ"





ဟုမေးမြန်းလိုက်ရာ ဗိုလ်မှူးက ခေါင်းညိတ်ပြီး

"ဂျပန်စစ်ထောက်လှမ်းရေးနဲ့ ရန်ကုန် ပုလိပ်ဘက်ကပါ ပေါင်းပြီးလိုက်နေပါတယ် ဗိုလ်ချုပ်၊ ဒီအမှုကို အဓိက တာဝန်ယူထားတဲ့ ပုဂ္ဂိုလ်က ဗိုလ်မှူးကြီးဆာကီးပါ"

ဟုပြောလေရာ ဗိုလ်ချုပ်က မျက်မှောင်ကြုတ်ပြီး

"ဒီကောင်တွေ တစ်နေ့ ငါတို့မြေက မောင်းထုတ်ပစ်ရမယ်၊ မင်းတို့ အားလုံးသတိမပြတ်စေနဲ့"

ဟုမှာကြားပြီး တည်းခိုဆောင်ထဲသို့ဝင်သွားလေ၏။

အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ရှိ စစ်ရုံးကြီး၌ ဗြိတိသျှဗိုလ်ချုပ် ဟူးဘတ်ရန်နှင့်ဗိုလ်ချုပ်စလင်း တို့ဦးဆောင်သော စစ်အရာရှိကြီးများသည် အရှေ့တောင်အာရှစစ်မျက်နှာနှင့်ပတ်သက်ပြီး ဆွေးနွေးနေလေ၏။

ထိုဆွေးနွေးပွဲသည် ငြင်းခုန်မှု၊သဘောထား ကွဲလွဲမှုများနှင့်ဥနာရီအကြာတွင်အဆုံးသတ်သွားလေ၏။

အစည်းအဝေးပြီးဆုံးသောအခါ ဗိုလ်ချုပ်ဟူးဘတ်ရန် နှင့်





ဗိုလ်ချုပ်စလင်းတို့သာ အစည်းအဝေး ခန်းထဲတွင် ကျန်ခဲ့၏။

ဗိုလ်ချုပ်ဟူးဘတ်ရန်က ကော်ဖီကို မော့သောက်လိုက်ပြီး

"မြန်မာပြည်သိမ်း တိုက်ပွဲမှာ ခင်ဗျားဦးဆောင်ရဖို့များတယ်၊ ခင်ဗျားဘယ်လိုပြင်ဆင်ထားပြီလဲ၊ ဂျပန်တွေက ပြုလဲနေတာတောင် ရအောင်ပြန်ထမဲ့ကောင်တွေ၊ ခင်ဗျားလွှတ်သမျှစပိုင်တွေကတော့ မစွံဘူးလို့ကြားတယ်"

ဟုမေးမြန်းလိုက်ရာ ဗိုလ်ချုပ်စလင်းက

"ကျုပ်ရဲ့အတော်ဆုံးသူစပိုင်တစ်ယောက်ကို လွှတ်ထားပါတယ်၊ ဒီလူကတော့ ကျုပ်ကိုအကျိုးပြုမယ် ထင်တယ်"

ဟုဆိုလိုက်ရာ ဗိုလ်ချုပ်ဟူးဘတ်ရန်က ခေါင်းညိတ်ပြီး

"မြန်မာပြည်က ကျုပ်တို့ နောက်တစ်ကြိမ် မပြေးချင်ဘူး၊ ခင်ဗျားပြောသလိုဖြစ်ပါစေ လို့ဆုတောင်းလိုက်ပါတယ်"

ဟုပြောကာ အဝေးဆီသို့ငေးကြည့်နေလေ၏။

စုံထောက်လှမိုးသည်ဂျပန်ထောက်လှမ်းရေးဌာနကပြန်လာပြီးသားဖြစ်သူအတွက်ဗီယာနာကဗီးတွင်ကိတ်မုန့်ဝယ်ယူနေစဉ်

"ကလေးလက်ဆောင် ဝါးသေနတ်ကလေးတွေနော်၊ တစ်လက်မှတစ်ပြားတည်းပါ"

ဟုသောအသံကိုကြားရသဖြင့်လှည့်ကြည့်လိုက်ရာကလေးကစားစရာရောင်းသောမိန်းမသည်မိမိနှင့်သိကျွမ်းသော မစိန်ကြည်ဆိုသောမိန်းမဖြစ်ကြောင်းတွေ့ရလေ၏။





စုံထောက်လှမိုးသည်စိန်ကြည်၏အနီးသို့ကပ်သွားပြီး

"စိန်ကြည်..စိန်ကြည်မဟုတ်လား"

ဟုမေးမြန်းလိုက်ရာ ထိုမိန်းမက စုံထောက်လှမိုးကို မှတ်မိသွားပြီး

"ဟင်..ကျွန်မတို့ပြန်တွေ့ပြန်ပြီနော်"

ဟုအံ့သြဟန်ဖြင့်ရေရွတ်လေ၏။

စုံထောက်လှမိုးသည်စိန်ကြည်ကိုဗီယာနာကဖေးတိုက်ထဲသို့ခေါ်ပြီးကော်ဖီနှင့်မုန့်များကိုစားသောက်စေ၏။

ထိုသို့စားသောက်ရင်းစိန်ကြည်နှင့်တွေ့ဆုံခဲ့ပုံကိုပြန်လည်မြင်ယောင်လာ၏။

ထိုစဉ်ကကန်တော်ကြီးစောင်းတွင်စုံထောက်လှမိုးလေညှင်းခံပြီးကားမောင်းနေစဉ် မိန်းကလေးတစ်ယောက်သည် ကန်တော်ကြီးစောင်းအတိုင်းရှေ့မှပြေးနေပြီးလူရမ်းကားတစ်စုကအနောက်ကလိုက်နေကြောင်းတွေ့ရ၏။

စုံထောက်လှမိုးသည် ဒုက္ခရောက်နေသော မိန်းကလေးကို ကယ်တင်ရန် ဆုံးဖြတ်ပြီး မိန်းကလေး အနီးတွင် ကားထိုးရပ်လိုက်ကာ

"ကားပေါ်တက် မိန်းကလေး"

ဟုဆိုလိုက်ရာ မောပန်းနွမ်းနယ်နေသော မိန်းကလေးသည် ကားပေါ်သို့ အားကိုးတကြီး တက်လိုက်၏။

စုံထောက်လှမိုး၏ကားပေါ်သို့မိန်းကလေးရောက်သွားသော အခါလူရမ်းကားများသည် ဒေါသတကြီး အော်ဟစ်ပြီး ကျန်ခဲ့၏။

စုံထောက်လှမိုးသည် ကားပေါ်သို့ ရောက်လာသော မိန်းကလေးကို အကဲခတ်ကြည့်သောအခါ ချောမောလှပသော မိန်းမတစ်ယောက်ဖြစ်ကြောင်း သတိပြုမိလေ၏။

ထိုမိန်းကလေး၏အမည်မှာ စိန်ကြည်သိရပြီး မအူပင် ဘက်မှဖြစ်ကာ မိန်းကလေးအဖော်များနှင့်ရွှေတိဂုံဘုရားဖူးရင်း လူစုကွဲကာ ကုလားလူမိုက်များနှင့်တွေ့ဆုံခဲ့ခြင်းဖြစ်၏။





ထိုနေ့က စုံထောက်လှမိုးသည် စိန်ကြည်ကို မအူပင်သဘော်ဆိပ်သို့ လိုက်လံပို့ဆောင်ပြီး သဘော်ဆိပ်သို့ရောက်နေသော သူမအဖော်များလက်သို့ အပ်ပေးလိုက်၏။

ထိုအချိန်မှစပြီး စိန်ကြည်နှင့်ကွဲကွာခဲ့ပြီး ယခု ဗီယာနာကဖေးတိုက်၌ပြန်တွေ့ခြင်းဖြစ်၏။

စုံထောက်လှမိုးက စိန်ကြည်ကို ခေါ်ပြီးသူမ၏အလုပ်အကိုင်ကို မေးမြန်းရာ စိန်ကြည်က

"ကျွန်မ မအူပင်ပြန်ပြီး မကြာမီမှာ အမေဆုံးသွားတယ်၊ အမေ ဆုံးပြီးနောက်ပိုင်းမှာ ပထွေးနဲ့ ကျွန်မ တစ်အိမ်တည်းမှာ အတူနေတာ မသင့်တော်ဘူးဆိုပြီး တစ်ရွာတည်းသား ကိုဖိုးထောင်နဲ့ ကျွန်မအိမ်ထောင်ပြုခဲ့တယ်၊ ဒါပေမဲ့ ကျွန်မရဲ့အိမ်ထောင်ရေးကံ မကောင်းပါဘူး ဆရာရယ်၊ ကိုဖိုးထောင်ဟာ မိုးတွင်းကြီး ဖါးရှိက်ထွက်ရင်း ပိုးထိလို့ အသက်ဆုံးရတယ်။ ကိုဖိုးထောင်ဆုံးပြီးတော့ ကျွန်မပထွေးအိမ်ကိုပြန်ရောက်သွားတယ်။ ပထွေးဟာ ပထမတော့

ကောင်း မလိုလို့နဲ့ နောက်တော့ မလိုသူတွေက မြှောက်ပင့်ပေးလို့ ညတစ်ညမှာ ကျွန်မအိပ်ခန်းထဲဝင်လာတယ်၊ နားနဲ့မနာ ဖဝါးနဲ့နာ ပါအစ်ကို ရယ်..ကျွန်မဘဝ ဒီလိုဆက်နေရင် ရေတိမ်နစ်မှာစိုးလို့ ရန်ကုန်တက်ပြီး ကြုံရာကျပန်းလုပ်ကိုင်စားသောက်နေတာပဲ"

ဟုပြောလေ၏။ စုံထောက်လှမိုးသည် ကံဆိုးရှာသော စိန်ကြည်၏ဘဝကိုကရုဏာသက်သွားပြီး

"ရန်ကုန်မှာ ဘယ်လိုနေ၊ဘယ်လိုစားသလဲ"

ဟုမေးမြန်းလိုက်ရာ စိန်ကြည်က မယ်လမုဘုရားအနီးရှိ သီလရှင်ကျောင်း၌ကပ်နေပြီး ကြုံရာကျပန်း လုပ်ကိုင်စားသောက်နေသည်မှာ တစ်လနီးပါးရှိပြီဖြစ်ကြောင်းပြောလေ၏။

စုံထောက်လှမိုးသည် ဗီယာနာကဖေးတိုက်တွင် ထိုင်ရင်း စိန်ကြည်ကို မသိမသာ အကဲခတ်ကြည့်လိုက်ရာ တောသူတစ် ယောက်ပင်ဖြစ်သော်လည်း မိန်းမချောတို့၏အင်္ဂါနှင့်ပြည့်စုံပြီး ဝတ် ကောင်းစားလှများ ဆင်ယင်ပေးလိုက်လျှင် မြို့ကြီးသူများ အရှုံးပေး





နိုင်ကြောင်း သတိပြုမိ၏။

စုံထောက်လှမိုးသည် စိန်ကြည်၏ နုံချာလှသော ဘဝကို တနာရင်းမိမိ၏စပိုင်လုပ်ငန်းအတွက် လိုအပ်လျှင် သူမ၏အလှကို အသုံးချရန် ဆုံးဖြတ်လိုက်၏။

ထိုနေ့က သူမနှင့်လမ်းခွဲလာပြီး နောင်တစ်ချိန်အကြောင်း တိုက်ဆိုင်လျှင်ပြန်လည်တွေ့ဆုံမည်ဖြစ်ကြောင်းပြောခဲ့၏။

ဂျမဒါမင်းထင်သည် ရွှေတိဂုံဘုရားလမ်းရှိ ဂျပန်စစ်ဌာနချုပ်ရှေ့တွင် ဆင်းရဲသားတစ်ဦး ဟန်ဆောင်ပြီး ယပ်တောင်လေးများ ရောင်းနေလေ၏။

ဂျပန်စစ်ဌာနချုပ်ရှေ့တွင် မိမိကဲ့သို့ စပိုင်တစ်ယောက် ဈေးရောင်းနိုင်ခြင်းမှာ ကြီးမားသော အောင်မြင်မှုဖြစ်၏။ သို့သော် ကာလ တညွှားစစ်ဌာနချုပ်တွင် စောင့်ကြံနေသော ဗိုလ်ချုပ်စလင်း တွေ့နှစ်





သော သတင်းကို မိမိပေးနိုင်အောင်ကြိုးစားရဦးမည်။

ဗိုလ်ချုပ်စလင်းသည် မြန်မာပြန်စစ်မျက်နှာကို ဦးဆောင်မည့်သူဖြစ်ကြောင်း သေချာနေပုံရ၏။

ထို့ကြောင့် မြန်မာပြည်နှင့်ပတ်သက်သော စစ်သတင်းများကို အထူးမျှော်လင့်နေပုံရ၏။ ဗိုလ်ချုပ်စလင်းက ဂျမဒါမင်းထင်၏ ပခုံးကိုဖက်ပြီး

"ဘီအိုင်အေနဲ့ ဂျပန်တွေရဲ့ အရေအတွက်နဲ့၊ ခန့်မှန်းခြေလက်နက်အင်အား။ ဂျပန်တပ်မတွေရဲ့နံမည်၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဂျပန်တွေအပေါ်ထားတဲ့သဘောထားတွေ အားလုံး သိချင်တယ်၊ မင်းကို ကာနယ်ကောလင်းက စိတ်အချရဆုံးလို့ပြောတယ်၊ မင်းတို့တိုင်းပြည် ဖက်ဆစ်လက်က လွတ်ဖို့ မင်းရဲ့အရည်အချင်းပေါ်မှာ မူတည်နေတယ်"

ဟုပြောလေရာ ဂျမဒါမင်းထင်၏ ကျောထဲတွင် စိမ့်ခနဲဖြစ်ပြီး ခေါင်းခါယမ်းလိုက်မိ၏။

ဂျမဒါမင်းထင်သည် စစ်သတင်းများကို ရန်ကုန်မြို့ထဲရှိ ကာကာဆိုင်များတွင် ထိုင်ရုံဖြင့် ရနိုင်၏။ ထိုပြင် စစ်တပ်သို့ ရိက္ခာသွင်းသူများထံသို့ ချည်းကပ်ပြီး စစ်သတင်းများကို ရိပ်ဖမ်းသံဖမ်း မေးမြန်းနိုင်၏။

ထိုသို့သော သတင်းများကို ခပ်ညံ့ညံ့စပိုင်များ ပေးပို့လေ့ရှိ၏။ ထိုသတင်းများကို ကာလကတ္တားရှိ စပိုင်ဌာနချုပ်က စိစစ်ပြီး အတည်ယူလေ့ရှိ၏။ ဂျမဒါမင်းဒင်အနေဖြင့် ခပ်ညံ့ညံ့စပိုင်များ ပေးပို့လေ့ရှိသော စစ်သတင်းများကို ပေးပို့ရန် ဆန္ဒမရှိချေ။

ဗိုလ်ချုပ်စလင်း ကိုယ်တိုင်လည်း ခပ်ညံ့ညံ့သတင်းမျိုးကို မျှော်လင့်မည်မထင်ချေ။ ထို့ကြောင့် ဂျပန်စစ်ဌာနချုပ်ရှေ့တွင် ဆင်းရဲသားဟန်ဆောင်ပြီး ယပ်တောင်ရောင်းနေခြင်းဖြစ်၏။

ဂျပန်စစ်ဌာနချုပ်ကို မြင့်မားသော အုတ်တံတိုင်းဖြင့် ကာရံထားလေ၏။ ဂျပန်စစ်ဌာနချုပ်အတွင်းသို့ ဂျပန်များ ဝင်ရောက်ပါက အလွယ်တကူ ဝင်နိုင်သော်လည်း မြန်မာများ ဝင်ပါက သေချာစွာ





စစ်ဆေးပြီးမှ ဝင်ခွင့်ပြု၏။

ကာလကတ္တားတွင် သူလျှိုသင်တန်း တက်စဉ်က ရန်ကုန်မြို့ရှိ ဂျပန်စစ်ဌာနချုပ်များ အားလုံးကို မှတ်သားထားရ၏။

စစ်ဌာနချုပ်သို့ဗိုလ်မှူးကြီး အဆင့်ရှိသော ဂျပန်အရာရှိကြီးများတက်ရောက်သကဲ့သို့ဗိုလ်မှူး ဗိုလ်ကြီးများလည်း တက်ရောက်ကြလေ၏၊ စစ်ဌာနချုပ်အကြီးအကဲများ၏ လက်ထောက်များမှာ ဗိုလ်ကြီးများ ဖြစ်ကြပြီး ၄င်းတို့ကို အကြီးအကဲ၏ လက်ထောက် ဟုတ်မဟုတ် ခွဲခြားပေးသည့် ထင်ရှားသော အမှတ်အသား တစ်ခု ရှိ၏။ ထိုအရာမှာ၄င်းတို့လက်တဲတွင် ကိုင်လွဲထားသော အနက်ရောင် လက်ဆွဲအိတ်များဖြစ်ပြီး ထိုလက်ဆွဲအိတ်များကွင် ဌာနချုပ်အကြီး အကဲများ၏ လျှို့ဝှက်သတင်းများပါရှိနေတတ်၏။





ထိုလက်ဆွဲအိတ်များကို ရယူနိုင်လျှင်ဗြိတိသျှတို့ လိုချင်သောစစ်သတင်းများရနိုင်၏။

ဂျမဒါမင်းထင်သည် စစ်ရုံးပတ်ဝန်းကျင်၌ ချောင်းမြောင်းကြည့်ရှုနေစဉ်စစ်ရုံးသို့ဂျစ်ကားတစ်စီးဖြင့်ရုံးလာတက်သောမြန်မာအရာရှိတစ်ယောက်ကိုတွေ့ရ၏။

ထိုသူသည်ကြည့်မြင်တိုင်ကမ်းနားရှိမိမိအိမ်ကိုဝင်ရောက်ရှာဖွေသူ ဖြစ်၏။ ထိုသူသည်ဥပတိရုပ်ကောင်းသလိုလိုချင်တာကို ရအောင်ယူမည့်ရုပ်မျိုးဖြစ်၏။

တစ်နေ့နေ့တွင် ထိုသူနှင့်မိမိထိပ်တိုက်တွေ့မှာ သေချာ၏။ ထိုအခါမှပင်ကျွားနှင့်ဆင်လယ်ပြင်မှာတွေ့ရပေတော့မည်။

ဂျမဒါမင်းထင်သည်ဂျပန် အရာရှိများ၏ လက်ဆွဲအိတ်ကို လိုချင်သောကြောင့် တရုတ်လူရှုပ်မောင်လှိုင်ထံတွင် အကူအညီ တောင်းရန် ဆုံးဖြတ်လိုက်၏။

မောင်လှိုင်သည်ရန်ကုန်မြို့မှာ ပိုက်ဆံရလျှင် ဘာမဆို လုပ်မည့်သူဖြစ်၏။ မောင်လှိုင်ဘဝမှာ ကိုးကွယ်ရာသည့်[illegible]သာဖြစ်သည်။





ဂျမဒါမင်းထင်သည် မိမိလိုအပ်ချက်ကို တရုတ် လူရှုပ်မောင်လှိုင်အား ရှင်းရှင်းဘွင်းဘွင်း ပြောလိုက်၏။

မောင်လှိုင်သည် ဂျမဒါမင်းထင်၏စကားကြောင့် မျက်မှောင်ကြုတ်ပြီး

"ရာဇဝတ်အိုးကို တုတ်နဲ့ထိုးရမဲ့အလုပ်ပဲ၊ ကင်ပေတိုင်တွေ ရက်စက်လွန်းလို့ ကျုပ်က ဂျပန်ဆိုရင် ဝေးဝေးက ရှောင်တယ်"

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်က မောင်လှိုင်ကို ကြည့်ပြီး

"ဒါဆိုရင် ခင်ဗျားမလုပ်နိုင်ဘူးပေါ့၊ ကျုပ်နောက်တစ်ယောက် ရှာမယ်"

ဟုဆိုလိုက်ရာ မောင်လှိုင်က လက်ကာပြပြီး

"ရန်ကုန်မြို့မှာ ကျုပ်မလုပ်နိုင်တဲ့ အလုပ် မရှိပါဘူး၊ ဒါပေမဲ့ ခင်ဗျားပိုက်ဆံတွေ အများကြီးကုန်မယ်၊ ဒါမျိုးက အညွှတ်စား သူနိုးကို သုံးလို့မရဘူး၊ ထိပ်တန်းဖြစ်မှရမယ်"

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်က လက်ကာပြပြီး

"အိတ်ထဲကို ကျုပ် ရမနှိုက်ဘူး။ကုန်ချင်သလောက် ကုန်ပါ စေအောင်ချိုရုံပဲ လိုတယ်"

ဟုဆိုလိုက်ရာ လူရှုပ်မောင်လှိုင်၏ မျက်လုံးများ ဝင်းလက်သွားပြီး

"ဒါဆိုရင်တော့ ကျုပ်ဆီမှာ လူပုလေးစိုးသိန်းရှိတယ်၊ သူဟာ လိုအပ်ရင် အဓိပတိဒေါက်တာဘမော်ရဲ့ အတွင်းခံဘောင်းဘီနဲ့ စစ်သေနာပတိဗိုလ်ချုပ်အောင်ဆန်းရဲ့ဂျွပ်ကျယ်ကိုတောင် ရအောင် နှိုက်နိုင်တယ်"

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်က

"ကြိုက်သွားပြီ ကျုပ်ဘယ်လောက်ပေးရမလဲ"

ဟုမေးမြန်းလိုက်၏။ တရုတ်လူရှုပ်မောင်လှိုင်က မျက်လုံးများမှေးဝင်းပြီး လက်ငါးချောင်းထောင်ပြလိုက်ကာ

"ရွှေငါးကျပ်သားပေးရမယ်"

ဟုတောင်းဆိုလိုက်၏။ ဂျမဒါမင်းထင်က ဈေးဆစ်ရန် မကြိုး





စားတော့ဘဲ

"ကောင်းပြီး ငါးကျပ်သားပေးမယ်၊ ပီပြင်အောင်သာလုပ်ပါ"

ဟုပြောလိုက်၏။ တရုတ်လူရှုပ်မောင်လှိုင်က

"လူပုလေးစိုးသိန်း မပီပြင်ဘူးဆိုရင် ခင်ဗျားကို ရွှေငါးကျပ်သားပြန်လျော်ပေးလိုက်မယ်"

ဟုစိန်ခေါ်လိုက်လေ၏။

နောက်တစ်နေ့တွင် လှပုလေးစိုးသိန်းသည် ဖီးကြမ်း ငှက်ပျောသီးများကို ဆိုင်းထမ်းထဲတွင် ထည့်ပြီး ဂျပန်စစ်ဌာနချုပ် ရှေ့တွင် သွားရောင်းလေ၏။

ဂျပန်စစ်သားများသည် ငှက်ပျောသီးကြိုက်ကြပြီး ဝယ်ယူအားပေးလေ့ရှိ၏။ လှပုလေးစိုးသိန်းသည် မိမိကို ပေါက်ပေါက်ရှာရှာ နိုင်းသော ဆရာဖြစ်သူ တရုတ်လှရှုပ်မောင်လှိုင်ကို နားမလည်နိုင်အောင်ဖြစ်မိ၏။





လှရှုပ်မောင်လှိုင်က

"မင်းဒီနေ့ ဂျပန်စစ်ရုံးရှေ့သွားပြီး အညိုရောင် လက်ကိုင်အိတ်ကိုင်ထားတဲ့မည်သည့်ဂျပန်ရဲ့အိတ်ကိုမဆို ရအောင်ယူရမယ်"

ဟုဆိုလိုက်ရာ လှပုလေးစိုးသိန်းက ဆရာဖြစ်သူကို နားမလည်ဟန်ဖြင့်ကြည့်ပြီး

"ဂျပန်တွေရဲ့လက်ဆွဲအိတ်ကိုရအောင်ယူရမယ်ဟုတ်လား။ ဂျပန်တွေက ဘိုင်ကောင်တွေဆရာ၊ အင်္ဂလိပ်တွေလိုမဟုတ်ဘူး၊ သူတို့အိတ်ထဲမှာ အဘိုးတန်ပစ္စည်းရှိမှာမဟုတ်ဘူး"

ဟုဆိုလိုက်ရာ တရုတ်လှရှုပ်မောင်လှိုင်က

"ဂျပန်တွေ ဘိုင်ကျတာ ငါသိပါတယ်၊ ဒါပေမဲ့ ငါ့ရဲ့အဆက်အသွယ်ကောင်းတစ်ယောက်က ကြံ့ကြံ့ဖန်ဖန်ဂျပန်ရဲ့လက်ဆွဲအိတ်ကို လိုချင်လို့တဲ့ ၊ငါမြိုးမြိုးမြက်မြက်ရလို့အလုပ်လက်ခံလိုက်ပြီကွ၊ မင်းရအောင်သာကြံ့ပေတော့"

ဟုပြောလိုက်ရာ လှပုလေးစိုးသိန်းသည်တရုတ်လှရှုပ်မောင်

လှိုင်၏စကားကိုပြင်းဆန်စရာ အကြောင်းမရှိတော့ချေ။

မောင်လှိုင်သည် ငွေသာရလျှင် ဘနဖူးသိုက်တူးရုံမက ယမ မင်း၏နတ်ခမ်းမွေးကိုပင် ဆွဲကိုင်မည့်လူစားမျိုးဖြစ်၏။ ယခုလည်း မောင်လှိုင်ပြုံးပြုံးပြက်ပြက်ရမှာသေချာနေ၏။

လူပုလေးဖိုးသိန်းသည်အညိုရောင်အိတ်ဆွဲကိုင်လေ့ရှိသော ဂျပန်စစ်ဗိုလ်များကိုဦးစွာလေ့လာ၏။

ထိုအခါစစ်ဗိုလ်တစ်ဦးသည်ပန်းဆိုးတန်းရှိဗီယာနာ ကဖေး တိုက်တွင် နေ့လယ်စာ စားလေ့ရှိကြောင်း သတိပြုမိ၏။

လူပုလေးသည် သူ၏ ပစ်မှတ်ကို သတ်မှတ်ထားလိုက်၏။ သူ၏ အပေါင်းအပါ အချို့ကို ဗီယာနာကဖေးတိုက် အရှေ့တွင် ဈေး သည်များအဖြစ် ကြိုတင်နေရာချထားပြီး ဂျပန်ဗိုလ် ရောက်လာ သည့်အချိန်တွင် အချိန်ကိုက်ရန်ပွဲဖြစ်အောင် စီစဉ်လိုက်၏။

ခဏအကြာတွင် ဂျပန်ဗိုလ်သည် နေ့လယ်စာစားရန် ဗိယာနာကဖေးတိုက်သို့ ရောက်သောအခါ ဈေးသည် နှစ်ဦးစတင်ရန်ဖြစ်လေ၏။ ဈေးသည်တစ်ဦးက လင်ပန်းဖြင့် လိုက်ရိုက်ပြီး ကျန်တစ်ဦးက ထွက်ပြေးလေ၏။ ထိုသို့ လင်ပန်းဖြင့် လိုက်ရိုက်သော ဈေးသည်သည် လမ်းဘေးရှိ အထမ်းသည်တစ်ဦးကို တိုက်မိကာ အထမ်းသည်က ဒေါသတကြီး ဆဲဆိုပြီး သူ၏ အထမ်းထဲရှိ သရက်သီးများဖြင့်ပြန်လည်ပစ်ပေါက်လေ၏။

ထိုအခါလမ်းပေါ်တွင်သရက်သီးများပြန့်ကြဲသွားပြီး သရက်သီးတစ်လုံးသည် အိတ်ဆွဲလာသော ဂျပန်ဗိုလ်၏ ရင်ဝကို ထိမှန်လေရာ ဂျပန်ဗိုလ်၏လက်ထဲရှိအိတ်လွတ်ကျလေ၏။

လူပုလေးစိုးသိန်းသည် ဂျပန်ဗိုလ် လက်က လွတ်ကျသွားသော အိတ်ကို ဆွဲယူပြီး ပြေးလေ၏။ ဂျပန်ဗိုလ်သည် အိတ်လုပြေးသူ၏ အနောက်သို့ လိုက်ရန်ကြံနေစဉ် မာတ်ရထားတစ်စီးသည် သူ၏ရှေ့တွင်ကာဆီးသွားပြီး မာတ်ရထားထွက်ခွာသွားသောအခါ





လူပုလေးစိုးသိန်းကိုမတွေ့ရတော့ချေ။

ထိုအတူ ရန်ပွဲဖြစ်ပွားသော ဈေးသည်များအားလုံး ကြက်ပျောက်ငှက်ပျောက်ပျောက်သွားလေ၏။

ဂျမဒါမင်းထင်သည်တရုတ်လူရှုပ်မောင်လှိုင်ထံမှ ဂျပန်ဗိုလ်၏ အိတ်ကို ရပြီဟု သတင်းရသဖြင့် တရုတ်လူရှုပ်မောင်လှိုင်ထံသို့ အားတက်သရောထွက်ခဲ့၏။

တရုတ်လူရှုပ်မောင်လှိုင်သည် ဂျပန်ဗိုလ်ထံမှ အိတ်ကိုရယူနိုင်ခြင်းသည် အံ့မခန်းစွမ်းဆောင်မှုဖြစ်၏။

မောင်လှိုင်ကို ရွှေငါးကျပ်သား ပေးရကျိုးနပ်လေပြီ။ ဂျမဒါမင်းထင်...မောင်လှိုင်ထံသို့ ရောက်သောအခါ ရွှေငါးကျပ်ကို ထုတ်ပေးလိုက်ပြီး





"ဘယ်မှာလဲ ဂျပန်ဗိုလ်ရဲ့လက်ဆွဲအိတ်"

ဟုအားတက်သရောမေးလိုက်၏။

တရုတ်လူရှုပ်မောင်လှိုင်သည် စားပွဲခုံအောက်ရှိလက်ကိုင်အိတ်ကို ယူပေးလိုက်ရာ လက်ကိုင်အိတ်၏ သော့ကို ဖျက်ထားသဖြင့် ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်လိုက်ပြီး

"သော့ကိုဘာလို့ဖျက်လိုက်တာလဲ"

ဟုမေးမြန်းလိုက်၏။

တရုတ်လူရှုပ်မောင်လှိုင်က အရေးမကြီးဟန်ဖြင့်ရယ်မောပြီး

"ဟဲဟဲ...ဂျပန်မာစတာတွေရဲ့အိတ်ထဲမှာ ဘာတွေရှိသလဲလို့ စပ်စုချင်လို့ပါ"

ဟုပြောလေ၏။ ဂျမဒါမင်းထင်သည် ဂျပန်ဗိုလ်၏ လက်ဆွဲအိတ်ထဲရှိ အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထားသော စာရွက်စာတမ်းများကို အလောတကြီး ယူပြီးဖတ်လိုက်မိ၏။

စာရွက်စာတမ်းများကိုဖတ်ပြီး ဂျမဒါမင်းထင်

"ဟိုက်"

ရန်ပဆင်ကာကွယ်နေမှုကို ရိုက်လိုက်ပြီ၏။

ဂျပန်ဗိုလ်၏ လက်ဆွဲအိတ်ထဲတွင် ပါရှိသော စာရွက်စာတမ်းများသည် ဂျပန်စစ်တပ်၏ တစ်လစာ ထမင်းဟင်းများ၊ ရွက်မြွက်သော ဖယောဖြစ်နေ၏။ ဝိဝိ၏ ရွှေငါးကျပ်သားကို ရေထဲပစ်ရလိုက်သလိုဖြစ်သွား၏လေပြီ။ ကံဆိုးလိုက်ပါဘိ....။

စုံထောက်လှမိုးသည်ဗိုလ်မှူးကြီးဆောကီးက သူ၏ရုံးခန်းသို့ဆင့်ခေါ်သဖြင့် ဝင်ရောက်သွားလေ၏။ ဗိုလ်မှူးကြီးဆောကီးက စုံထောက်လှမိုးကိုမြင်သောအခါ

"ကျုပ်တို့ခေါင်းပေါ်ဆင်နင်းပြီစုံထောက်ကြီး"

ဟုဆိုလိုက်ရာစုံထောက်လှမိုးက နားမလည်ဟန်ဖြင့်

"ဘာဖြစ်လို့လဲ ဗိုလ်မှူးကြီး"

ဟုပြန်မေးလိုက်ရာ ဗိုလ်မှူးကြီးဆောကီးက

"လွန်ခဲ့တဲ့ ကစ်နာရီလောက်က ဗိုလ်ချုပ်အောင်ဆန်းဆီက ဖုန်းဆက်ပြီး သူတို့ဘီအိုင်အေကပ်သား အသတ်ခံရတဲ့ အခြေအနေကို မေးမြန်းနေပြီ၊ ကျုပ်ဘာမှ မပြောနိုင်လို့ ကျုပ်ကို ကြိမ်းမောင်းသွားတယ်"

ဟုပြောလေရာ စုံထောက်လှမိုးက သက်ပြင်းချပြီး

"ဗိုလ်ချုပ်အောင်ဆန်း မေးတော့မယ် ဆိုတာကျုပ်ကြိုတင်ပြီး မျှော်လင့်ထားပြီးသားပါ၊ ဗိုလ်ချုပ်လို လူမျိုးဟာ ဘီအိုင်အေတပ်သားတစ်ယောက်သေဆုံးတာ လက်ပိုက်ကြည့်နေမဲ့သူ မဟုတ်ဘူး"

ဟုဆိုလိုက်၏။ ဗိုလ်မှူးကြီးဆောကီးက

"ဘာပဲဖြစ်ဖြစ် ကျုပ်က စောက်လှမ်းရေးအကြီးအကဲ တစ်ယောက်လုပ်နေပြီး ဘီအိုင်အေတပ်သားအမှုမှာ ဘာတစ်ခုမှ မပြောနိုင်လို့ မျက်နှာပူစရာဖြစ်သွားတယ်"

ဟုပြောလိုက်၏။ စုံထောက်လှမိုးက သက်ပြင်းချပြီး





"သတင်းထူးတစ်ခုတော့ ပြောစရာရှိတယ်"

ဟုပြောလိုက်ရာ ဗိုလ်မှူးကြီးဆောကီးက မျက်မှောင်ကြုတ်ပြီး

"ဘာ သတင်းထူးလဲဗျ"

ဟုမေးမြန်းလိုက်၏။ စုံထောက်လှမိုးက

"လွန်ခဲ့တဲ့ရက်က ဗီယာနာကဖီးတိုက်ရှေ့မှာ ဂျပန်အရာရှိ တစ်ယောက်ရဲ့ လက်ဆွဲအိတ် အလုခံရတယ်၊ ဒါဟာ ဂျမဒါမင်းထင် ဆိုတဲ့ စပိုင်ရဲ့ ပယောဂ မကင်းဘူးလို့ထင်တယ်"

ဟုပြောလိုက်၏။ ထိုအခါ ဗိုလ်မှူးကြီးဆောကီးက

"လက်ဆွဲအိတ်ထဲမှာ ဘာပါလို့လဲ"

ဟုမေးမြန်းလေ၏။ စုံထောက်လှမိုးက သက်ပြင်းချပြီး

"ဂျပန်စစ်တပ်ရဲ့ တစ်လစာ ထမင်းဟင်းချက်ပြုတ်တဲ့ ဇယားပဲ ပါတယ်"

ဟုပြောလိုက်၏။

ဗိုလ်မှူးကြီးဆောကီးက ခေါင်းခါယမ်းပြီး

"မဖြစ်နိုင်ဘူးထင်တယ်၊ဂျူမဒါမင်းထင်က ကျုပ်တို့စစ်တပ်ရဲ့ တစ်လစာ ရိက္ခာဖြတ်တဲ့ဇယားကိုဘာလုပ်ဖို့လဲ"

ဟုမေးမြန်းလိုက်၏။ စုံထောက်လှမိုးက ဗိုလ်မှူးကြီးဆောက်စ်ကို စိတ်ပျက်ဟန်ဖြင့်ကြည့်ပြီး

"သူက တစ်လစာ ရိက္ခာဖြတ်ဇယားပါမယ်လို့ ကြိုသိရင် ဘယ်နိုးပါ့မလဲ၊ အရေးကြီးစာရွက်စာတမ်းပါမယ်လို့ မျှော်လင့်လို့နှိုး တာဖြစ်မှာပေါ့"

ဟုဆိုလိုက်ရာ ဗိုလ်မှူးကြီးဆောက်စ်က

"ခင်ဗျားမှာ တိကျတဲ့ သက်သေရှိလို့လား"

ဟုမေးမြန်းလိုက်၏။

စုံထောက်လှမိုးက ခေါင်းခါယမ်းပြီး

"သက်သေတော့မရှိဘူး၊ ဒါပေမဲ့ ကျုပ်မိတ်ဆွေ ရန်ကုန်လူမိုက်တစ်ယောက်ကတော့ ဒီပွဲကိုစီစဉ်သူဟာ ကရင်လူရှုပ်မောင်လှိုင်လို့ သံသယရှိနေတယ်"





ဟုဆိုလိုက်၏။ ဗိုလ်မှူးကြီးဆောက်စ်က

"လူရှုပ်မောင်လှိုင်ဆိုတာ ဘယ်သူလဲ"

ဟုမေးမြန်းလိုက်ရာ စုံထောက်လှမိုးက

"မောင်လှိုင်ဟာ ရန်ကုန်မြို့မှာ ဟိုနေရာ စပ်စပ်သည်နေရာ စပ်စပ်ပါပြီး ငွေရရင်ဘာနဖူးသိက်တူးမဲ့လူပဲ"

ဟုဆိုလိုက်ရာဗိုလ်မှူးကြီးဆောက်စ်က မျက်မှောင်ကြုတ်ပြီး

"သူ့ကိုပုလိပ်ကမဖမ်းဘူးလား"

ဟုမေးမြန်းလိုက်၏။ စုံထောက်လှမိုးက

"လူရှုပ်မောင်လှိုင်ကိုရန်ကုန်ပုလိပ်အားလုံးသိတယ်၊ ဒါပေမဲ့ သူ့ဆီက လာဘ်ယူပြီး မမြင်ဟန်ဆောင်နေကြတယ်"

ဟုပြောလိုက်၏။ ထိုအခါ ဗိုလ်မှူးကြီးဆောက်စ်က

"ကင်ပေတိုင်ကို ဖမ်းခိုင်းလို့မရဘူးလား"

ဟုမေးမြန်းလိုက်၏။

စုံထောက်လှမိုးက သက်ပြင်းချပြီး

"သူဟာအခ်ိပတိုကြီးဒေါက်တာဘမော်နဲ့တောင်ရင်းနီးတယ် လို့ကြားဖူးတယ်၊ကင်ပေတိုင်ကလဲထိဝံ့မှာမဟုတ်ဘူး"

ဟုပြောလိုက်ရာဗိုလ်မှူးကြီးဆောကီးသည်အကြံ့ရစက်ဟန် ဖြင့်ငြိမ်သက်သွားလေ၏။

ဂျမဒါမင်းထင်သည် တရုတ်လူရှုပ်မောင်လှိုင်ထံသို့သွားပြီး အခြေအနေကိုမေးမြန်းလိုက်ရာလူရှုပ်မောင်လှိုင်ကအထိတ်တလန့် ဖြင့်

"ခင်ဗျားကို တွေ့ချင်တာနဲ့ အတော်ပဲ၊ခင်ဗျားကို လူတွေ အားလုံးလိုက်ရှာနေကြပြီ ကြောက်စရာကောင်းတာကဂျပန်ထောက်

လှမ်းရေးက ခင်ဗျားကို အစအဆုံး သိနေတယ်၊ သူတို့ မသိတာ ခင်ဗျားဘယ်မှာနေတယ် ဆိုတာပဲ၊ ဂျပန်ထောက်လှမ်း ရေးက စုံထောက်လှမိုးဆိုတဲ့ စုံထောက်က အမိက လိုက်နေတယ်၊ ခင်ဗျားကျုပ်ကိုနိုင်းတဲ့ကိစ္စက ဒီလောက်အန္တရာယ်များမှန်းသိရင် ကျုပ်မလုပ်ရဲဘူး”

ဟုပြောလေရာ ဂျမဒါမင်းထင်က သက်ပြင်းချပြီး

“စုံထောက်လှမိုးဆိုတဲ့လူအကြောင်းကို ကျုပ်သိချင်တယ်”

ဟုဆိုလိုက်ရာ တရုတ်လူရုပ်မောင်လှိုင်က အံဆွဲထဲရှိ အနက်ရောင်ဖိုင်တစ်ခုကို ထုတ်ပေးလိုက်ပြီး

“ဟောဒီဖိုင်ထဲမှာ စုံထောက်လှမိုးအကြောင်း အပြည့်အစုံ ပါတယ်၊ ဒီအတွက် ကျုပ်ကို ပိုက်ဆံပေးစရာ မလိုဘူး၊ စုံထောက် လှမိုးကို ခင်ဗျား ရှောင်နိုင်ရင် ကျုပ်တို့လဲ အန္တရာယ်ကင်းတယ်၊ ရှေ့ ဆက်ပြီး သတိကြီးစွာထားပေတော့”

ဟုပြောလေရာ ဂျမဒါမင်းထင်က မောင်လှိုင်လက်က ဖိုင်ကို





ယူပြီး ဖွင့်ကြည့်လိုက်ရာ ရှေ့ဆုံးစာမျက်နှာတွင် ထီမထင်ဟန်ရှိသော စုံထောက်လှမိုး၏ ဓာတ်ပုံကို မြင်ရလေ၏။

ဂျမဒါမင်းထင်က သက်ပြင်းချပြီး

“ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ကြတာပေါ့”

ဟုကြုံးဝါးလိုက်လေ၏။

ဂျမဒါမင်းထင်သည် ရွှေငါးကျပ်သားအဆုံးခံပြီး ဂျပန်ဗိုလ်၏ လက်ဆွဲအိတ်ကို ရယူခဲ့သော်လည်း ဂျပန်တို့၏ တစ်လစာ ဟင်းချက် ဇယားကိုသာရသဖြင့် လက်ကိုင်အိတ်ကို ဒုတိယအကြိမ် လုယက် ရန် မကြိုးစားတော့ချေ။

ဂျပန်စစ်တပ်က သံသယဖြစ်သွားလျှင် မိမိအတွက် အန္တရာယ် ရှိနိုင်၏။ ထို့ကြောင့် ဂျပန်တို့၏ စစ်သတင်းများကို စဉ်ဆက်မပြတ် ရယူရန် နည်းလမ်းများကို ရှာကြံရ၏။

ထိုသို့ရှာကြံရင်း မိန်းမချော မိန်းမလှ ရွှေမိုးညိုကို မျက်လုံးထဲ သွားမြင်လေ၏။

ရွှေမိုးညို၏ရောမောလှပသောရုပ်ရည်ကိုအကြောင်းပြုပြီး ဂျပန်ဗိုလ်ကိုမြူဆွယ်စည်းရုံးနိုင်လျှင်သူ၏အကြံအစည်အောင်မြင်နိုင်၏။

ရွှေမိုးညိုက သူ၏အကြံကို အသာတကြည် လက်ခံဖို့သာလို၏။ ရွှေမိုးညိုသည်ဂျပန်ကိုရန်ငြိုးရန်စကြီးစွာထားသူဖြစ်သဖြင့် မိမိအကြံအစည်အောင်မြင်နိုင်၏။

ဂျမဒါမင်းထင်သည်ရေမိုးချိုးအလှပြင်ဆင်ပြီးဖြစ်နေသော ရွှေမိုးညိုကိုကြည့်ပြီး

"နင်တော်တော်လှတာပဲ"

ဟုချီးမွမ်းခန်းဖွင့်လိုက်ရာရွှေမိုးညိုကဂျမဒါမင်းထင်ကိုရှက်ကိုးရှက်ကန်းကြည့်လိုက်ပြီး

"နင်ငါ့ကိုဘာလို့အသားလွတ်မြှောက်နေတာလဲ၊ငါ့ကိုညာနိုင်းစရာရှိနေပြီထင်တယ်"

ဟုဆိုလိုက်ရာ ဂျူဒါမင်းထင်က သက်ပြင်းချပြီး

“နှင့်ကိုငါညာမနိုင်းပါဘူးဟာ၊ ဂျပန်ဗိုလ်ရဲ့လက်ဆွဲအိတ်ကို နောက်တစ်ကြိမ် ထပ်ယူဖို့ စောက်နေတာပါ”

ဟုဆိုကာ တရုတ်လူရှုပ် မောင်လှိုင်၏ အကူအညီဖြင့် ဂျပန်စစ်တပ်၏လက်ဆွဲအိတ်ကို ရယူရန် ကြိုးပမ်းပုံကို ပြောပြလေ၏။

ရွှေမိုးညိုက စိတ်ဝင်တစား နားထောင်ပြီး

“ဒါဆိုရင် နှင်နောက်တစ်ကြိမ် လက်ဆွဲအိတ် ထပ်လုရင် ဂျပန်စစ်တပ်က တိုက်ဆိုင်မှုလို့ မှတ်တော့မှာမဟုတ်ဘူး၊ ငါဘာကူညီရမလဲ”

ဟုမေးမြန်းလေ၏။ ဂျူဒါမင်းထင်က သက်ပြင်းချပြီး

“နှင့်ကိုငါပြောသင့်မပြောသင့် ချိန်ဆနေတာပါ”

ဟုဆိုလိုက်ရာ ရွှေမိုးညိုက

“ပြောသာပြောပါ။ ဂျပန်တွေကို ငါဘယ်လောက်မုန်းတယ်ဆိုတာ နှင်သိပါတယ်၊ ရွာမှာကျန်ခဲ့တဲ့ ငါ့အဖေနဲ့ မောင်လေးဟာ ဂျပန်သတ်လို့သေရတယ် ဆိုတာ နှင်မေ့နေပြီလား။ ဂျပန်တွေကို ငါသိပ်မုန်းတယ်၊ ဒင်းတို့ကိုပြန်လက်စားချေမယ်”

ဟုပြောလေ၏။ ဂျူဒါမင်းထင်က ခေါင်းညိတ်ပြီး

“ကောင်းပြီ၊ ဒါဆိုရင် နှင်ငါ့ကိုကူညီနိုင်မှာပါ”

ဟုအားတက်သရော ပြောလိုက်လေ၏။

ဂျမဒါမင်းထင်သည် ကမ်းနားလမ်းရှိ ဂျပန်အရာရှိများ ဝင်ထွက်လေ့ရှိသော တိုကျိုစားတော်ဆက်ကို သူ၏ ပစ်မှတ်အဖြစ် သတ်မှတ်လိုက်၏။

ထို့နောက် အသင့်ရှိပြီးသား ဘီအိုင်အေစစ်ဗိုလ်ဝတ်စုံကို ဝတ်ဆင်ကာ တိုကျိုစားတော်ဆက်သို့ထွက်ခဲ့၏။

တိုကျိုစားတော်ဆက်သည် ဂျပန်အစားအစာများကို ချက်ပြုတ်ရောင်းချသဖြင့် ဂျပန်စစ်သားများနှင့်စည်ကားနေတတ်၏။





တိုကျိုစားတော်ဆက်၏ ထူးခြားမှုမှာ ဂျပန်ခေတ်ရောက်မှ ပေါ်ထွန်းလာခြင်း မဟုတ်ဘဲ အင်္ဂလိပ်ခေတ်ကပင် စတင်ပေါ်ထွန်းခဲ့ခြင်းဖြစ်၏။

အင်္ဂလိပ်ခေတ်က တိုကျိုစားတော်ဆက်သို့ ရန်ကုန်မြို့၌ အနိပ်ပညာရှင်များ အဖြစ်အသက်မွေးသော ဂျပန်လူမျိုးများ ဝင်ထွက်သွားလာလေ့ရှိ၏။

ဂျမဒါမင်းထင်သည် တိုကျိုစားတော်ဆက်သို့ရောက်သော အခါ နေ့လယ်စာ စားချိန်ဖြစ်သဖြင့် စည်ကားသိုက်မြိုက်နေပြီး စားပွဲလွတ်တစ်လုံးကိုပင် မနည်းရှာဖွေရလေ၏။

ဂျမဒါမင်းထင်သည် စားပွဲ၌ ဝင်ထိုင်လိုက်ပြီး စားသောက်ဖွယ်ရာများကို မှာယူလိုက်လေ၏။ ထိုအခိုက်မှာပင် ဂျပန်စစ်ဗိုလ်တစ်ဦးသည် လက်ဆွဲအိတ်တစ်လုံးကို ကိုင်ပြီး ဆိုင်ထဲသို့ ဝင်လာကာ စားပွဲလွတ်မတွေ့သဖြင့် အခက်တွေ့နေလေ၏။

ဂျမဒါမင်းထင်သည် ထိုအခွင့်အရေးကိုလက်လွတ်မခံဘဲ

ဂျပန်စစ်ဗိုလ်ကိုမိမိ၏စားပွဲ၌ထိုင်ရန် ဖိတ်ခေါ်လိုက်ပြီး

"တွေ့ရတာဝမ်းမိတ်ဖြစ်ဆွေဖြစ်အနေနဲ့ ကျုပ်ကပဲကျွေးပါရစေ"

ဟုဆိုလိုက်ရာ ဂျပန်ဗိုလ်က လက်ခံဟန်ဖြင့် ခေါင်းညိတ်လိုက်ပြီး

"ခင်ဗျားကကျုပ်တို့ဂျပန်အစားအစာတွေကို သဘောတွေ့တယ်ထင်တယ်"

ဟုပြောလေ၏။

ထိုအခါ ဂျမဒါမင်းထင်က ဂျပန်အစားအစာများကို အလွန်နှစ်သက်သဖြင့်ရန်ကုန်မြို့သို့ရောက်ခိုက် နေ့စဉ်လာစားဖြစ်ကြောင်း ပြောလေရာ ဂျပန်ဗိုလ်က သဘောကျပြီး ဂျမဒါမင်းထင်နှင့်စကားလက်ဆုံကြသွားလေ၏။

ဂျပန်ဗိုလ်၏အမည်မှာ ယာမာတို ဟုသိရပြီး ဂျမဒါမင်းထင်သည် ဂျပန်ဗိုလ်သဘောတွေ့စေမည့်စကားများကို အစဉ်မပြတ်ပြောဆိုလေရာ ခဏအကြာတွင် တစ်ဦးနှင့်တစ်ဦး ရင်းနှီးသွားလေ





၏။ ထိုသို့ရင်းနှီးသွားပြီးနောက် ယာမာတိုကမမျှော်လင့်ဘဲ

"ကျုပ်တို့မိတ်ဆွေဖြစ်ရတာ မင်္ဂလာရှိတယ်ဗျာ"

မြန်မာဘာသာဖြင့်ပြောဆိုလိုက်ရာ ဂျမဒါမင်းထင်က အလွန်အံ့သြသွားပြီး

"ဟင်...ခင်ဗျားကမြန်မာစကားတတ်တယ်နော်"

ဟုဆိုလိုက်၏။ ယာမာတိုက

"ကျုပ် ဂျပန်မှာ နေကတည်းက ဘာသာစကားသင်တာဝါသနာပါတယ်၊ ဒါကြောင့် မြန်မာဘာသာကို လေ့လာထားတာ၊ ထမင်းစားရေသောက်လောက်တော့ပြောတတ်ပါတယ်"

ဟုပြောလေ၏။

ထို့နောက် ယာမာတိုက စူးစမ်းဟန်ဖြင့်

"ခင်ဗျား ဘီအိုင်အေ ဘယ်တပ်ရင်းကလဲ"

ဟုမေးမြန်းလေ၏။ ဂျမဒါမင်းထင်သည် ယာမာတို၏စကားကြောင့် ခေါင်းထဲတွင် အန္တရာယ်အချက်ပေးခေါင်းလောင်းသံများ

မြည်လွှားပြီး

"ကျွန်...ကျွန်ရဲ့ မိစင်တစ်ရင်းကတော့ ပျဉ်းမနားကပါ၊ အခု တော့ ရန်ကုန်ကိုတာဝန်နဲ့ ကောရောက်နေတာ"

ဟုပြောလေရာ ယာမာတို့က သံသယဖြစ်ဟန် မရှိချေ။

ဂျမဒါမင်းထင်သည် နောက်ရက်များတွင် ယာမာတို့နေလယ် တာ စားနိုန်ကို စောင့်ကြည့်ပြီး တစ်ပိုင်းတည်းမှာပင် အတူတူစားကာ ကုန်ကျစရိတ်ကိုအကာခံပြီး ရှင်းပေးလေ၏။

ထိုအခါ ဂျပန်ဗိုလ်နှင့်ဂျမဒါမင်းထင် ပိုမို ရင်းနှီးသွားပြီး ငယ် ပေါင်းကြီးဖော်များကဲ့သို့ ရင်းနှီးသွားလေ၏။

~ ~ ✡ ~ ~



နောက်တစ်နေ့တွင် ဂျပန်ဗိုလ်နှင့်ဂျမဒါမင်းထင်တို့ စား သောက်ရာသို့ကြိုတင်ကြံစည်ထားသည့်အတိုင်း ရွှေမိုးညိုရောက်ရှိ လာလေရာ ဂျာမဒါမင်းထင်က ရွှေမိုးညိုကိုကွဲကွာနေသော သူငယ် ချင်းဟောင်း တစ်ယောက်ကို ပြန်တွေ့သကဲ့သို့ အားတက်သရော အမူအယာဖြင့်

"ဟင်...ရွှေမိုးညိုမဟုတ်လား၊ ငါ့ကိုမမှတ်မိဘူးလား မင်းထင်... မင်းထင်လေ"

ဟုဆိုလိုက်ရာ ရွှေမိုးညိုက

"ဟင်း..မင်းထင် သူငယ်ချင်း တွေ့ရတာဝမ်းသာလိုက်တာ ဟယ်၊ နင်စစ်ထဲဝင်သွားတာ ငါတောင်မသိလိုက်ဘူး"

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်က ရွှေမိုးညိုကို စားပွဲဝိုင်း၌ ထိုင်စေပြီး ဂျပန်ဗိုလ် ယာမာတိုနှင့်မိတ်ဆက်ပေးလေ၏။ ရွှေမိုးညိုက ယာမာတိုကိုပြုံးတိတိကြည့်လိုက်ပြီး

"နီပွန်မာစတာတွေနဲ့ခင်ချင်နေတာကြာပြီ၊ ငါက နီပွန်တွေကို သိပ်သဘောကျတာ၊ ဒါကြောင့်ဂျပန်ဆိုင်မှာ လာစားတာ ကြည့်လေ"

ဟုပြောလိုက်လေ၏။

ရွှေမိုးညို၏စကားကြောင့် ယာမာတိုသည် စိတ်လှုပ်ရှားသွားပြီး

"ဟီးဟီး...ကျုပ်ကလဲမြန်မာမိန်းမတွေကို သိပ်ချစ်ချင်ပါတယ်"

ဟုအားတက်သရော ပြောဆိုလေ၏။

ရွှေမိုးညိုက မိမိကိုယ်မိမိ အစားအစာ ချက်ပြုတ်နည်းများ





ရေးသားနေသူ တစ်ဦးအဖြစ် မိတ်ဆက်လေရာ ဂျမဒါမင်းထင်က

"နင်က ချက်နည်း ပြုတ်နည်းစာအုပ် ရေးနေတော့ ငါတို့ကို မြန်မာဟင်းချက်ကျွေးပါလား၊ ဟောဒီဂျပန်မာစတာကြီးကို မြန်မာ ထမင်းဟင်း ကောင်းကောင်းကျွေးချင်လို့ပါ"

ဟုပြောလိုက်ရာရွှေမိုးညိုက ဂျပန်ဗိုလ်ကို မျက်လုံးထောင့် ကပ်ကြည့်ပြီး

"တကယ်လား၊ ငါကလဲ ဂျပန်မာစတာကြီးကို မြန်မာအစား အစာ ဘယ်လောက်ကောင်းတယ်ဆိုတာ ကျွေးချင်တာနဲ့ အတော် ပဲပေါ့"

ဟုဆိုလိုက်လေရာ ဂျပန်ဗိုလ် ယာမာတိုသည် ချောမောလှပ သော ရွှေမိုးညို၏ မာယာညွှတ်ကွင်းထဲမှ ရုန်းမထွက်နိုင်အောင် ဖြစ်သွားလေ၏။

မြနှင်းဆီစာပေ

ဂုံထောက်လှမ်းသည်ဘီအိုင်အေတပ်သားအသတ်ခံရသည့်ကိစ္စကိုအမှုမှန်မဖော်နိုင်သဖြင့်စိတ်ဓာတ်ကျသလိုဖြစ်သွား၏။

ဘီအိုင်အေတပ်သားကို လုပ်ကြံသူမှာ စပိုင် ဂျမဒါမင်းထင်ဖြစ်ကြောင်း ရိပ်စားမိသော်လည်း ဂျမဒါမင်းထင်၏ သဲလွန်စကိုမရသဖြင့်အခက်တွေ့နေ၏။

ဂျမဒါမင်းထင် ရန်ကုန်မြို့မှာ ခိုအောင်းနေမှာ သေချာ၏။ သို့သော် စပိုင်၏ အရိပ်အယောင်ပင် မမြင်ရသဖြင့် စိတ်ပျက်စပြု





လာ၏။

ဂျမဒါမင်းထင်နေထိုင်ရာ ကြည့်မြင်တိုင် ကမ်းနားရှိနေအိမ်ကိုပုလိပ်အဖွဲ့အကူအညီဖြင့်စောင့်ကြည့်နေသော်လည်းနေအိမ်ကိုအရှိန်ပြည့်တံခါးသော့ခတ်ထား၏။

ဂျမဒါမင်းထင်ဆိုသူ မည်သည့်အရပ်သို့ ရောက်ရှိနေသနည်း။ ရန်ကုန်မြို့ရှိဟိုတယ်နှင့်တည်းခိုခန်းများ၏ဧည့်စာရင်းယူရန်နှင့်ဂျပန်ငွေစက္ကူအတုများကိုသတိထားစောင့်ကြည့်ရန် ပုလိပ်ဌာနများသို့ညွှန်ကြားထားသော်လည်းအကြောင်းထူးဟန်မရှိချေ။

သူလျှိုအသံလွှင့်ချက်များကို ကြားဖြတ်နားထောင်သောဂျပန်ထောက်လှမ်းရေးဌာနတွင်လည်းယခုရက်ပိုင်းအတွင်းသူလျှိုအသံလွှင့်မှုများဖမ်းယူမရချေ။

မည်သို့ပင်ဖြစ်စေ စပိုင်နှင့်ပတ်သက်သော သဲလွန်စတစ်ခုခုကိုရရှိမည်ဟုယုံကြည်မိလေ၏။

ဂျမဒါမင်းထင်သည်ဂျပန်အရာရှိတစ်ဦး၏လက်ဆွဲအိတ်ကို

မြနှင်းဆီစာပေ

တရုတ်လူရှုပ်မောင်လှိုင်၏အကူအညီဖြင့်ရယူခဲ့ဖူး၏။

ဂျမဒါမင်းထင်သည် တရုတ်လူရှုပ်မောင်လှိုင် နှင့်အဆက်အသွယ် ရှိမှာသေချာ၏၊ မောင်လှိုင်ကို စစ်ထောက်လှမ်းရေးက ဖမ်းဆီးပြီး စစ်ဆေးလျှင်လည်း သက်သေနိုင်နိုင် လုံလုံမရှိသဖြင့် အကျိုးမရှိနိုင်ချေ။

ထိုအနိုက်မှာပင် ထောက်လှမ်းရေးဌာနမှ ဖုန်းဝင်လာသဖြင့် ကောက်ကိုင်လိုက်ရာ

"ဂျပန်ငွေစက္ကူအတုတွေ တွေ့လို့အကြောင်းကြားတာပါ"

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်ပြီး

"ငွေစက္ကူကျွမ်းကျင်သူရဲ့မှတ်ချက်နဲ့အတူ ကျုပ်ဆီကိုအမြန် ဆုံးပို့ပေးပါ"

ဟုအမိန့်ပေးလိုက်၏။

ရန်ကုန်ပုလိပ်အဖွဲ့ကို ငွေစက္ကူအတုတွေ့လျှင် အကြောင်းကြားပါဟုမှာကြားထားခဲ့၏။ ယခုမိမိမျှော်လင့်ခဲ့သောအချိန်သို့ရောက်





ပြီထင်၏။ ခဏအကြာတွင် စစ်ရုံးမှပို့လိုက်သော စာအိတ်ကြီး ရောက်လာ၏။

စုံထောက်လှမိုးက စာအိတ်ကို အားတက်သရော ဖွင့်လိုက်သောအခါ ဂျပန်ငွေစက္ကူတစ်ထပ်ကြီး ထွက်လာလေ၏။ စုံထောက်လှမိုးက ငွေစက္ကူများကို မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ကြည့်လိုက်ပြီး

"အမလေး မနည်းပါလား"

ဟု ရေရွတ်ကာ ငွေစက္ကူကျွမ်းကျင်သူ၏ မှတ်ချက်ကိုဖတ်ကြည့်လိုက်၏။ ထိုအခါ ငွေစက္ကူအတုများသည် အင်္ဂလိပ်လက်ရာ ဟုမှတ်ချက်ချထားလေ၏။

စုံထောက်လှမိုးသည် ငွေစက္ကူအတုနှင့်ပတ်သက်သော နှိုင်ကိုလေ့လာကြည့်ရာ ငွေစက္ကူအတုများသည် မှောင်ခိုပစ္စည်းများ ရောင်းချသော ဘီလေးဘိုင်ဆိုသူ ဘဏ်သို့လာရောက်အပ်နှံသော ငွေများဖြစ်ကြောင်း သိရသဖြင့်လက်ဖျစ်တီးလိုက်လေ၏။

အနီးစပ်ဆုံး သဲလွန်စ တစ်ခုတော့ ရလေပြီ။

စုံထောက်လှမိုးသည်ဘီလေးဘိုင်၏မှောင်ခိုပစ္စည်းများရောင်း ချသော ဆိုင်သို့ လိုက်သွားပြီး ငွေစက္ကူအတုများကို စားပွဲပေါ် သို့ချ





လိုက်ကာ

"ဒီပိုက်ဆံတွေ ခင်ဗျားဘယ်ကရသလဲ"

ဟုမေးမြန်းလိုက်၏။

ထိုအခါ ဘီလေးဘိုင်က ခေါင်းခါယမ်းပြီး

"ကျွန်တော့်ကုန်စုံဆိုင်မှာ လူပေါင်းစုံ လာဝယ်ကြတယ်၊ ငွေစက္ကူအတုနဲ့ ဘယ်သူလာဝယ်သလဲဆိုတာ မမှတ်မိဘူး"

ဟုငြင်းဆန်လေ၏။

စုံထောက်လှမိုးက ခေါင်းညိတ်လိုက်ပြီး

"ဒါဆိုရင်တော့ ခင်ဗျားအတွက် စိတ်မကောင်းစရာပဲ၊ ငွေစက္ကူတွေဟာ နံပွန်တပ်မတော်နဲ့ သက်ဆိုင်နေတယ်၊ ခင်ဗျားကို ငွေစက္ကူအတုကိုင်ဆောင်မှုနဲ့ ဖမ်းရလိမ့်မယ်"

ဟုဆိုလိုက်ရာ ဘီလေးဘိုင်၏မျက်နှာကွက်ခနဲ ပျက်သွားပြီး

"ကျွန်တော်က ဈေးသည်ပဲ ဆရာရယ်…ငွေစက္ကူအတုနဲ့ဈေး လာဝယ်သူကြောင့် အပြစ်ခံရမှာလား"

ဟုမေးမြန်းလိုက်၏။စုံထောက်လှမိုးက သက်ပြင်းချပြီး

"ဂျပန်ကင်ပေတိုင် ရောက်မှ ခင်ဗျား အခုလို ထွက်ဆို ပေ
တော့၊ဂျပန်တွေသနားရင် ခင်ဗျားလွတ်မယ်"

ဟုဆိုလိုက်ရာ ဘိလေးဘိုင်သည် တုန်လှုပ်ချောက်ချားဟန်ဖြင့် မျက်စိမျက်နှာ ပျက်သွားလေ၏။ပြီးမှ စုံထောက်လှမိုးကို မရဲတရဲကြည့်လိုက်ပြီး

"သူ့ကိုမှတ်မိနေသလိုပဲဆရာ...သူဟာ ကျွန်တော့်ရဲ့ဖောက်သည်ဟောင်းတစ်ယောက်ပါ"

ဟုပြောလေ၏။စုံထောက်လှမိုးက ဘိလေးဘိုင်၏မျက်နှာကို စူးစိုက်ကြည့်ပြီး

"သူ့နံမည် ဘယ်သူလဲ"

ဟုမေးမြန်းလိုက်၏။ဘိလေးဘိုင်က စဉ်းစားဟန်ဖြင့် ငြိမ်သက်သွားပြီး

"နေပါဦး၊သူ့နံမည် ဘယ်သူပါလိမ့်၊ ခြောက်မှတ်မိပြီ...သူ့နံမည်





ကမင်းထင်ပါ"

ဟုဆိုလိုက်၏။

စုံထောက်လှမိုးက သက်ပြင်းချလိုက်ပြီး

"ကျုပ်ထင်တဲ့အတိုင်း ဒီလူပဲဖြစ်နေတာကိုး"

ဟုတီးတိုး ရေရွတ်လိုက်လေ၏။ထိုနောက် ဘိလေးဘိုင်ကို စူးစိုက်ကြည့်ပြီး

"ခင်ဗျားဆိုင်က ဖောက်သည်တွေ မှာတဲ့ပစ္စည်းကို အိမ်အရောက်ပို့ပေးလေ့ရှိတယ်မဟုတ်လား၊ သူ့လိပ်စာကိုခင်ဗျားသိမှာပေါ့"

ဟုမေးမြန်းလိုက်ရာ ဘိလေးဘိုင်က ခေါင်းခါပြီး၊ သူ့လိပ်စာကိုပေးလေ့မရှိဘူး၊ သူက လူကိုယ်တိုင်ပဲလာယူလေ့ရှိတယ်"

ဟုဆိုလိုက်ရာ ဘိလေးဘိုင်၏ စကားကြောင့် စုံထောက်လှမိုးက သက်ပြင်းချလိုက်ပြီး

"ဟင်...ဒါဆိုရင် ခင်ဗျားကိုကျုပ်မကယ်တင်နိုင်တော့ဘူး၊

ဝမ်းနည်းပါတယ်ဗျာ"

ဟုဆိုး နိုက်ရာ ဘီလေးဘိုင်သည် ဂျမဒါမင်းထင်၏ စကား ကြောင့်ရောက်ရှားသွားပြီး

"နေပါဦး...ကျုပ်ကို ဟိုးအရင်တုန်းက သူ့လိပ်စာပေးဖူးပါ တယ်"

ဟုရေရွတ်ကာ အံဆွဲထဲရှိမှတ်စုစာအုပ်ကို ထုတ်ကိုင်လိုက်၏။ ထို့နောက်စာအုပ်၏တစ်နေရာသို့လက်ညှိုးညွှန်ပြကာ

"ဟောဒီမှာ ကြည့်မြင်တိုင် ကမ်းနားလမ်းက အုတ်တိုက်နံ အိမ်လေးတဲ့"

ဟုဆိုလိုက်၏။ စုံထောက်လှမိုးက မှတ်စုစာအုပ်ကို လှည့်မကြည့်တော့ဘဲ ခေါင်းခါယမ်းလိုက်ပြီး

"နေပါစေ...ဒါက လူမနေတဲ့ လိပ်စာပါ၊ ကျုပ်လိုချင်တာက ဒီလူရဲ့လိပ်စာအစစ်ပဲ"

ဟုဆိုလိုက်ရာ ဘီလေးဘိုင်၏မျက်နှာပျက်သွားပြီး





"အဲတာပဲဆရာရယ်...ဘုန်းကြီးအမှုရှာပတ်ဆိုသလိုဖြစ်နေပြီ၊ ကျွန်တော့်အတွက် လွတ်မြောက်နိုင်မဲ့ နည်းလမ်းမရှိတော့ဘူးလား"

ဟုသွေးတိုးစမ်းသလိုအမူအယာဖြင့်မေးမြန်းလိုက်လေ၏။ စုံထောက်လှမိုးက မျက်မှောင်ကြုတ်စဉ်းစားလိုက်ပြီး

"တစ်နည်းတော့ရှိတယ်"

ဟုဆိုလိုက်၏။ ဘီလေးဘိုင်သည် စုံထောက်လှမိုးကိုလာဘ်ထိုးပြီး စည်းရုံးနိုင်မည်ဟု ယူဆလိုက်၏။ ထို့ကြောင့် မျက်နှာကို ပြုံးရွှင်လိုက်ပြီး

"အေးအေးဆေးဆေး စကားပြောရအောင်၊ ဆရာကို ရှင်းရှင်းပဲပြောတော့မယ်၊ ဆရာဘယ်လောက်ယူမှာလဲ"

ဟုမေးမြန်းလေ၏။ စုံထောက်လှမိုးသည် ဘီလေးဘိုင်ကို ရှုံ့ရှာသွားပြီး

"ခင်ဗျား ကျုပ်ကိုလာဘ်ထိုးဖို့ကြိုးစားနေတာလား၊ ကင်ပေ

တိုင်ကို သွားချင်လို့လား"

ဟုမေးမြန်းလိုက်ရာ ဘီလေးဘိုင်၏ မျက်နှာရှုံ့မဲ့သွားပြီး

"အမလေး...ကင်ပေတိုင်ကိုတော့ မသွားပါရစေနဲ့ ဆရာ၊ အရှင်လတ်လတ် လက်သည်းခွာခံရမှာ ကြောက်လို့ပါ"

ဟုပြောလေ၏။ စုံထောက်လှမိုးက

"ကျုပ်ပြောတဲ့ လွတ်မြောက်နိုင်တဲ့ နည်းလမ်းဆိုတာ ငွေတုတွေ အသုံးပြုသွားတဲ့ မင်းထင်ဆိုတာ နောက်တစ်ခေါက်လာဦးမယ် ထင်တယ်၊ သူ့ကို ခင်ဗျားဆိုင်မှာ ကျုပ်လူတစ်ယောက် လွှတ်ပြီး စောင့်ကြည့်ချင်တယ်"

ဟုပြောလေရာ ဘီလေးဘိုင်က မျက်နှာရှုံ့မဲ့သွားပြီး

"ကျွန်တော် ဆရာကို အကူအညီပေးချင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်က မှောင်ခိုပစ္စည်းတွေ ရောင်းတဲ့လူဆိုတော့ ဆရာ့ လူလွှတ်ပြီး စောင့်ကြည့်နေမယ်ဆိုရင် အခက်အခက်တွေ့နိုင်ပါတယ်"

ဟုငြင်းဆန်လေ၏။ စုံထောက်လှမိုးက





"ခင်ဗျား အကူအညီမပေးရင်တော့ ကင်ပေတိုင်ကို သွားရမယ်နော်"

ဟုဆိုလိုက်ရာ ဘီလေးဘိုင်၏ မျက်စိမျက်နှာ ပျက်သွားပြီး

"ကင်ပေတိုင်ကိုတော့ မသွားပါရစေနဲ့...ဆရာ လုပ်ချင်သလို လုပ်ပါတော့"

ဟုခွင့်ပြုလိုက်လေ၏။

စုံထောက်လှမိုးသည် ဘီလေးဘိုင်၏ ဆိုင်တွင် စောင့်ကြည့်ရန် ဥပဒေဘက်တော်သား တစ်ယောက်ထက် အပြင်လောကသား တစ်ယောက်ကို ထားရှိရန် စဉ်းစားမိ၏။ ထိုအပြင်လောကသားသည် မည်သူဖြစ်သနည်း။

စုံထောက်လှမိုးသည် ဘိလေးဘိုင်၏ ဆိုင်တွင် စပိုင်အား စောင့်ကြည့်ပေးရန် မိမိနှင့်သိကျွမ်းသော မစိန်ကြည်ကို ရှုတ်တရက် သတိရလိုက်၏။ ဘိလေးဘိုင်၏ ဆိုင်တွင် ဗြိတိသျှစပိုင်ကို စောင့်ကြည့်ရန် မစိန်ကြည်ကို အကူအညီတောင်းဖို့ ဆုံးဖြတ် လိုက်၏။

ထို့ကြောင့် မစိန်ကြည်နေထိုင်ရာ မယ်လမုဘုရား အနီးရှိ သီလရှင်ကျောင်းသို့ သွားရောက်စုံစမ်းရာ ကံကောင်းထောက်မပြီး မစိန်ကြည်ကို တွေ့ရလေ၏။

စုံထောက်လှမိုးက မစိန်ကြည်ကို မယ်လမုဘုရားသို့ ခေါ် ဆောင်ပြီးဗြိတိသျှစပိုင်တစ်ဦးကိုမစောင့်ကြည့်ရန် မြန်မာပိန်းကလေး





တစ်ယောက် အလိုရှိသဖြင့် မစိန်ကြည်ကို လာရောက် အကူအညီ တောင်းကြောင်း၊ ထိုက်သင့်သော အခကြေးငွေလည်းပေးမည် ဖြစ်ကြောင်း ပြောလေ၏။ မစိန်ကြည်က စုံထောက်လှမိုး စကားကို နားထောင်ပြီး

"အစ်ကိုကျေးဇူးတွေ စိန်ကြည်အပေါ်မှာရှိပါတယ်၊ အစ်ကိုလို အပ်ရင် စိန်ကြည်အကူအညီပေးပါ့မယ်၊ ပိုက်ဆံပေးစရာမလိုပါဘူး"

ဟုပြောလေရာ စုံထောက်လှမိုးက မစိန်ကြည်အား ဘိလေး ဘိုင်၏ မှောင်ခိုပစ္စည်း ရောင်းသောဆိုင်အကြောင်း ပြောပြလေ၏။

မစိန်ကြည်က စိတ်ဝင်စားစွာ နားထောင်ပြီး

"ကျွန်မက မှောင်ခိုပစ္စည်းရောင်းတဲ့ ဆိုင်မှာ သွားနေပြီး အဲဒီ စပိုင်ဆိုတဲ့လူလာရင် အစ်ကို့ကို အကြောင်းကြားရမှာလား"

ဟုမေးမြန်းလေ၏။ စုံထောက်လှမိုးက လက်ကာပြပြီး

"သူဟာ အင်မတန်လည်တဲ့ စပိုင်တစ်ယောက်ဆိုတော့ ကျုပ် ကို အကြောင်းကြားဖို့ အချိန်ရမှာ မဟုတ်ဘူး၊ သူ့ကို ဇမ်းချင်လို့ ဆိုင်

မှာ ပုလိပ်တစ်ယောက် အစောင့်ထားရင်လဲ မလွယ်ဘူး၊ ဒါကြောင့် မစိန်ကြည်လို အပြင်လောကသား တစ်ယောက်ကို အကူအညီတောင်းရတာပဲ၊ စပိုင်တွေဟာ သူတို့အနောက်ကို ဘယ်သူနောက်ယောင်ခံလိုက်သလဲဆိုတာ အမြဲသတိထားနေတဲ့အပြင် မစိန်ကြည်သူ့အနောက်ကို လိုက်ရင်လဲ ရိပ်မိသွားနိုင်တယ်၊ ဒါကြောင့် အခြေအနေပေးလာရင် မစိန်ကြည်မိန်းမမာယာသုံးပြီး သူနဲ့ရင်းနှီးအောင် လုပ်ပါ၊ နောက်တော့ မီးစင်ကြည့်ကရတာပေါ့"

ဟုပြောလိုက်လေ၏။

မစိန်ကြည်က စုံထောက်လှမိုး၏ စကားကို သေချာစွာ နားထောင်ပြီး အစွမ်းရှိသမျှ ကြိုးစားမည့်အကြောင်း ပြောလေရာ စုံထောက်လှမိုးသည် ဂျမဒါမင်းထင်ကို လက်ရဖမ်းဆီးရန် စိတ်အားတက်ကြွသွားလေ၏။



ဂျမဒါမင်းထင်သည် ဂျပန်ဗိုလ်ယာမာတို့ကို ရွှေမိုးညို၏ မာယာညွှတ်ကွင်းထဲသို့ သွင်းရန် သန်လျင်ကျွန်းဘက်၌ အိမ်ငယ်လေး တစ်လုံးကို ငှားရမ်းလိုက်ပြီး ရွှေမိုးညိုကို ထိုအိမ်သို့ ပြောင်းရွှေနေထိုင်စေ၏။

ထိုအိမ်ကလေးသည် လူပြတ်သော အရပ်တွင်တည်ရှိပြီး ဂျပန်ဗိုလ်ကို စည်းရုံးသိမ်းသွင်းရန် အလုံးစုံကိုပြင်ဆင်ပြီးသောအခါ ယာမာတို့ကို ရွှေမိုးညိုအိမ်သို့ ထမင်းစားဖိတ်လိုက်လေ၏။

ချိန်းဆိုထားသောနေ့တွင် ယာမာတို့က အညိုရောင် လက်

ဆွဲအိတ်ကို ကိုင်ဆွဲကာရောက်ရှိလာသဖြင့် ဂျမဒါမင်းထင်သည် လွန်စွာစိတ်လှုပ်ရှားသွားလေ၏။

ထိုအိတ်ထဲတွင် ဂျပန်စစ်ဌာနချုပ်၏ လျှို့ဝှက်သတင်းများပါလာနိုင်၏။ သန့်လျက်ဓွန်းအိမ်လေးသို့ရောက်သောအခါ ရွှေမိုးညိုက ယာမာတိုကို ခရီးဦး ကြိုဆိုပြီး သူမကိုယ်တိုင် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ထားသောထမင်းဟင်းများနှင့်ဧည့်ခံလေ၏။

ယာမာတိုသည်ထမင်းဟင်းများ စားသောက်ရန်ထက် ရွှေမိုးညို၏အလှတွင်သာ ယစ်မူးနေလေ၏။

ဂျမဒါမင်းထင်က ထိုအခြေအနေကို အခွင့်ကောင်းယူပြီး ဧည့်ခန်းထဲတွင် ရှိနေသော ယာမာတို၏ လက်ကိုင်အိတ်ကို တိတ်တဆိတ်ဖွင့်ရန်ကြံလေ၏။

သို့သော် ယာမာတိုက အိတ်ကို သော့ခတ်ထားသဖြင့် သံချောင်းငယ်လေး တစ်ချောင်းကို ရှာပြီး သော့ကို ဖွင့်ရ ပြန်၏။ ထိုအခိုက်မှာပင်ယာမာတိုက လှမ်းခေါ်လိုက်သဖြင့် ဂျမဒါမင်းထင်





အကြပ်ရိုက်သွားပြီး သော့ဖွင့်ခြင်းကို ရပ်ကာ ထမင်းစားခန်းသို့ပြန်လာရလေ၏။

ယာမာတိုက

“မိတ်ဆွေကြီး ဘယ်ကိုရောက်နေတာလဲဗျ၊ လာပါ ကျုပ်တို့ ရွှေမိုးညိုချက်တဲ့ ထမင်းကိုအတူတူ စားရအောင်”

ဟုပြောလေရာ ဂျမဒါမင်းထင်က ရွှေမိုးညိုကို မျက်နှာရှုံ့မဲ့ပြီး လက်ခါပြလိုက်လေ၏။

ဂျမဒါမင်းထင်သည် ယာမာတို၏ အိတ်ကို ရယူရန် တစ်နည်းတစ်လမ်း ကြံဖန်ရပြန်၏။ ယာမာတိုသည် ရွှေမိုးညို၏ အလှကွန်ယက် မိနေသဖြင့် ရွှေမိုးညိုထံသို့ မကြာခဏ လာရောက်မှာ သေချာနေ၏။

ထိုကြောင့် ရွှေမိုးညိုနှင့်ပတ်သက်သော မိမိ၏အခန်းကဏ္ဍကို ရပ်တန့်ရန် ဆုံးဖြတ်လိုက်၏။ ရွှေမိုးညိုက ဂျမဒါမင်းထင်၏ ဆုံးဖြတ်ချက်ကြောင့် မျက်နှာရှုံ့မဲ့ပြီး

"ဒီဂျပန်တကျာရှူးက ငါတစ်ယောက်တည်းဆိုပြီး မဟားတရားလုပ်ရင်ဘယ်လိုလုပ်မလဲ"

ဟုပြောလေ၏။ ဂျမဒါမင်းထင်က ခေါင်းခါပြီး

"ငါ့စကားကိုဆုံးအောင်နားထောင်ပါဦး၊ နင့်ကိုဂျပန်တကျာရှူးနဲ့ တစ်ယောက်တည်းထားခဲ့မယ်လို့ ဘယ်သူပြောလို့လဲ၊ နင့်အိမ်ထဲမှာ ငါရှိနေမှာပေါ့၊ ဂျပန်ကောင် နင့်ကိုမထိနိုက်စေရပါဘူး"

ဟုဆိုသောအခါမှပင် ရွှေမိုးညိုက သက်ပြင်းချပြီး

"ဒါဆိုရင်တော့ နင့်အကြံမဆိုးပါဘူး၊ ဂျပန်တွေကိုလက်စားချေချင်လွန်းလို့သာ မာယာနဲ့ မြူဆွယ်ပေးနေရတာ၊ ငါ မိန်းမရွှင်မဟုတ်ဘူး။ ဂျပန်မျက်နှာရှူးကြီးကို အနီးကပ်မြင်တိုင်း ငါ့ရင်ထဲမှာ ပွှီပွှီလာတယ်"

ဟုဆိုလိုက်ရာဂျမဒါမင်းထင်က သက်ပြင်းချပြီး

"သိပ်မကြာတော့ပါဘူး၊ ခဏတော့ သည်းခံပြီး နေလိုက်ပါ၊ ငါသူ့ရဲ့အိတ်ကိုဖွင့်လို့ရမယ်ဆိုရင် ဂျပန်စစ်ဌာနချုပ်ရဲ့ လျှို့ဝှက်ချက်





တွေကိုအများကြီး ရလိမ့်မယ်၊ ကံကောင်းချင်တော့ ဒီကောင်က ဂျပန်ပိုလ်မှူးကြီး ဇူဇီကီးရဲ့ လက်ထောက်အရာရှိဖြစ်နေတယ်"

ဟုပြောလေရာ ရွှေမိုးညိုသည် စောဒကမတက်ဘဲ ငြိမ်သက်သွားလေ၏။

နောက်တစ်နေ့တွင် ဂျမဒါမင်းထင်သည် ဂျပန်ဗိုလ်ယာမာတိုနှင့်တွေ့ဆုံပြီး မိမိ၏အလုပ်တာဝန်များ ပြီးဆုံးသွားသဖြင့် ပျဉ်းမနားစစ်ဌာနချုပ်သို့ ပြန်တော့မည် ဖြစ်ကြောင်း ပြောလေရာ ယာမာတိုအံ့သြသွားလေ၏။

ထိုနောက်ဂျမဒါမင်းထင်က အရေးကြီးသော အမူအယာဖြင့်

"ခင်ဗျားနဲ့ကျုပ်ဟာ ရင်းနှီးတဲ့ မိတ်ဆွေတွေ ဖြစ်နေပြီဆိုတော့ ကျုပ်ရှင်းရှင်းပဲ ပြောတော့မယ်၊ ကျုပ်မိတ်ဆက်ပေးလို့ ခင်ဗျားနဲ့ ရွှေမိုးညိုရင်းနှီးခဲ့ရတယ်။ ဒါကြောင့် ကျုပ်မျက်နှာပျက်အောင်တော့ မလုပ်ပါနဲ့၊ ရွှေမိုးညိုဟာ ခင်ဗျားကို သံယောဇဉ်တွယ်နေတယ်"

ဟုဆိုပြီးယာမာတို၏ မျက်နှာကို မသိမသာ ကြည့်လိုက်ရာ

ယာမာတိုသည် အရှုံးအမဲသားကျွေးလိုက်သကဲ့သို့ဖြစ်သွားပြီး

"သေရာရဲ့လားကိုမင်းထင်"

ဟုအလောတကြီး မေးမြန်းလေ၏။

ဂျမဒါမင်းထင်က ခေါင်းညိတ်ပြီး

"သေရာပါတယ်ဗျာ၊ ရွှေမိုးညိုကိုယ်တိုင် ကျုပ်ကို ပွင့်ပွင့်လင်းလင်းဝန်ခံပြီးပါပြီ ဒါပေမဲ့သူကမြန်မာမိန်းကလေးဖြစ်နေတော့ ခင်ဗျားကို မယုံရဲသေးလို့ စောင့်ကြည့်နေတယ်၊ ဒါကြောင့် ခင်ဗျား သူယုံကြည်အောင် စိတ်ရှည်လက်ရှည် စောင့်ရမယ်၊ အကြမ်းဖက်လို့တော့မရဘူး၊ ဒါကိုတော့ အလေးအနက် မှာချင်တယ်"

ဟုဆိုလိုက်ရာ ဝမ်းသာလုံးဆို့နေသော ယာမာတိုက အကြမ်းမဖက်ဘူး ဆိုသော ကတိကို အတန်တန် ပေးလေ၏။

ဂျမဒါမင်းထင်က ဆက်ပြီး

"ကျုပ်မရှိရင်လဲ ရွှေမိုးညိုအိမ်ကို ဝင်ပါထွက်ပါဗျာ၊ ရွှေမိုးညိုကို ခင်ဗျားစောင့်ရှောက်ပါ၊ ခင်ဗျားကို လူမျိုးခြားဖြစ်ပေမဲ့ ကျုပ် ယုံ





ကြည်ပါတယ်"

ဟုမှာကြားလေရာ ယာမာတိုသည် သွားအဖြီးသားနှင့် ရွှေမိုးညိုကို စောင့်ရှောက်ပါမည့်အကြောင်း ကတိအတန်တန် ပေးလေ၏။

ထိုနေ့မှစပြီး ဂျမဒါမင်းထင်သည် ယာမာတို၏မျက်စိအရှေ့မှ ကိုယ်ယောင်ဖျောက်လိုက်လေ၏။

တစ်နေ့တွင်ဂျမဒါမင်းထင်က ရွှေမိုးညို၏ ပခုံးကို ပုတ်လိုက်ပြီး

"ကောကြာရင် ဂျပန်ဗိုလ်ယာမာတို ရောက်လာတော့မယ်၊ သူ့စစ်ရုံးကြီးကနေဒီကိုတိုက်ရိုက်လာလိမ့်မယ်၊ သူ့ဆီမှာအရေးကြီးတဲ့ သတင်းတွေပါလာလိမ့်မယ်"

ဟုပြောပြီးအဝတ်ဗီရိုကြီးထဲသို့ဝင်ပုန်းလေ၏။

ထိုနောက် သူ၏မျက်စိတည့်တည့်နေရာလောက်တွင် အပေါက်ငယ်လေးတစ်ပေါက်ဖောက်ပြီးလေ၏။





ယာမာတိုသည်ရွှေမိုးညို၏မာယာညွတ်ကွင်းထဲသို့ သက်ဆင်းနေပြီဖြစ်ရာမိမိအကြံအစည်အောင်မြင်မည်ထင်၏။

နေ့လယ်စာ စားသောက်ချိန်သို့ရောက်သောအခါဂျပန်ဗိုလ်ယာမာတိုသည် သန့်လျှက်စွန်းအိမ်ကလေးသို့စိတ်အားတက်ကြွစွာဖြင့်ရောက်ရှိလာပြီးရွှေမိုးညို၏တစ်ရစ်သော ခန္ဓာကိုယ်ကိုမျက်လုံးကျွတ်မတတ် စူးစိုက်ကြည့်လေ၏။

ရွှေမိုးညိုသည်ဂျပန်ဗိုလ်ယာမာတိုကိုအိမ်လေးထဲသို့လိုက်လှဲပျူငှာသောအမူအယာဖြင့် ခေါ်ဆောင်သွားပြီး ရေနွေးကြမ်း၊ လက်ဖက်သုပ်စသည်တို့ဖြင့်တည်ခင်းဧည့်ခံလေ၏။

ပြီးနောက် သူမ၏ လက်ရာ မြန်မာထမင်းဟင်းဖြင့် ဧည့်ခံကျွေးမွေးမည်ဆိုကာ ထမင်းစားခန်းသို့ခေါ်ဆောင်သွားလေ၏။

ထိုအခါ ယာမာတိုက သူ၏လက်ဆွဲအိတ်ကိုရင်မှာ ပိုက်ပြီးထမင်းစားခန်းသို့ယူဆောင်မည်ပြုလေရာရွှေမိုးညိုက

"ထမင်းကိုအေးအေးစားပါရှင်၊အိတ်ကြီးကိုဧည့်ခန်းထဲမှာ

ထားခဲ့ပါ

ဟုဆိုလိုက်ရာယာမာတို့ကအိတ်ကိုစိတ်မချဟန် ဖြင့်ကြည့်ပြီးဧည့်ခန်းစားပွဲပေါ်တွင်တင်ခဲ့လေ၏။

ထိုအခိုက်မှာပင်ဂျမဒါမင်းထင်သည် ပုန်းခိုနေသောဗီရိုကြီးထဲမှ အသံမကြားအောင်ထွက်ပြီး ဧည့်ခန်းထဲတွင်ကျန်ရှိနေသောယာမာတို့၏လက်ကိုင်အိတ်ကိုဖွင့်ရန်ကြိုးစားလေ၏။

ယာမာတို့သည်သူ၏ထုံးစံအတိုင်းလက်ဆွဲအိတ်ကိုသော့ငယ်လေးတစ်လုံးဖြင့်ခတ်ထားလေ၏။ ဂျမဒါမင်းထင်က စားပွဲပေါ်ရှိရွှေမိုးညို၏ဆံညှပ်ကလစ်ဖြင့်လက်ကိုင်အိတ်သော့ကိုဖွင့်ရန်ကြိုးစားသော်လည်းမအောင်မြင်ခဲ့ချေ။

ထိုနောက်ရွှေမိုးညို၏ အိပ်ခန်းထဲသို့အသံမကြားအောင်သွားပြီးဝက်အူလှည့်တစ်ချောင်းကိုယူကာလက်ကိုင်အိတ်ကို ဖွင့်ပြန်၏။

သို့သော်ဝက်အူလှည့်ကသော့ပေါက်ထဲသို့သွင်းရန်ကြီးနေ





လေ၏။ဂျမဒါမင်းထင်သည်စားပွဲအံဆွဲအတွင်းရှိရွှေမိုးညို၏ဆံညှပ်တစ်ချောင်းကိုယူကာ ဖွင့်ရန်ကြိုးစားပြန်၏။ သို့သော် သော့ပေါက်ကမာလွန်းသဖြင့်ဆံညှပ်ကျိုးသွားပြန်၏။

ထမင်းစားခန်းထဲတွင်ယာမာတို့သည်ရွှေမိုးညို၏ လက်ရာထမင်းဟင်းများကိုအားပါးတရစားသောက်ပြီးချီးမွမ်းခန်းအမျိုးမျိုး ဖွင့်နေဆဲဖြစ်၏။

ဂျမဒါမင်းထင်သည် သော့ပေါက်ကို ချိုးဖျက်ပြီး ဖွင့်လျှင်ရနိုင်သော်လည်း သော့ပေါက်ကျိုးသွားလျှင် ဂျပန်ဗိုလ်ယာမာတို့ရိပ်စားမိသွားပြီး ရွှေမိုးညိုအမှုပတ်နိုင်၏။

ထိုသို့ဆိုလျှင် စပိုင်လုပ်ငန်းနောက်ထပ် လူတစ်ယောက်ကို သတ်ရပေတော့မည်။

ထိုသို့လူသတ်မှုမျိုးပြုလုပ်ရန် မိမိဝန်လေးနေပြီဖြစ်၏။

နောက်ဆုံးတွင် စွန့်စွန့်စားစားလုပ်ကိုင်မည့်နည်းလမ်းတစ်ခုကိုစဉ်းစားမိ၏။ မိမိမှာအချိန်အနည်းငယ်သာ ကျန်ရစ်တော့၏။

ဂျမဒါမင်းထင်သည်ထမင်းစားခန်းအနီးသို့အသံမကြားအောင်တိုးကပ်သွားပြီး ခန်းဆီးအနောက်မှ ချောင်းကြည့်လိုက်ရာ ဂျပန်ဗိုလ်ယာမာတိုသည် ကျောပေးပြီး စားသောက်နေပြီး မျက်နှာချင်းဆိုင်ထိုင်နေသောရွှေမိုးညိုကဂျမဒါမင်းထင်ကိုလှမ်းမြင်လေ၏။

ဂျမဒါမင်းထင်ကကုလားထိုင်တွင်ချိတ်ထားသောယာမာတို၏အကျႌကိုလက်ညိုးညွှန်ပြလိုက်လေ၏။ ရွှေမိုးညိုသည် ဂျမဒါမင်းထင်၏ ဆိုလိုရင်းကိုသဘောပေါက်ပြီး ကုလားထိုင်တွင် ချိတ်ထားသောယာမာတို၏အကျႌကိုမသိမသာ လှမ်းယူပြီးဧည့်ခန်းဘက်သို့ထွက်လိုက်၏။

ထိုအခါယာမာတိုက သူ၏အကျႌကိုလှည့်ကြည့်ပြီး

"ဘာလုပ်မလို့လဲ"

ဟုမေးမြန်းလိုက်ရာရွှေမိုးညိုက

"အကျႌပေသွားမှာစိုးလို့ဧည့်ခန်းထဲကချိတ်မှာချိတ်ပေးမလို့ပါ"





ဟုပြောလေရာယာမာတိုသည်ငြိမ်သက်သွားလေ၏။

ဂျမဒါမင်းထင်သည် မိမိအတွက်အချိန်များစွာမရသဖြင့် ရွှေမိုးညိုကမ်းပေးလိုက်သောသော့တွဲကိုယူပြီးသော့တွဲထဲမှအငယ်ဆုံးသော့ကိုယူပြီး လက်ဆွဲအိတ်ကိုဖွင့်လိုက်၏။

ထိုအခါဂျပန်စစ်တပ်၏အရေးကြီးစာရွက်စာတမ်းများထွက်လာ၏။ဂျမဒါမင်းထင်သည်စိတ်လှုပ်ရှားစွာဖြင့်လျှို့ဝှက်စာ တမ်းများကိုဖတ်ရှုလိုက်၏။

ထိုအခါပျဉ်းမနား၊ ပြင်ဦးလွင်တို့ရှိဂျပန်စစ်တပ်အင်အားနှင့်သံချပ်ကာကားများ၊တိုက်လေယာဉ်များ၏တည်ရှိပုံကိုစနစ်တကျမြင်တွေ့ရ၏။ ထိုပြင် အရှေ့တောင် အာရှနှင့်ပတ်သက်သော စစ်ဆင်ရေးတစ်ခု၏အမည်ကိုမီးပင်လယ်စစ်ဆင်ရေးဟု အမည်ပေးထားကြောင်းလည်း သိရ၏။

ဂျမဒါမင်းထင်သည်စစ်သတင်းများကိုစိတ်လှုပ်ရှားစွာ ဖတ်ရှုပြီးယာမာတိုသည်မိမိအတွက်အလွန်အဘိုးတန်သောရတနာသိုက်

ကြီးကဲ့သို့ဖြစ်ကြောင်းရိပ်စားမိသွားလေ၏။

ရှေ့ဆက်ပြီးယာမာတိုထံမှစစ်သတင်းများစွာ ကိုရရှိနိုင်သေး၏။ ထို့ကြောင့်ယာမာတိုမရိပ်မိစေရန် တရွက်စာတမ်းများကိုလက်ဆွဲအိတ်ထဲသို့ပြန်ထွက်ပြီးသော့ကိုအကျီအိတ်ထဲသို့ပြန်ထည့်ပေးလိုက်၏။

ဧကာအကြာတွင်ယာမာတိုသည် ဟးသောက်ခြင်းပြီးစီးသွားပြီးရွှေမိုးညိုထံမှပြန်ထွက်ရန်ပြင်ဆင်လေရာရွှေမိုးညိုက

"ပြန်တော့မှလားနေပါဦးလားရှင်"

ဟုညှုတုတုဆိုလိုက်ရာ ယာမာတိုက ခေါင်းညိတ်ပြီး

"တကယ်တော့ဒီအချိန်ကကိုယ်က စစ်ရုံးမှာရှိနေရမှာ၊ကိုယ့်ဆီမှာရုံးချုပ်ကယူလာတဲ့ အရေးကြီး တရွက်စာတမ်းတွေပါတယ်၊ ဒီလက်ဆွဲအိတ်ကိုအပြင်ကိုယူခွင့်မရှိဘူး"

ဟုပြောကာ ရွှေမိုးညိုထံမှကမန်းကတန်း ထွက်ခွာသွားလေ၏။ ဂျမဒါမင်းထင်သည် မိမိ အလွတ်မှတ်ထားသော ဂျပန်တို့၏





လျှို့ဝှက်စစ်သတင်းများကို ကလကတ္တားရှိဗြိတိသျှ စစ်ဌာနချုပ်သို့အမြန်ဆုံးပို့လိုက်လေ၏။ ဂျပန်တို့၏အရှေ့တောင်အာရှစစ်ဆင်ရေးမီးပင်လယ်ကိုဗြိတိသျှဗိုလ်ချုပ်ကြီးများအမြန်သိရှိစေချင်၏။

အိန္ဒိယနိုင်ငံကာလကတ္တားမြို့ရှိ စင်ရုံးကြီး၌ စပိုင်အသီးသီးက ပေးပို့သော သတင်းများနှင့်ပြည့်နှက်နေ၏။ ထိုသတင်းအားလုံးကို အတည်မပြုဘဲ စိစစ်ဝေဖန်ပြီးမှသာ ဖြစ်နိုင်ချေရှိသော သတင်းများကို ဗိုလ်ချုပ်စလင်းထံသို့ ပို့ပေးလေ၏။

စားပွဲပေါ်ရှိသတင်းများ အနက် ဂျူမဒါမင်း ဘက်ပို့ပေးလိုက်သော သတင်းသည် အချို့သော စပိုင်များ ပို့ပေ သော သဘင်းများကဲ့သို့ ခန့်မှန်းချေမဟုတ်ဘဲ တိကျနိုင်မှာလွန်းလှ၏။





ထိုသတင်းများအနက် ဂျပန်တို့၏ မီးပင်လယ်စစ်ဆင်ရေး ဆိုသည်မှာ အလွန်စိတ်ဝင်စားဖို့ကောင်းလှ၏။ သတင်းမှန်ဖြစ်လျှင် ဗြိတိသျှတို့အတွက် အလွန်အဘိုးတန်သော သတင်းဖြစ်၏။

ထို့ကြောင့် သတင်း စိစစ်ဝေဖန်ရေးအဖွဲ့မှ ဗိုလ်ကြီးသည် ဂျူမဒါမင်းထင်၏ သတင်းကို ဗိုလ်ချုပ်စလင်းထံသို့ အမြန်ဆုံးတင်ပို့ပေးလိုက်၏။

ဗိုလ်ချုပ်စလင်းသည် ဂျူမဒါမင်းထင်ပို့ပေးလိုက်သော မီးပင်လယ်စစ်ဆင်ရေးသတင်းကို ဖတ်ရှုပြီး မျက်လုံးပြူးကာ ကာနယ်ကောလင်းကို လှမ်းခေါ်လိုက်၏။

ကာနယ်ကောလင်း ရောက်လာသောအခါ မီးပင်လယ်စစ်ဆင်ရေးကိုပြလိုက်ပြီး ဗိုလ်ချုပ်စလင်းက လေသံတိုးတိုးဖြင့်

"ဖြစ်နိုင်ပါ့မလား"

ဟုမေးမြန်းလိုက်ရာ ကာနယ်ကောလင်းက အထစ်ထစ် အငေါ့ငေါ့ဖြင့် ခေါင်းခါယမ်းကာ

"ဘုရားသခင်မှပဲအမှန်ပြောနိုင်မှာဘဲ"

ဟုပြောလိုက်လေ၏။ဗိုလ်ချုပ်လေလင်းက မီးပင်လယ်စစ်ဆင်ရေးသတင်းကို လက်ထဲတွင် ဆုပ်ကိုင်လိုက်ပြီးတစ်စုံတစ်ရာကို လေးလေးနက်နက်စဉ်းစားနေလေ၏။

စုံထောက်လှမိုးသည်မီးဖိုချောင်မှ ပျံလွင့်လာသော အိမ်ဖော်မိစိန်၏သီချင်းသံကြောင့်အိပ်ယာမှလန့်နိုးလာ၏။

လွန်ခဲ့သောညက ညဉ့်နက်အောင် စာအုပ်ဖတ်ခဲ့သဖြင့် အိပ်ယာထနောက်ကျနေခြင်းဖြစ်၏။ စုံထောက်လှမိုးသည်အိပ်ယာမှကမန်းကတန်းထကာ ရေမိုးချိုးပြီး ထမင်းစားခန်းသို့ဆင်းခဲ့၏။

အိမ်ဖော် မိန်းကလေးသည် သားဖြစ်သူအတွက် နံနက်စာ ထမင်းကြော်နေပုံရ၏။ အောက်ထပ် ထမင်းစားခန်းတွင် နံနက်စာ

တရှုန်းအသည်စောင့်နေသော သားဖြစ်သူက အင်ပေက်တော်လူနို ကိုမြင်သောအခါ

"အဖေ အိပ်ယာနိုးပြီလား"

ဟုနုတ်ဆက်လိုက်လေ၏။ စုံထောက်လှမိုးက မောင်နေမင်း၏ခေါင်းကိုပုတ်လိုက်ပြီး

"ငါ့သားက ဝီနီယကောင်းလှရှည်လား"

ဟုပြောကာ ထမင်းဝိုင်းတွင် ဝင်ထိုင်လိုက်လေ၏။

စုံထောက်လှမိုးသည် အိမ်ဖော် မိန်းကလေး ပြင်ဆင်ပေးသော ထမင်းကြော်ကို တို့ကနန်းဆိတ်ကနန်းစားရင်း သွားလေသူဇနီးကိုလွမ်းဆွတ်သတိရသွားလေ၏။

သူ၏ဇနီးသည် သားဖြစ်သူကို မွေးဖွားပြီး မီးတွင်းထဲမှာပင် သားအဖနှစ်ယောက်ကိုထားရစ်ခဲ့၏။ ယခုတော့ မိမိနှင့်သားကလေးသည်အဖေတစ်ခုသားတစ်ခုဘဝဖြင့်နေထိုင်ခဲ့ရ၏။

စုံထောက်လှမိုးသည် စားလက်စထမင်းကို လက်စသတ်





လိုက်ပြီး မောင်နေမင်းကလေးကိုနုတ်ဆက်ကာ အိမ်မှထွက်ခဲ့လေ၏။

စုံထောက်လှမိုးသည်။ ဘီလေးဘိုင်၏မှောင်နိုပစ္စည်းရောင်းသော ဆိုင်တွင် မစိန်ကြည်ကို အစောင့်ထားရန် သူမနေထိုင်ရာ သိလရှင်ကျောင်းသို့သွားခေါ်လေ၏။

မစိန်ကြည်ကို ဘီလေးဘိုင်နှင့်မိတ်ဆက်ပေးသောအခါ ဘီလေးဘိုင်သည်မစိန်ကြည်၏ စွင့်ကားသောတင်ကို မျက်လုံးဝေ့ ကြည့်လိုက်ပြီး

"ဟီးဟီး...ကျုပ်ရဲ့ဆိုင်မှာ စိတ်တိုင်းကျနေနိုင်ပါတယ်၊ ဘယ်လောက်ကြာကြာရပါတယ်"

ဟုပြောလေ၏။ ထိုအချိန်မှစပြီး ဘီလေးဘိုင်သည်မစိန်ကြည် ကိုနည်းအမျိုးမျိုးဖြင့် ပိုးပန်းနေလေတော့၏။

တစ်နေ့တွင် မစိန်ကြည် အနီးသို့ဘီလေးဘိုင်ရောက်ရှိလာပြီး လေသံတိုးတိုးဖြင့်

"ဆိုင်ထဲမှာ မစိန်ကြည်တို့လိုချင်တဲ့ ငွေစက္ကူအတုသုံးတဲ့သူ

ရောက်နေပြီ"

ဟုပြောလိုက်၏။ မစိန်ကြည်သည် ဂျမဒါမင်းထင် ဆိုသူကို အကဲခတ်လိုက်ရာ အလွန်ပင်တည်ကြည်ရုံညားပြီး ယောကျ်ားပီသသော အမူအယာရှိလေ၏။

ထိုသို့သောယောကျ်ားမျိုးကို သူမအနေဖြင့် အလွယ်တကူရင်းနှီးအောင် လုပ်နိုင်မည်မထင်ချေ။ မစိန်ကြည်သည် ရုတ်တရက်စိတ်ကူးတစ်ခုပေါက်သွားပြီး တအင့်အင့်ရှိုက်ငိုလိုက်၏။

ဘီလေးဘိုင်သည်မစိန်ကြည်ကိုအံ့သြဟန်ဖြင့်ကြည့်နေစဉ် မစိန်ကြည်က ဘီလေးဘိုင်ကိုလက်ညှိုးငေါက်ငေါက်ထိုးပြီး

"တကုလားကြီး၊ မြန်မာမိန်းကလေးတစ်ယောက်ကိုပိုက်ဆံအားကိုးနဲ့ ဇင်ပုတ်ခေါင်းပုတ်လုပ်လို့မရဘူး၊ အရှက်ထက်အသက်ကိုပိုတန်ဘိုးထားတယ်၊ သီလားအသက်ချင်းလဲပစ်လိုက်မယ်၊ ရှင့်အကြွေးတွေကိုကျွန်မ မရရအောင်ပြန်ဆပ်မယ်"

ဟုဆိုလိုက်ရာ ဘီလေးဘိုင်သည် ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်နေစဉ် မစိန်ကြည်က မသိမသာ မျက်စိမှိတ်ပြလိုက်၏။





ထိုအခါ ဘီလေးဘိုင် သဘောပေါက်သွားပြီး

"ကောင်းပြီ..နင်ငါ့အကြွေးတွေကို အကုန်ဆပ်ပြီးရင် သွားချင်ရာ သွားနိုင်ပြီ"

ဟုအော်ဟစ်ပြောဆိုလိုက်ရာ မစိန်ကြည်က အံကိုကြိတ်ပြီးရှိုက်ငိုလိုက်လေရာ ဂျမဒါမင်းထင်သည်မစိန်ကြည်ကိုမသိမသာစောင်းကြည့်လိုက်၏။ မစိန်ကြည်သည် ဂျမဒါမင်းထင် ဝယ်ယူလေ့ရှိသည်ဆိုသော ဂျွန်ပလေးယားမှတ်ဆိတ်စီးကရက်ကို မသိမသာယူပြီးဆိုင်၏အနောက်ဘက်ဆုံးထောင့်တွင်သွားထားလိုက်၏။ ဂျမဒါမင်းထင်သည် ဂျပန်ခေတ်တွင် ရှေ့ထက် ရှားပါးသောအင်္ဂလန်လုပ်အသားဘူး၊ ငါးဘူးများနှင့်ဒိန်ခဲဘူးများကို ဝယ်ယူပြီးနောက်စီးကရက်တောင့်များကိုလိုက်လံရှာဖွေလေ၏။

ထိုသို့ရှာဖွေရင်းဆိုင်အနောက်ရှိမစိန်ကြည်အနီးသို့ရောက်လာသောအခါမှပင် စီးကရက်ဘူးများကို တွေ့သွားလေ၏။ ဂျမဒါ

မင်းထင်သည် ဂျပန်ခေတ်တွင် အလွန်ရှားပါးသော ဂျွန်ပလေးယား မုတ်ဆိတ်ဘူးများကို စက္ကူအိတ်ထဲသို့ သိမ်းကျုံးထည့်နေရာမှ ရှောမောလှပသော မစိန်ကြည်နှင့်မျက်လုံးချင်း ဆုံသွားလေ၏။

ဂျမဒါမင်းထင်သည် မစိန်ကြည်ကို ဂရုဏာသက်သလို ဖြစ်သွားပြီး လေသံတိုးတိုးဖြင့်

"မင်းမှာ အကြွေးဘယ်လောက်ရှိလို့လဲ"

ဟုမေးမြန်းလိုက်ရာ မစိန်ကြည်က အခွင့်အရေး ရပြီဟု ယူဆကာ

"အမေမဆုံးမီက ဆေးကုဖို့ယူထားတဲ့ငွေလေး ၃၀ တည်းပါ၊ ဒီလူကြီးက ကျွန်မကို ဖင်ပုတ်ခေါင်းပုတ် လုပ်ရုံမက သူ့ငွေတွေ တစ်လအတွင်း ပြန်မဆပ်ရင် ကျွန်မကို သိမ်းပိုက်မယ်လို့ ပြောနေပါတယ်"

ဟုဆိုလိုက်၏။

ဂျမဒါမင်းထင်သည် မစိန်ကြည်ကို ကရုဏာ ပိုသွားဟန်ဖြင့်





"ဒါဆိုရင်တော့ မြန်မာလူမျိုးအရှင်းရှင်း ယိုင်းပင်းတဲ့အနေနဲ့ မင်းကိုကူညီပါ့မယ်၊ စနေနေ့ ညနေ ၄ နာရီ တရုတ်တန်းက စိန်လှုံ တားတော်ဆက်ကိုလာခဲ့"

ဟုဆိုလိုက်ရာ မစိန်ကြည်သည် မိမိအကြံအောင်ပြီဆိုပြီး မျက်နှာဝင်းထိန်သွားလေ၏။ ဂျမဒါမင်းထင်သည် မစိန်ကြည်၏ မျက်နှာဝင်းထိန်သွားခြင်းကို သတိပြုမိသော်လည်း သူမ၏အစက် အခဲများက လွတ်မြောက်သွားခြင်းကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်သွားခြင်းဟု ယူဆလေ၏။

ဗိုလ်မှူးကြီးဆာကီးသည်ဂျပန်စစ်ထောက်လှမ်းရေးမှတိတ်တဆိတ် ဖမ်းယူထားသော လျှို့ဝှက် အစီရင်ခံစာများကို ဖတ်ရှုပြီး မိမိတို့ စစ်သတင်းများကို အင်္ဂလိပ်စပိုင်များ ကောင်းမွန်စွာ မသိရှိသေးဟု ယူဆကာ စိတ်အေးချမ်းသာ ရှိနေရာမှ စစ်ထောက်လှမ်းရေးမှနောက်ဆုံးပို့လိုက်သော အစီရင်ခံစာကြောင့်အထိတ်တလန့်ဖြစ်သွားလေ၏။





ထိုအစီရင်ခံစာအရ သတင်းပို့ချက် တစ်ခု၏ လျှို့ဝှက်ကုတ်များကို မဖော်နိုင်သဖြင့် သတင်းအပြည့်အစုံကို မဖော်ပြနိုင်သော်လည်း မီးပင်လယ် ဆိုသော စာကြောင်းတစ်ကြောင်းသာ ဖော်နိုင်သည်ဟုဆို၏။

မီးပင်လယ် ဆိုသည်မှာ မိမိတို့စစ်တပ်၏အရှေ့တောင်အာရှနှင့်ပတ်သက်ပြီး အလွန် အရေးကြီးသော စစ်ဆင်ရေး ဗျူဟာဖြစ်၏။ ထိုဗျူဟာကို စစ်ရုံးကြီး၌ လျှို့ဝှက်ပြီး ရေးဆွဲထားခြင်းဖြစ်၏။

ယခု ထိုစစ်ဆင်ရေး၏ လျှို့ဝှက်ချက်များ အဘယ်ကြောင့် အချိန်တိုအတွင်း ပေါက်ကြားသွားသနည်း။ ဗိုလ်မှူးကြီးဆာကီးသည်အလွန်စိတ်လှုပ်ရှားပြီး စုံထောက်လှမိုးကို သူ၏အရှေ့သို့ဆင့်ခေါ်လိုက်ကာ "မီးပင်လယ်စစ်ဆင်ရေး" ပေါက်ကြားသွားခြင်းကို ပြောပြလိုက်၏။

စုံထောက်လှမိုးသည်ဗိုလ်မှူးကြီးဆာကီး၏စကားကိုပါးစပ်အဟောင်းသား နားထောင်ပြီး

"မီးပင်လယ်စစ်ဆင်ရေးကို ဂျပန်တပ်မတော်အပြင် ဘီအိုင်အေက လူတွေသိသေးသလား"

ဟုမေးမြန်းလိုက်ရာ ဗိုလ်မှူးကြီးဆာကီးက ခေါင်းခါယမ်းပြီး

"ဗိုလ်ချုပ်အောင်ဆန်းတောင် မသိဘူး၊ ဘာလို့လဲဆိုတော့ ဒါဟာကျုပ်တို့ဂျပန်တပ်မတော်ရဲ့ အရှေ့တောင်အာရှစစ်ဆင်ရေးပဲ၊ မြန်မာ့တပ်မတော်နဲ့ မဆိုင်ဘူး"

ဟုဆိုလိုက်ရာ စုံထောက်လှမိုးက အံကိုကြိတ်ပြီး

"ဒါဆိုရင်တော့ ကာလကတ္တားက လွှတ်လိုက်တဲ့ နောက်ဆုံးစပိုင်ရဲ့ လက်ချက်ပဲဖြစ်မယ်၊ ဒီလူသိပ်အစွမ်းထက်တယ်၊ သူ့ကို အမြန်ဆုံးဖမ်းမိမှဖြစ်မယ်"

ဟုဆိုလိုက်၏။ ဗိုလ်မှူးကြီးဆာကီးက စားပွဲကို လက်ဖြင့်ထုပြီး

"ကာလကတ္တားက သူလျှိုကို တွေ့ရာသင်္ချိုင်းမဆိုင်းဘဲ အမြန်ဆုံး သုတ်သင်ပါ"





ဟုအမိန့်ပေးလိုက်လေ၏။

ထိုအချိန်မှစပြီး စုံထောက်လှမိုးသည် အစွမ်းထက်သော သူလျှိုတစ်ဦး မြန်မာပြည်ထဲသို့ဝင်ရောက်နေခြင်းကို နောက်ကျောမလုံသကဲ့သို့ ခံစားရ၏။

ဂျမဒါမင်းထင်ဆိုသော သူလျှိုသည် ရုတ်တရက် မြင်ကွင်းထဲမှ ကိုယ်ပျောက်ဖျောက်ပြီး မည်သည့်အရပ်သို့ရောက်ရှိနေသနည်း၊ ထိုသူလျှိုထံသို့ မီးပင်လယ် စစ်ဆင်ရေးကဲ့သို့သော အရေးကြီး စစ်သတင်းများ မည်သို့ရောက်ရှိနေသနည်း။

ထိုအနိုက်မှာပင် ဖုန်းမြည်သံကြားသဖြင့် ကောက်ကိုင်လိုက်ရာ မစိန်ကြည်ထံမှဖြစ်နေလေ၏။ မစိန်ကြည်က

"ရှင်ရှာနိုင်းတဲ့လူ ဘီလေးဘိုင်ရဲ့ဆိုင်ရောက်လာတယ်"

ဟုဆိုလိုက်ရာ စုံထောက်လှမိုး၏ မျက်လုံးများပြူး ကျယ်သွားပြီး

"ဘယ်လိုလဲ၊ သူ့လိပ်စာ ရလိုက်သလား"

မေးမြန်းလိုက်၏။ မစိန်ကြည်က

"သူလိပ်စာတော့ မရလိုက်ဘူး။ ကျွန်မ မိန်းမ မာယာသုံး လိုက်လို့ သူကျွန်မကို မနက်ဖြန် ညနေ ၄ နာရီမှာ တရုတ်တန်းက စိန်လျှံစျေးပွဲစားရုံကို ချိန်းလိုက်တယ်"

ဟုဆိုလိုက်ရာ ဝံထောက်လှမိုးသည် အလွန် ဝမ်းမြောက်ဝမ်း သာဖြစ်သွားပြီး

"မင်းသိပ်တော်တယ်၊ နောက် မင်းနဲ့တွေ့မှ ဘောက်ဆူး ကောင်းကောင်းပေးမယ်"

ဟုပြောလိုက်လေ၏။ မစိန်ကြည်က သက်ပြင်းချပြီး

"ဘောက်ဆူးက အရေးမကြီးပါဘူး၊ မနက်ဖြန် စိန်လျှံစား တော်ဆက်မှာ ကျွန်မဘာဆက်လုပ်ရမလဲ"

ဟုမေးမြန်းလိုက်ရာ ဝံထောက်လှမိုးက ဆွဲကာမှောင်ကြုတ်ပြီး

"ကြိုတင်ပြောလို့မရဘူး။ အခြေအနေကို ဦးစဉ်ကြည့်ကာပေ တော့"





ဟုပြောလိုက်လေရာ မစိန်ကြည်က သက်ပြင်းချပြီး

"ကောင်းပါပြီ"

ဟုပြောလိုက်လေ၏။

ဝံထောက်လှမိုးသည် မနက်ဖြန် အစွမ်းအထက်ဆုံး သူလို့ နှင့်နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်တွေ့ရတော့မည် ဆိုသဖြင့် စိတ်လှုပ်ရှား နေလေ၏။ မည်သို့ပင်ဖြစ်စေ မနက်ဖြန် မက်ဆိုပိုတေးမီးယားစစ်ပြန် ဂျမဒါမင်းထင်ကို အမိအရ ဖမ်းဆီးရပေတော့မည်။

ဂျမဒါမင်းထင်သည် ရှေ့မှီးညှိကာ ပူဆာသဖြင့် ဘုံဘေရက်

တော့ရှင့်၌နေလယ်စာ စားသောက်လေ၏။

နေလယ်စာ စားသောက်ပြီး ဒိန်ရှည်တစ်ခွက်စီမှာပြီး အရသာ

ခံသောက်လေ၏။ ထိုအချိန်မှာပင် ဂျမဒါမင်းထင်ရှင်းပေး လိုက်

သော ငွေစက္ကူများသည် အတုဖြစ်နေသဖြင့် ငွေကိုင်စာရေး သည်

ပုလိပ်ဌာနသို့ဖုန်းဆက်လိုက်လေ၏။

မကြာမီပုလိပ်များ ရောက်ရှိလာပြီး ငွေစက္ကူအတုများ ရှင်း





ပေးသော ဂျမဒါမင်းထင်တို့ စုံတွဲထံသို့ ရောက်ရှိလာ၏။

ဂျမဒါမင်းထင်သည် မိမိတို့အနီးသို့ရောက်လာသော ငွေကိုင်

စာရေးနှင့်ပုလိပ်များကို မျက်မှောင်ကြုတ်ကြည့်ပြီး

"ဘာကိစ္စလဲ"

ဟုမေးမြန်းလိုက်၏။

ထိုအခါ ငွေကိုင်စာရေးက အသံတုန်တုန် ယင်ယင်ဖြင့်

"ဟို..ဆရာပေးလိုက်တဲ့ငွေစက္ကူတွေဟာ အတုဖြစ်နေလို့ပါ"

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်၏ ခေါင်းထဲတွင် အန္တရာယ်

အချက်ပေးခေါင်းလောင်းသံများ ဆူညံသွားလေ၏။

မိမိကိုကွင်းကောက်ရွာသူကြီး ဆာဂျင်မြဒင် ပေးလိုက်သော

ငွေစက္ကူများသည် အတုဖြစ်နေလေ၏။

ဂျမဒါမင်းထင်သည် ကွင်းကောက်ရွာသို့ပြန်ပြီး ဆာဂျင်မြဒင်

ကို သတ်ချင်စိတ်များ ဖြစ်ပေါ်လာ၏။ မိမိကို ငွေစက္ကူအတုများ ပေး

အပ်ခြင်းသည် မိမိအသက်ကို ဂျပန်ကင်ပေတိုင်သို့ ပေးအပ်ခြင်းနှင့်

အတုတုဖြစ်၏။

ဂျမဒါမင်းထင်သည်အတတ်နိုင်ဆုံးဟန်ဆောင်ရန် ဆုံးဖြတ်လိုက်ပြီး

"ကျုပ်တို့ပေးတဲ့ပိုက်ဆံက အတုဖြစ်နေတယ် ဆိုရင် ဆိုင်များတို့ ကျေနပ်အောင် လုပ်ပေးရမှာပေါ့၊ ဒီအတွက် ပုလိပ်ကို ခေါ်စရာ မလိုပါဘူးဗျာ"

ဟုဆိုလိုက်ရာ ပုလိပ်တစ်ယောက်က

"ဘာပဲဖြစ်ဖြစ် ငွေတုတွေကိုင် သုံးတယ်ဆိုတာ ဥပဒေကို ချိုးဖောက်တာပဲဗျ"

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်က ခေါင်းညိတ်ပြီး

"ကျုပ်တို့က ငွေတုတွေ မှန်းသိရက်နဲ့ ဆိုင်တွေမှာ လိုက်သုံးနေရင်တော့ ဥပဒေကို ချိုးဖောက်တာပေါ့၊ အခုတော့၊ ကျုပ်တို့လဲမသိဘဲခံရတာဗျ"

ဟုပြောလိုက်ရာ ပုလိပ်များ တခဏမျှ ငြိမ်သက်သွားလေ၏။





ဂျမဒါမင်းထင်သည် မိမိ ရရှိသော အခွင့်အရေးကို လက်လွှတ်မခံဘဲ

"ဒီလိုလုပ်ပါလား၊ ဆိုင်များတို့ဆိုင်ကို ငွေစက္ကူအစစ်တွေနဲ့ ရှင်းပေးလိုက်မယ်၊ ကျုပ်တို့လက်ထဲက ငွေစက္ကူအတုတွေကိုတော့ မနက်ဖြန် ဘဏ်မှာ သွားပြမယ်၊ ငွေစက္ကူ အတုတွေဆိုရင်တော့ ငွေတွေကို ဆက်မသုံးဘဲ ဘဏ်မှာ အပ်လိုက်မယ်ဗျာ"

ဟုဆိုလိုက်ရာ ငွေသိမ်းစာရေးက ကျေနပ်ဟန်ပြသော်လည်း ပုလိပ်တစ်ဦးက ဝင်ပြီး

"ဘာပဲဖြစ်ဖြစ် ဆရာကတော့ ပုလိပ်ဌာနကို လိုက်ခဲ့ဖို့လိုပါတယ်"

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်နှင့် ရွှေမိုးညိုသည် အကြပ်တွေ့ပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်လေ၏။

ဂျမဒါမင်းထင်သည် ဆိုးဝါးလှသော အခြေအနေကို နောက်ဆုံးအနေဖြင့် ထိန်းရန် ကြိုးစားလိုက်ပြီး

"ဝေလာင်းပြီ ကျုပ်တို့ဒီနေ့လုံးဝ မအားဘူး မင်းတို့လိပ်စာတို့ပေးပါ ကျုပ်တို့လာပြီး အစစ်ခံပါမယ်"

ဟုပြောလေ၏။ သို့သော် ပုလိပ်ခေါင်းဆောင်က စိတ်လျှော့ဟန်မရှိဘဲ

"ဒီလိုလုပ်လို့ မရပါဘူး။ ကျုပ်တို့နဲ့ တစ်ခါတည်း လိုက်ခဲ့ဖို့ အထက်အရာရှိက အမိန့်ထုတ်ထားပါတယ်"

ဟုဆိုလေ၏။

ဂျမဒါမင်းထင်သည် ပုလိပ်များကိုဖြေရှင်းလို့မရနိုင်တော့မှန်း သိလိုက်၏။ ထို့ကြောင့် ရွှေမိုးညို၏လက်ကိုဖျစ်ညှစ်လိုက်ပြီး ခွန်စားခန်းစရန် အချက်ပေးလိုက်၏။

ဂျမဒါမင်းထင်သည် အနီးဆုံးပုလိပ်၏ပေါင်ကြားကိုခြေဖြင့် တအားဆောင့်ကန်လိုက်ပြီး ကြောင်အမ်းအမ်းကြည့်နေသော ပုလိပ်နှစ်ယောက်ကိုဆက်တိုက်တိုက်ခိုက်လိုက်၏။

ပုလိပ်များသည် ခွန်အား သန်မာမှုသာရှိပြီး တိုက်ခိုက်ရေး





အတွေ့အကြုံရှိပုံမရချေ။ ဂျမဒါမင်းထင်သည် ပုလိပ်နှစ်ယောက်ကို အလွယ်တကူ မြေပေါ်လှဲချနိုင်ခဲ့၏။

ပုလိပ်များလဲကျသွားသောအခါ ပါးစပ်အဟောင်းသားဖြင့်ငေး ကြည့်နေသော ရွှေမိုးညိုကို ဂျမဒါမင်းထင်က လက်ကာမ်းလိုက်ပြီး

"လာသွားကြမယ်"

ဟုဆိုလိုက်၏။

ရွှေမိုးညိုကို လက်ချင်းချိတ်ပြီး ပြေးရန် ပြင်လိုက်စဉ် တခါး၀သို့ လူတစ်ယောက် ရောက်လာပြီး ဂျမဒါမင်းထင်ကို သေနတ်ဖြင့် ချိန်ကာ

"မလှုပ်နဲ့"

ဟုအမိန့်ပေးလိုက်၏။

ဂျမဒါမင်းထင်သည် ထိုသူကို မြင်မြင်ချင်း စုံထောက်လှမိုး မှန်းရိပ်မိလိုက်၏။ ကျားနှင့်ဆင် လယ်ပြင်မှာတွေ့ချေပြီ။ ဂျမဒါမင်းထင်က မဲ့ပြုံးပြုံးလိုက်ပြီး

"နောက်ဆုံးတော့ ကျုပ်တို့ နစ်ယောက်တွေ့ပြီ..စုံထောက်ကြီး"

ဟုဆိုလိုက်ရာ စုံထောက်လှမိုးက ခေါင်းညိတ်လိုက်ပြီး

"မင်း...ဘယ်သိုးလို့လဲ ကျုပ်ကို သိနေသားပဲ"

ဟုရိုးမှန်းလိုက်၏။ဂျမဒါမင်းထင်က ခေါင်းညိတ်လိုက်ပြီး

"ကြည့်မြင်တိုင်က ကျုပ်အိမ်ကို ခင်ဗျား မွှေနှောက်နေကတည်းက ခင်ဗျားကို ကျုပ်သိနေတာဗျ"

ဟုဆိုလိုက်၏။ ဂျမဒါမင်းထင်၏ စကားကြောင့် စုံထောက်လှမိုးက ရယ်မောလိုက်ပြီး

"ခင်ဗျားဟာ အမြဲတန်း ကျုပ်တို့ရှေ့မှာ ရောက်နေတာကို၊ ဒါပေမဲ့ဒီနေ့တော့ ခင်ဗျားနောက်ကျသွားပြီ"

ဟုဆိုလိုက်၏။ဂျမဒါမင်းထင်က ရယ်မောလိုက်ပြီး

"သေနတ်လေးနဲ့ ချိန်လိုက်ရတာနဲ့ ကျုပ်နောက်ကျသွားပြီလို့ ထင်နေတာလား၊ခင်ဗျားအချိန်ကို စောင့်ပါဦး"





ဟုဆိုရင်း လက်ထဲတွင် ဖွက်ပြီးကိုင်ထားသော ဓားတိုလေးကို ဆတ်ခနဲထုတ်ကာ စုံထောက်လှမိုး၏ လက်ကိုပစ်လိုက်ရာ လက်မောင်းတွင်သွားစိုက်ပြီး သေနတ်လွတ်ကျသွားလေ၏။

ဂျမဒါမင်းထင်က စုံထောက်လှမိုး၏ သေနတ်ကို ထိုနေရာမှ လှမ်းကန်ပြီး ဆိုင်အပြင်ဘက်သို့ ပြေးလေ၏။ စုံထောက်လှမိုးသည် ဓားဒဏ်ရာ ပြင်းထန်လှသဖြင့် ဂျမဒါမင်းထင် အနောက်သို့ မလိုက်နိုင်ဘဲ ဆိုင်ထဲတွင် ကျန်ရစ်ခဲ့လေ၏။ ထိုအခါ ပုလိပ်များသည် ရှေ့မိုးညိုကို ဖမ်းဆီးခေါ်ဆောင်သွားလေ၏။

ဂျမဒါမင်းထင်သည် ဂျပန်ထောက်လှမ်းရေးလက်မှ လွတ်မြောက်ခဲ့ပြီး ဘုရင်မပန်းခြံထဲတွင် ထိုင်ပြီး အမောပန်း ဖြေနေလေ၏။

ဘုံဘေရက်စတောရင့်ထဲတွင် မိမိကို ဖမ်းဆီးဖို့ကြိုးစားသူမှာ စုံထောက်လှမိုးဆိုသူဖြစ်၏။ စုံထောက်လှမိုး၏လက်မောင်းတွင် မိမိ လက်ချက်ကြောင့် ဓားဒဏ်ရာ တစ်ချက်ရသွားခဲ့၏။

ရွှေမိုးညိုကိုလည်း ပုလိပ်များ ဖမ်းဆီးသွားလေ၏။ ရွှေမိုးညိုသည် လိမ်မာပါးနပ်သူ တစ်ယောက်ဖြစ်သဖြင့် ဂျမဒါမင်းထင်နှင့်





ရန်ကုန်မြို့ထဲတွင် ရုတ်တရက်တွေ့ဆုံပြီး ဘုံဘေရက်စတောရင့်တွင် နေလယ်စာ စားသည်ဟု ပုလိပ်များထံတွင် ထွက်ဆိုမည်ထင်၏။

မိမိကို ချောက်ကျအောင် ဂျပန်ငွေစက္ကူအတုများပေးလိုက်သော ကွင်းကောက်ရှာသူကြီး ဘာဂျင်မြဒင်ကိုသာ ဒေါသတကြီး ကျိန်ဆဲနေမိ၏။

ဂျမဒါမင်းထင်သည် လောလောဆယ် ရွှေမိုးညိုနေထိုင်သော သံလျှက်စွန်းအိမ်သို့ပြန်ရန် မဖြစ်နိုင်တော့ချေ။

လောလောဆယ်မိမိအတွက် နားခိုစရာ အခက်အခဲရှိလို့နေလေပြီ။

စုံထောက်လှမိုးသည် ဆေးရုံသို့တက်ပြီး လက်မောင်းရှိ ဒဏ်ရာကို ဆေးထည့်ရ၏။ ကံကောင်းထောက်မပြီး ဓားဒဏ်ရာမှာ အရိုးသို့မထိဘဲ လက်မောင်းကိုသာ ရှပ်ထိသွားလေ၏။

စုံထောက်လှမိုးသည် ဆေးရုံပေါ်မှဆင်းပြီး ဗြိတိသျှစပိုင်ကို ဖမ်းဆီးရန်စိတ်စောနေလေ၏။

ထို့ကြောင့် ဆေးရုံပေါ်က ဖွတ်အတင်းဆင်းပြီး စုံထောက်





ဌာနသို့ပြန်လာခဲ့၏။ စုံထောက်ဌာနသို့ရောက်သောအခါ ဂျမဒါမင်းထင်နှင့်အတူ ဖမ်းဆီးသော မိန်းမကို စုံစမ်းရာ ထိုမိန်းမကို ချုပ်နှောင်ထားကြောင်း သိရ၏။ စုံထောက်လှမိုးသည် ထိုမိန်းမကို ကိုယ်တိုင်စစ်ဆေးရန် ကြံလေ၏။

ထိုမိန်းမရှိရာ အခန်းထဲသို့ ဝင်ရောက်သွားသောအခါ ထိုမိန်းမကို ထိမထင်သော မျက်နှာထားဖြင့် မြင်တွေ့ရလေ၏။

စုံထောက်လှမိုးက ထိုမိန်းမကို ကြည့်ပြီး

"မင်းနံမည် ဘယ်သူလဲ"

ဟုမေးမြန်းလိုက်ရာ သူမက

"ရွှေမိုးညို"

ဟုတိုးတိုးဖြေလေ၏။ စုံထောက်လှမိုးက

"ကျုပ်တို့ကို ခုခံပြီး ထွက်ပြေးတဲ့လူကို သိသလား"

ဟုမေးမြန်းလေ၏။

ရွှေမိုးညိုက ခေါင်းခါယမ်းပြီး

"ကျွန်မသူနဲ့တွေ့တာ တစ်ရက်ပဲရှိတယ်၊ သူနဲ့မည်ကာလွဲရင် ဘာကိုမှမပြော နိုင်ဘူး၊ သူ့မှာ ဘာအပြစ်ရှိလို့ရှင်တို့ဒီလောက် သဲကြီးမဲကြီးဖမ်းနေတာလဲ"

ဟုမေးမြန်းလေ၏။ စုံထောက်လှမိုးသည် ရွှေမိုးညိုဆိုသော မိန်းမထံမှ မည်သည့်သဲလွန်စမျှ မရနိုင်ကြောင်း ရိပ်စားမိသွား၏။ ထို့ကြောင့် သူမကိုပြန်လွှတ်ပေးရန် ဆုံးဖြတ်လိုက်၏။

သို့သော် အရန်အတား အနေဖြင့် သူမ၏ အိမ်တွင် ပုလိပ် အစောင့်များ ချထားရန် ဆုံးဖြတ်လိုက်၏။



ရွှေမိုးညိုသည် အချုပ်မှ လွှတ်ပြီးနောက် အိမ်သို့ပြန်လာခဲ့၏။ ရွှေမိုးညိုသည် အိမ်သို့ပြန်ရောက်ပြီး အားပါးတရ ရေမိုးချိုးပြီး ခေါင်းလျှော်လိုက်၏။ ပုလိပ်အချုပ်ထဲတွင် သုံးရက်တိတိ နေထိုင်ခဲ့ရသဖြင့် မိမိကိုယ်မိမိ မသိ သလို ခံစားရ၏။

သူမတစ်ယောက်တည်း အိမ်သို့ ရောရောမောမော ပြန်ရောက်ခဲ့သော်လည်း ဂျမဒါမင်းထင်ကို ရောက်မလာနိုင်သေးချေ။

သူ ဘယ်ကိုရောက်ရှိနေသိမသိချေ။ မိမိကို စုံထောက်လှမိုး

ဆိုသော နံ့သာတော်ဆရာနှင့်တကွ စိတ်တိုင်းကျ ဝမ်းသာပြီး အိမ်သို့ပြန် ခဲ့သော ပုဂ္ဂိုလ်၏ နံ့သာတော်လှူပွဲ၏ မှတ်ကျောက်များသည် ရှုချ ထောက်မြင် လှ၏။

သူသည် ဆေးရာကို သဲသဲကြီး ဟန်ရှိပြီး မည်သူ၏ စကား ကိုမျှ လှည့်လည်ကာကွယ်ကြည့်မည့်သူ မဟုတ်ချေ။

ထိုသူ၏ လက်မောင်းတွင် ဂျူဒါမင်းထင်၏ တိုက်ခိုက်မှု ကြောင့် ဒဏ်ရာရထားပုံရ၏။

သူသည် ဂျူဒါမင်းထင်ကို လှည့်လည်ကာကွယ် ခွင့်လွှတ်မည့်ပုံ မပေါ်လှချေ။ ရွှေမိုးညိုသည် အားမဲ့ဘာရ ရေချိုးပြီးနောက် တစ်ကိုယ် လုံးကို မွှေးမွှေးသာသာကြီးဖြင့် ပျော်တော ရေချိုးခန်းထဲမှ ထွက်လိုက်၏။

ပြီးနောက် မှန်တင်ခုံ ရှေ့တွင်ထိုင်ကာ အဝတ်အစား လဲရင်း ဂျူဒါမင်းထင်နှင့်ပြန်လည် တွေ့ဆုံခဲ့ပုံကို အမှတ်ရနေခဲ့

ယခု သူဘယ်တို့ ရောက်နေသည်မသိချေ။ ရွှေမိုး ညိုသည် အဝတ်အစားလဲပြီးနောက် အိပ်ခန်းပြတင်းပေါက်ကို ဖွင့်လိုက်၏။





လိုက်နှောက်မှ ပင်ပြတင်းပေါက်အနီးရှိ သရက်ကိုင်းပေါ်မှ တစ်စုံတစ် ယောက်သည် သူမ၏ အိပ်ခန်းထဲသို့ ဝုန်းခနဲခုန်ချလာ၏။

ရွှေမိုးညို အထိတ်တလန့် အော်ပြီး ကြည့်လိုက်ရာ ဂျူဒါမင်း ထင် ဖြစ်နေလေ၏။ ရွှေမိုးညိုက ဂျူဒါမင်းထင်ကို အထိတ်တလန့် ကြည့်ပြီး

“နင်ဘယ်လိုဖြစ်လာတာလဲ”

ဟုမေးမြန်းလိုက်၏။

ဂျူဒါမင်းထင်က ရယ်မောလိုက်ပြီး

“မင်းအိမ်ရှေ့မှာ ဂျပန်ထောက်လှမ်းရေးက အစောင့်ရှိတယ် လေ။ ဒီနည်းနဲ့ မဝင်ရင် ဘယ်နည်းနဲ့ ဝင်ရမှာလဲ”

ဟုပြောလေ၏။

ရွှေမိုးညိုက ဂျူဒါမင်းထင်ကို တရှုံ့သက်ဟန်ဖြင့်ကြည့်ပြီး

“နေပါဦး နင့်ပိုက်ဆံတွေက ဘယ်လိုဖြစ်ပြီး အတုဖြစ်နေတာ လဲ”

ဟုမမေးမြန်းလေရာ ဂျမဒါမင်းထင်က တောက်တစ်ချက်
ခေါက်လိုက်ပြီး

"နင်. ဒီလိုမေးလေ ကွင်းကောက်ရွာသူကြီး ထောချင်မြင့်
ဆိုတဲ့လူကို သွားသတ်ချင်လေပဲ၊ ကာလကတ္တားက ပေးလိုက်တဲ့ငွေ
စက္ကူအစစ်တွေကို အတုနဲ့လဲထားလိုက်တာ"

ဟုပြောလေ၏။ ဂျမဒါမင်းထင်က ရွှေမိုးညိုကို ကြည့်ပြီး

"နင်အခြေကောင်းလို့ ဒီကောင်လက်က လွတ်လာပေမဲ့သူ
နင့်ကို သံသယစိတ်နဲ့ စောင့်ကြည့်နေမှာ သေချာတယ်"

ဟုဆိုလိုက်ရာ ရွှေမိုးညိုက သက်ပြင်းချပြီး

"ဟုတ်တယ်...ဒီလူ့ပါ့ကို သံသယဖြစ်မှာ သေချာတယ်၊ ငါတို့
သတိဝီရိယနဲ့နေမှဖြစ်မယ်"

ဟုတိုးတိုးပြောလိုက်၏။

ထိုအခိုက်မှာပင် ရွှေမိုးညိုက တစ်စုံတစ်ရာကို သတိရ ဟန်ဖြင့်

"နင်စနေနေ့ညနေမှာ မိန်းကလေးတစ်ယောက်နဲ့ ချိန်းထား





တယ်နော်"

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်က သက်ပြင်းချပြီး

"နင်သတိပေးလို့တော်သေးတယ်၊ ငါဒီကိစ္စကို မေ့နေတယ်"

ဟုပြောလေ၏။ ရွှေမိုးညိုက သက်ပြင်းချပြီး

"နင့်အတွက် အန္တရာယ်ဖြစ်နေဦးမယ်"

ဟုသတိပေးလေ၏။ ဂျမဒါမင်းထင်က ထိမထင်ဟန်ဖြင့်ပြုံး
လိုက်ပြီး

"မက်ဆိုပိုးတီးမီယားလို ငါတို့ မသိသော အရပ်မှာတောင်
မြန်မာ့သွေးကို ပြခဲ့တာပဲ။ ဒီလောက်တော့ အသေးအဖွဲပါ။ ငါသေရမှာ
မကြောက်ဘူး။ နိုကိုးရာမဲ့ မိန်းကလေးတစ်ယောက်ကို ငါအကူအညီ
ပေးရမယ်"

ဟုပြောလိုက်ရာ ရွှေမိုးညိုက ဂျမဒါမင်းထင်၏ မျက်နှာကို စူး
စမ်းဟန်ဖြင့် ကြည့်ပြီး

"နေပါဦး၊ နင်အဲဒီမိန်းမကို သံယောဇဉ်များ ပိုနေသလား"

ဟုမေးမြန်းလိုက်ရာ ဂျမဒါမင်းထင်က ရယ်မောပြီး

"ခုကွဲရောက်နေတဲ့ မြန်မာ မိန်းကလေးတစ်ယောက်ကို မြန်မာတစ်ယောက်က ကူညီပေးတာထက်မပိုဘူး။ ငါသူနဲ့ချိန်းထားတဲ့ ခိန်လျှံပျော်ပွဲစားရုံကို ဒီနေ့ညနေပဲ အရောက်သွားမယ်"

ဟုပြောပြီး တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားနေလေ၏။ ခိန်လျှံစားတော်ဆက်သည် မိမိအတွက် အန္တရာယ်များစွာ ရှိသလို ခံစားရ၏။

စုံထောက်လှမိုးသည် မိမိ၏လက်မောင်းရှိ ဒဏ်ရာကို သားဖြစ်သူ မမြင်အောင် အတတ်နိုင်ဆုံး ဖုံးကွယ်ထားသော်လည်း ရေချိုးခန်းဝင်ချိန်တွင် သားဖြစ်သူ မြင်တွေ့သွားပြီး

"ဟင်..အဖေ လက်မောင်းမှာ ဘာလို့ဒဏ်ရာရထားတာလဲ"

ဟုမေးမြန်းလေရာ စုံထောက်လှမိုးသည် မောင်နေမင်းကို လိမ်ရန်မကြိုးစားတော့ဘဲ

"အဖေ မနေ့က လူဆိုးဖမ်းရင်း၊ လူဆိုးက အဖေ့ကို ဓားနဲ့ ထိုးသွားတာကွ"

ဟုဆိုလိုက်ရာ မောင်နေမင်း၏မျက်လုံးများ ပြူးကျယ်သွားပြီး

"အဲဒီလူဆိုးကို အဖေဖမ်းမိလိုက်သလား"

ဟုမေးမြန်းလေ၏။

စုံထောက်လှမိုးက ခေါင်းခါယမ်းလိုက်ပြီး

"လူဆိုးလွတ်သွားတယ် သား။ ဒါပေမဲ့ မပူပါနဲ့၊ အဖေလူဆိုးကို မကြာခင် မိအောင်ဖမ်းမှာပါ"

ဟုပြောလိုက်ရာ မောင်နေမင်းက ဖခင်ကို စိုးရိမ်ဟန်ဖြင့် ကြည့်ပြီး

"ဒါဆိုရင် အဖေ ဒဏ်ရာ ထပ်ရမှာလား"

ဟုမေးမြန်းလေ၏။

စုံထောက်လှမိုးက ခေါင်းခါယမ်းလိုက်ရင်း

"အဖေဒီတစ်ခါ ဒဏ်ရာမရတော့ပါဘူးကွာ"





ဟုဖြေသောအခါမှပင် မောင်နေမင်း၏ မျက်နှာဝင်းပသွားလေ၏။

ထို့နောက်တွင်မူ စုံထောက်လှမိုးသည် တရုတ်တန်းရှိ စိန်လျှံ ပျော်ပွဲစားရုံသို့ ထွက်ခဲ့ပြီး ပျော်ပွဲစားရုံ တစ်ခုလုံးကို အပေါ်စီးမှ မြင်နိုင်သော နေရာတွင် နေရာယူလိုက်၏။

ပျော်ပွဲစားရုံ၏ အပြင်ဘက်တွင် အရပ်ဝတ် ပုလိပ်များကို နေရာချထားပြီး ဗြိတိသျှစပိုင် လွတ်မပြေးနိုင်အောင် စီမံထားလေ၏။ ခဏအကြာတွင် ပျော်ပွဲစားရုံအတွင်းသို့ မစိန်ကြည် ရောက်လာပြီး ဆိုင်တစ်ခုလုံးကို မျက်လုံးဝေ့ကြည့်လိုက်ရာ စုံထောက်လှမိုးကို မြင်တွေ့သွားလေ၏။

သို့သော် အကင်းပါးဟန်ရှိသော မစိန်ကြည်သည် စုံထောက်လှမိုးကို မသိမမြင်ဟန်ဖြင့် အပေါက်ဝသို့ မျှော်ကြည့်နေလေ၏။

ညနေ ၄နာရီထိုးရန် မိနစ် အနည်းငယ်သာ လိုတော့သဖြင့် ဗြိတိသျှစပိုင် ရောက်လာတော့မည်ထင်၏။

မစိန်ကြည်ကိုယ်တိုင်လည်းစိတ်လှုပ်ရှားဟန်ဖြင့်အပေါက်ဝ

သို့သာ မျှော်ကြည့်နေ၏။ ညနေ ၄ နာရီထိုးသွားသော်လည်း ဂျမဒါ

မင်းထင်ကိုအရိပ်အယောင်မျှပင်မမြင်ရချေ။

ဂျမဒါမင်းထင် သတိကြောင်ပြီး ချိန်းဆိုထားသော ကတိကို

ဖျက်လေသလောဟုတွေးမိပြန်၏။ သို့သော် ဂျမဒါမင်းထင်လိုလူမျိုး

သည်ကတိတစ်ခုကိုလွယ်လွယ်ဖျက်မည့်လူမျိုးဖြစ်မည်မထင်ချေ။

စုံထောက်လှမိုးတို့ လူစုသည် တံခါးပေါက်ကိုသာ စိတ်

ရောက်နေပြီး မျက်တောင်မခတ်တမ်းကြည့်နေလေ၏။

ထိုအခိုက်မှာပင်အခန်းထဲသို့ကလေးတစ်ယောက်ဝင်လာ

ပြီးမစိန်ကြည်၏စားပွဲသို့ဆိုက်ဆိုက်မြိုက်မြိုက်သွားကာ လက်ထဲရှိ

စာကိုမစိန်ကြည်လက်ထဲသို့ထည့်လိုက်၏။ မစိန်ကြည်သည်စာကို

ဖတ်ပြီး နားမလည်ဟန်ဖြင့် မျက်မှောင်ကြုတ်လိုက်၏။ ပြီးမှ စိန်လျှံ

စားတော်ဆက်ထဲမှထွက်သွားလေ၏။

စုံထောက်လှမိုးသည်မစိန်ကြည်ကိုတားဆီးပြီး မေးမြန်းရန်





ဖြင့် ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်နေလေ၏။ သို့သော် ဂျမဒါ

မင်းထင်၏ထောင်ချောက်ဖြစ်လျှင် ခက်မည်ဟုတွေးကာ မမေးဘဲ

ရပ်ကြည့်နေ၏။

မစိန်ကြည်သည် စိန်လျှံစားတော်ဆက် အပြင်သို့ ရောက်

သောအခါအသင့်စောင့်နေသော အငှါးကားပေါ်တက်လိုက်လေ၏။

စုံထောက်လှမိုးသည် ထိုမြင်ကွင်းကိုလက်ပိုက် ကြည့်မနေ

နိုင်တော့ဘဲအကျိုးအကြောင်း မေးမြန်းရန် မစိန်ကြည်အနောက်သို့

ပြေးလိုက်ခဲ့၏။ သို့သော်အငှါးကားမောင်းထွက်သွားသဖြင့်မစိန်ကြည်

ကိုမမီတော့ဘဲလမ်းပေါ်တွင် ကျန်ရစ်ခဲ့လေ၏။

မစိန်ကြည်သည် အငှါးကားပေါ်သို့ ရောက်သောအခါ ပြုံးဖြီးဖြီးကြည့်နေသော ဂျမဒါမင်းထင်ကိုမြင်ရ၏။ ဂျမဒါမင်းထင်က ကားနောက်သို့ပြေးလိုက်လာသော စုံထောက်လုမိုးကိုမြင်ပုံမရချေ။

မစိန်ကြည်က ဂျမဒါမင်းထင်ကို နားမလည်ဟန်ဖြင့်ကြည့်ပြီး

"ကျွန်မတို့ဘယ်ကိုသွားမလို့လဲ"

ဟုမေးမြန်းလိုက်၏။ ဂျမဒါမင်းထင်က

"ကိုယ်ဒီနေ့မနက်မှ စိတ်ကူးပေါက်လို့ပါ၊ တားတော်ဆက်မှာ





တားမဲ့အစားသင့် ပျင်ဘက်ကိုကူးပြီး ဘုရားတွေဖူးမယ်၊ ပြီးတော့တောထမင်းဆိုင်လေးတွေမှာ ထမင်းစားမယ်"

ဟုဆိုလိုက်ရာ မစိန်ကြည်သည် ဂျမဒါမင်းထင်ကိုလက်ရဖမ်းဆီးရန် ကြိုးစားနေသူများအတွက် ရင်မောသွားလေ၏။

ဂျမဒါမင်းထင်သည် သူ့ကိုဖမ်းဆီးရန် ကြံသူများအား ရိပ်တားမိသဖြင့် ထိုသို့အကြံအစည်ပြောင်းသွားလေ သလား ဟုတွေးမိလေ၏။ မစိန်ကြည်သည် ဂျမဒါမင်းထင်၏ စိတ်ကို စမ်းသည့်အနေဖြင့်

"ရှင်ဘယ်မှာနေသလဲ၊ ရှင့်အိမ်ကိုကျွန်မကိုခေါ်သွားမလား"

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်က ရယ်မောပြီး

"ဒီနေ့မှတွေ့တဲ့ ယောကျ်ားတစ်ယောက်နောက်ကို ဘာလို့ယုံယုံကြည်ကြည် လိုက်ဖို့ ကြိုးစားတာလဲ ၊ မတော်လို့ ကျုပ်ဟာ အကျင့်မကောင်းတဲ့ယောကျ်ားတစ်ယောက်ဖြစ်ရင် မခက်ဘူးလား"

ဟုပြန်လည်ပြောဆိုလေ၏။

မစိန်ကြည်က ဂျမဒါမင်းထင်၏ မျက်နှာကို ကြည့်ပြီး

"ရှင့် မျက်နှာကို ကြည့်တာနဲ့ ရှင်ဟာ ဒီလိုလုပ်မဲ့ ယောက်ျား တစ်ယောက်မဟုတ်ဘူးဆိုတာ ကျွန်မ သိပါတယ်"

ဟုပြောလေ၏။

ဂျမဒါမင်းထင်က ရယ်မောလိုက်ပြီး

"ဒါနဲ့ နေပါဦး တို့နှစ်ယောက် မိတ်ဆွေဖြစ်တာ ကြာပြီ၊ မင်း နာမည်မသိရသေးဘူးနော်"

ဟုဆိုလိုက်ရာ မစိန်ကြည်က ဂျမဒါမင်းထင်ကို ကြည့်ပြီး

"ကျွန်မနံမည် စိန်စိန်လို့ခေါ်ပါတယ်"

ဟုဖြေလိုက်၏။

ဂျမဒါမင်းထင်က ခေါင်းညိတ်ပြီး

"စိန်စိန်ဆိုတဲ့ နံမည်က မင်းနဲ့လိုက်ပါတယ်၊ ဒါနဲ့ မင်းရဲ့ဆိုင်ရှင် ဘီလေးဘိုင်ကို ဘယ်လိုပြောခဲ့သလဲ"

ဟုမေးမြန်းလေရာ မစိန်ကြည်က ခေါင်းခါယမ်းပြီး





"ကျွန်မသူ့ကို ဘာတစ်ခွန်းမှ မပြောခဲ့ဘူး။ ဒီနေ့လဲ သူ့ဆိုင် မသွားဘူး"

ဟုပြောလိုက်လေ၏။ ထိုနေ့က ဂျမဒါမင်းထင်နှင့်မစိန်ကြည် သည် သံလျှင်ဘက်သို့ကူးပြီး ကျိုက်ခေါက်ဘုရားဖူးကာ တောတောင် ဆိုင်လေးများသို့သွားပြီး နေ့လယ်စာ စားကြ၏။

ညနေစောင်းသောအခါ ရန်ကုန်ဘက်ကျ[illegible]းသို့ပြန်ကူးလာပြီး ဂျမဒါမင်းထင်က မစိန်ကြည်လက်ထဲသို့ စာအိပ်တစ်အိတ်ထည့်ကာ

"ဟောဒီအိတ်ထဲက ပိုက်ဆံနဲ့ ဘီလေးဘိုင်ရဲ့ အကြွေးတွေ ရှင်းပေးလိုက်ပါ"

ဟုဆိုလိုက်ရာ မစိန်ကြည်သည် ဂျမဒါမင်းထင်ကို အံ့ဩဟန် ဖြင့် ကြည့်လိုက်ပြီး

"ဒီပိုက်ဆံတွေကို ကျွန်မဘယ်လိုပြန်ဆပ်ရမှာလဲ"

ဟုမေးမြန်းလိုက်၏။ ဂျမဒါမင်းထင်က စာအိတ်ကို ကမ်းပေး ရင်း

"နောင် သူတစ်ပါးရဲ့အကြွေးနဲ့ကင်းအောင် နေဖို့ကြိုးစားပါ။ မင်းနဲ့ကိုယ် နောက်တစ်ကြိမ်တွေ့ဖို့မဖြစ်နိုင်ဘူး။ ဒီပိုက်ဆံကိုပြန်ဆပ်စရာမလိုဘူး။ မင်းသိပ်အဆင်ပြေလို့ပြန်ဆပ်ချင်ရင်လဲ မိဘမဲ့ဂေဟာ တစ်ခုခုမှာလှူလိုက်ပါ၊ ကိုယ်မင်းကို ကူညီတာ မြန်မာ မိန်းကလေး တစ်ယောက် ဘီလေးတိုင်းလက်ထဲမှာ ဘဝ မဆုံးစေချင်လို့ပါ"

ဂျမဒါမင်းထင်သည် သူမ ထင်ထားသည်ထက်ပင် ပိုမိုပြီး ရိုးသားဖြောင့်မတ်နေ၏။

ဂျမဒါမင်းထင်နှင့်တွေ့ကာစက သူမ လိုအပ်ချက်ကိုကူညီပြီး လိုချင်တာကိုရအောင်ပြန်ယူမည့်ယောကျ်ားဟု ထင်မြင်ခဲ့၏။ ယခု ဂျမဒါမင်းထင်၏အမူအယာမှာ ရိုးသားစွာ အကူအညီပေးနေပုံရ၏။

ဂျမဒါမင်းထင်သည် ညမှောင်ရီသန်းစပြုသော အချိန်၌ မစိန်ကြည်ကို အံဝါးကားပေါ်သို့ တင်ပေးလိုက်ပြီး လမ်းခွဲထွက်ခဲ့လေ၏။

မစိန်ကြည် လမ်းပေါ်တွင် ကျန်ရစ်ခဲ့သော ဂျမဒါမင်းထင်ကို





အထင်တကြီး ကြည့်ပြီး ထွက်ခွာလာခဲ့၏။

မစိန်ကြည်နေထိုင်ရာ မယ်လမုဘုရား အနီးရှိ မယ်သီလရှင်ကျောင်းရှေ့သို့ရောက်သောအခါ စုံထောက်လှမိုးခေါင်းဆောင်သော ပုလိပ်များ မှောင်ထဲမှ ထွက်လာပြီး ကားကိုဝိုင်းလိုက်ကြ၏။

မစိန်ကြည်သည် စုံထောက်လှမိုးနှင့်ပုလိပ်များ၏နေရာယူကျ ပုံကိုကြည့်ပြီး ရယ်မောကာ

"ရှင်တို့ သူခိုးပြေးမှ ထိုးကွင်းထ မနေနဲ့ သူနဲ့ကျွန်မ ရန်ကုန်မြို့ ထဲမှာကတည်းက လမ်းခွဲခဲ့ကြတာ"

ဟုပြောလေ၏။ စုံထောက်လှမိုးက အံကိုကြိတ်ပြီး

"မင်းတို့ဘယ်ကို သွားကြသလဲ"

ဟုမေးမြန်းလိုက်ရာ မစိန်ကြည်က သံလျင်ဘက်ကမ်းသို့ ဘုရားဖူးထွက်ကြကြောင်းပြောဆိုလေရာ စုံထောက်လှမိုးက မျက်နှာ ရှုံ့မဲ့ပြီး

"သံလျင်လိုနေရာမျိုးကိုမင်းတို့နှစ်ယောက်တည်း သွားတယ်

ဆိုတော့ သူက–"

ဟုဆိုလိုက်ရာ မစိန်ကြည်က လက်ကာပြလိုက်ပြီး

"ဟိုးဟိုး–မဟုတ်တာမစွတ်စွဲပါနဲ့ ရှင်တို့ထင်သလို မဟုတ်တာ ဘာတစ်ခုမှ မဖြစ်ဘူး။ ကျွန်မတို့ ကျိုက်ခေါက်ဘုရားဖူးပြီး တောထမင်းဆိုင်လေးမှာ စားပြီး အိမ်ပြန်ကြတယ်၊ ဂျမဒါမင်းထင် ဟာ မယောက်ျားပီသတဲ့ စိတ်ဓာတ်ရှိသူရှင့်"

ဟုဆိုလိုက်ရာ စုံထောက်လှမိုးက ခေါင်းခါယမ်းပြီး

"ဒီလူဘာလို့ ဒီလောက် လိမ်မှာနေတာလဲ၊ အကြောင်းတစ်ခု ရှိမယ်ထင်တယ်"

ဟုပြောလေ၏။



စုံထောက်လှမိုးသည် ဗြိတိသျှစပိုင်နှင့်ပတ်သက်သော သဲလွန်စများ ပျောက်သွားသဖြင့် အခက်တွေ့ရပြန်၏။ ရွှေမိုးညို၏ အိမ်ကိုစောင့်ကြည့်နေသော ပုလိပ်ကလည်း အိမ်ကို မည်သည့် သူစိမ်းမျှ အဝင်အထွက်မလုပ်ဟုဆို၏။

ဂျမဒါမင်းထင် မည်သည့်နေရာမှာ ခိုအောင်းနေသနည်း။ ဂျမဒါမင်းထင် ရွှေမိုးညိုကို မဆက်သွယ်လျှင် မစိန်ကြည်ကို ဆက်

သွယ်မည်ထင်၏၊ ထို့ကြောင့် မစိန်ကြည်ကိုလည်း စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်၏။

မစိန်ကြည်ကဲ့သို့အရှုံးခံမိန်းကလေးတစ်ယောက်ကို စုံထောက်လုပ်ငန်းမှာ အသုံးပြုမိခြင်းကို နောင်တရနေမိ၏။ ဂျူမဒါမင်းထင်ကြောင့် မစိန်ကြည်တစ်စုံတစ်ရာဖြစ်သွားလျှင် သူ့ဘယ်လိုမှ ဖြေသာမည်မဟုတ်... စုံထောက်လှမိုးသည် မိန်းမလှလေးကိုသံယောဇဉ်ပိုသလို ဖြစ်နေသည့်စိတ်ကို နားမလည်သလိုဖြစ်မိ၏။

မိမိဘဝတွင် သားကလေး မောင်နေဝင်းကလွဲလို့ မည်သူ့မျှ အရေးမကြီး... ယခုတလော အဘယ်ကြောင့် မစိန်ကြည်အကြောင်း တွေဝေးစားနေမှန်းမသိ....။

❁ ✡ ❁



စုံထောက်လှမိုး အိမ်သို့ပြန်ရောက်သောအခါ အိမ်ဖော်မိစိန်က သားဖြစ်သူ နေမကောင်းဖြစ်နေကြောင်း ပြောလေ၏။

ဂျူမဒါမင်းထင်သည် စိုးရိမ်ကြီးစွာဖြင့် မောင်နေမင်း နဖူးကို စမ်းကြည့်သောအခါ ကိုယ်ခန္ဓာတစ်ခုလုံး ခြစ်ခြစ်တောက် ပူနေသဖြင့် ကုလားဆရာဝန်ကြီးထံသို့ သွားရောက်ပြသလေ၏။

ကုလားဆရာဝန်ကြီး၏ ဆေးခန်းမှပြန်လာပြီးနောက်ပန်းဆိုး

တန်းလမ်းတွင် မမျှော်လင့်ဘဲ မစိန်ကြည်နှင့်တွေ့သဖြင့် ချစ်ကား

ထိုးရပ်လိုက်၏။

မစိန်ကြည်သည် စုံထောက်လုမိုးကို အံ့သြဟန်ဖြင့်ကြည့်ပြီး

အကျိုးအကြောင်းကို မေးမြန်းလေရာ စုံထောက်လုမိုး၏ သားလေး

နေမကောင်းဖြစ်ကြောင်း သိရှိသွားလေ၏။

ထိုအခါ မစိန်ကြည်သည် စုံထောက်လုမိုး၏ အိမ်သို့ လိုက်

လာပြီး မောင်နေမင်းလေးကို ကိုယ်ဖိရင်ဖိ ပြုစုပေးလေ၏။

မောင်နေမင်းသည် ညသို့ရောက်သောအခါ တဖြည်းဖြည်း

ကိုယ်ပူရှိန်ကျလာ၏။ ထိုအခါမှပင် မစိန်ကြည်က သီလရှင်ကျောင်း

သို့ပြန်ရန်ပြင်လေရာ စုံထောက်လုမိုးက

"မစိန်ကြည်လဲ ပင်ပန်းနေပြီ၊ ဒီနေ့ညတော့ ဒီမှာပဲ အိပ်လိုက်

ပါ၊ နောက်နေ့မှ ပြန်ပါ"

ဟုဆိုသဖြင့် မစိန်ကြည်သည် စုံထောက်လုမိုး၏ အိမ်၌ အိပ်

စက်လေ၏။ မစိန်ကြည်သည် ညဥ့်နက်သည်အထိ အိပ်မပျော်သဖြင့်





အိပ်ခန်းထဲမှ ထွက်ပြီး ဝရန်တာ၌ လေညင်းခံနေလေ၏။

ထိုအခိုက်မှာပင် သူမ နည်းတူ အိပ်မပျော်သော စုံထောက်

လုမိုးလည်း ဝရန်တာသို့ ရောက်ရှိလာပြီး

"အိပ်မပျော်ဘူးလား"

ဟုတိုးတိုးမေးမြန်းလေ၏။

မစိန်ကြည်က ခေါင်းညိတ်လိုက်ပြီး

"ဟုတ်တယ်၊ ကျွန်မ အိပ်မပျော်ဘူး"

ဟုတိုးတိုးပြောလေ၏။

စုံထောက်လုမိုးသည် မစိန်ကြည်ဘက်သို့ မသိမသာ စောင်း

ငဲ့ကြည့်လိုက်ရာ ရှည်လျားသော ဆံပင်များ ကျောပေါ်သို့ ဖြန့်ချထား

သည်ကို မြင်ရ၏။ မှိန်ပျသော အလင်းရောင်ဖြင့် မြင်ရသော မစိန်ကြည်

၏ ကိုယ်လုံးသည် တကယ့်မက်ဖွယ်အတိ ဖြစ်၏။

မစိန်ကြည်က စုံထောက်လုမိုးကို ကြည့်ပြီး

"ရှင့်ကို ကျွန်မ တစ်ခုပြောချင်တယ်၊ ရှင်နားထောင်မလား"

ဟုမေးမြန်းလိုက်ရာ စုံထောက်လှမိုးက သက်ပြင်းချပြီး

"ပြောပါ မစိန်ကြည် ကျုပ်နားထောင်နိုင်ပါတယ်"

ဟုပြောလေ၏။ ထိုအခါ မစိန်ကြည်က

"ကျွန်မ နောက်တစ်ကြိမ် ဂျမဒါမင်းထင်နဲ့ မတွေ့ချင်တော့ဘူး"

ဟုပြောလေရာ စုံထောက်လှမိုးက မျက်မှောင်ကြုတ်ပြီး

"ဘာဖြစ်လို့လဲ မစိန်ကြည်"

ဟုမေးမြန်းလိုက်ရာ မစိန်ကြည်က သက်ပြင်းချပြီး

"သူနဲ့တွေ့ရတာ ကျွန်မရင်ထဲမှာ သိပ်မောတယ်၊ သူဟာ ကျွန်မဆီက ဘာကိုမှ မတောင်းဆိုဘူး၊ ဒါပေမဲ့ နောက်တစ်ကြိမ် တောင်းဆိုမယ်ဆိုရင် ကျွန်မငြင်းဆန်ဖို့ခက်မယ်၊ ဒါကြောင့် သူနဲ့ မတွေ့ချင်ဘူး"

ဟုပြောလေ၏။ စုံထောက်လှမိုးသည် မစိန်ကြည်၏ စကားကြောင့် တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားလိုက်ပြီး





"ကောင်းပြီ မင်းမတွေ့ချင်ဘူးဆိုရင်တော့ ကျုပ်မတောင်းဆိုတော့ပါဘူး၊ ဒါပေမဲ့ အရေးကြုံလာရင်တော့ ကျုပ်ကို ကူညီပါဦး"

ဟုဆိုလိုက်ရာ မစိန်ကြည်က သက်ပြင်းချပြီး

"ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်"

ဟုတိုးတိုးပြောလိုက်၏။

စုံထောက်လှမိုးသည် ညိုငင်အားကောင်းနေသော မစိန်ကြည်ကို ကြည့်ပြီး ရင်ထဲတွင် လှိုက်ဖိုလာလေ၏။ ထိုခံစားမှုမျိုးကို ဇနီးဖြစ်သူ ဆုံးပါးသွားပြီး နောက်တစ်ကြိမ်တစ်ခါမျှ မခံစားခဲ့ဘူးချေ။

ဗိုလ်မှူးကြီးဆောကီးက အခေါ်လွှတ်လိုက်သဖြင့် စုံထောက်လှမိုးသည် စစ်ရုံးကြီးသို့တစ်ခေါက်သွားရပြန်၏။

ဗိုလ်မှူးကြီးဆောကီးက စုံထောက်လှမိုးကိုမြင်သောအခါ

"ကလကတ္တားက စပိုင်ကိုဖမ်းလို့မရသေးဘူးလား၊ ဒီကောင်ရှိနေသရွေ့ ကျုပ်တို့ ခံစစ်ကြောင်းတွေ ကျိုးပေါက်ကုန်လိမ့်မယ်၊ မဟာမိတ်တပ်တွေရဲ့ ထိုးစစ်တွေ တဖြည်းဖြည်း ပြင်းထန်လာပြီ၊ ကျုပ်တို့တပ်တွေရဲ့အခြေအနေ မကောင်းတော့ဘူး"





ဟုဆိုလိုက်၏။စုံထောက်လှမိုးက ခေါင်းညိတ်ပြီး

"ဗြိတိသျှ စပိုင်ကိုဖမ်းမိဖို့ အကြိမ်ကြိမ် နီးစပ်နေပါပြီ ဒါပေမယ့် နစ်ကြိမ်တိုင်တိုင် ကျုပ်လက်က လွတ်မြောက်သွားတယ်၊ ဒါပေမဲ့ သူ့ကို ဖမ်းမိဖို့ နီးပါပြီ"

ဟုပြောလေ၏။ဗိုလ်မှူးကြီးဆောကီးက ခေါင်းညိတ်ပြီး

"ဖမ်းမိဖို့ အရေးကြီးနေပြီ၊ ကျုပ်ကို စစ်သေနာပတိချုပ် ဗိုလ်ချုပ်အောင်ဆန်းက သူတို့ဘီအိုင်အေ တပ်သားကိစ္စနဲ့ ပတ်သက်ပြီး မကြာခဏမေးနေတယ်"

ဟုပြောလေရာ စုံထောက်လှမိုးသည် မိမိခေါင်းပေါ်ကို ဆင်နင်းပြီဟု ရိပ်စားမိလိုက်၏။စုံထောက်လှမိုးသည်ကြံရာမရဖြစ်နေစဉ် ခေါင်းထဲသို့အကြံတစ်ခုဝင်ရောက်လာ၏။

ဂျမဒါမင်းထင်ကို အချိန်မီဖမ်းဆီးမိပါက ဂျမဒါမင်းထင်ကိုယ်စားပုံမှားရိုက်ပြီး ကလကတ္တားစစ်ဌာနချုပ်သို့သတင်းမှားများ ပို့ဆောင်နိုင်၏။

မိမိ၏အကြံအစည်အောင်မြင်လျှင်ဗြိတိသျှတို့ကို ကောင်းစွာဒုက္ခပေးနိုင်လိမ့်မည်။ တရားခံကိုအမြန်ဆုံးဖမ်းမိအောင်ကြိုးစား ရပေတော့မည်။

ဂျမဒါမင်းထင်သည် နောက်ဆုံးအနေဖြင့် ဂျပန်ဗိုလ်ယာမာ တို့ ကိုရွှေမိုးညို၏ အိမ်သို့ ဖိတ်ခေါ်ပြီး လက်ဆွဲအိတ်ကို ဖွင့်ရန် ဆုံး ဖြတ်လိုက်၏။

ယာမာတို့သည် ရွှေမိုးညို၏ မာယာပိုက်ကွန်အတွင်းသို့ တိုး ဝင်မိပြီးဖြစ်နေသဖြင့် ရုန်းထွက်ရန်မလွယ်ကူတော့ချေ။ ယာမာတို့၏ တဏှာရူးစိတ်ကို အသုံးချပြီး စစ်သတင်းများ ရယူရဦးမည်။

ဂျမဒါမင်းထင်သည် ယာမာတို့နှင့်ရွှေမိုးညိုတို့ နေ့လယ်ခင်းက တားမြိန်ကို ဝိရိုကြီးထဲတွင် စိတ်ရှည်ရှည်ဖြင့် စောင့်ပြီး တံခါးပေါက်ပိုင်၊ ယာမာတို့၏အိတ်ကိုတိတ်တဆိတ် ဖွင့်ပြန်၏။

ထိုအခါယာမာတို့၏အိတ်ထဲတွင် လွန်စွာ အဘိုးတန်သော စိန်သတင်းများကိုတွေ့ရသဖြင့်ဝမ်းသာအားရ ရေးကူးနေမိ၏။ထိုသို့ ရေးကူးနေရာ၌ပတ်ဝန်းကျင်ကို သတိမထားမိလိုက်ချေ။

ယာမာတို့သည် အိမ်ရှေ့ခန်းသို့ ရုတ်တရက် ထွက်လာပြီး မမျှော်လင့်ဘဲဂျမဒါမင်းထင်ကိုမြင်တွေ့သွားပြီး

"ဟင်သူခိုး...သူခိုးအိမ်ထဲကို ဘယ်လိုဝင်လာတာလဲ၊ ငါ့ရဲ့ အိတ်ကိုဘာလို့ဖွင့်တာလဲ၊"

ဟုဒေါသတကြီး အော်ဟစ်လိုက်ပြီး ဂျမဒါမင်းထင်၏မျက်နှာကို မြင်တွေ့ခဲ့သောအခါ အခြေအနေအရပ်ရပ်ကို သဘောပေါက်သွားပြီး

"ဪ...မင်းတို့ နှစ်ယောက်ပေါင်းပြီး ကြံကြတာပေါ့လေ၊ မင်းတို့နှစ်ယောက်ကို စစ်ပုံရုံတင်ရမယ်၊ မင်းတို့ကြောင့် နိုင်ငံတော် မတော်ကစစ်သတင်းတွေ ပေါက်ကြားကုန်ပြီ"

ဟုအော်ဟစ်လိုက်၏။

အခြေအနေသည် တဖြည်းဖြည်းဆိုးဝါးလာ၏။ ယာမာတို့ သည် အိပ်ခန်းထဲမှ ထွက်လာသော ရွှေမိုးညိုကို လက်ညှိုး ထိုး ထိုးပြီး

"မိန်းမရှုပ်မ နင်လိုကောင်မကို ငါအထင်ကြီးမိတာမှားပြီ"

ဟုဆိုလိုက်ရာ ရွှေမိုးညိုက မျက်နှာရှုံ့မဲ့ပြီး

"တကျာရူးကြီး ရှင့်လိုကောင်ကြီးကို ကျွန်မက စေတနာရှိလို့ ထမင်းဖိတ်ကျွေးနေတယ်ထင်သလား။နင်တို့ကို ငါသိပ်မုန်းတယ်၊ နင်တို့ကြောင့်ငါ့အဖေနဲ့မောင်လေး သေခဲ့ရတယ်"

ဟုအော်ဟစ်ပြောဆိုလိုက်၏။

ယာမာတို့သည်နောက်သို့တဖြည်းဖြည်းဆုတ်ခွာပြီး

"နင်တို့နှစ်ယောက်စလုံးကိုကင်ပေတိုင်လက်အပ်ရမယ်"

ဟုကြုံးဝါးလေ၏။ ဂျမဒါမင်းထင်သည် အခြေအနေ အရပ်ရပ်ကိုသုံးသပ်ပြီး မိမိမပြုချင်သောအမှုကိုပြုရတော့မည်ဖြစ်ကြောင်း နိုင်စားမိလိုက်၏။

ထိုသို့ပြုကျင့်ရန်ကြံတိုင်း စစ်ဆိုတာမကောင်းပါဘူး..ဘာလို့ လူသားအချင်းချင်းရက်စက်မှုတွေကျူးလွန်ရတာ လဲ..ဟုတွေးတောကာ ယာမာတို့ကိုလက်စတုံးစီရင်ရန်ခါးကြားမှ ဓားကိုထုတ်လိုက်၏။

ယာမာတို့တွင်လက်နက်မပါကြောင်းသိ၏။ ယာမာတို့သည် ကြေးပန်းအိုးကြီးကိုကိုင်ပြီး ဂျမဒါမင်းထင်ကိုပေါက်ရန်ကြံလိုက်၏။

ဂျမဒါမင်းထင်သည်သက်ပြင်းချပြီး လက်ထဲရှိဓားမြှောင်ကို ယာမာတို့ထံသို့ပစ်လွှတ်လိုက်၏။

ဓားမြှောင်သည်အရှိန်ကိုက်ပင် ယာမာတို့၏နလုံးကိုစိုက်ဝင် သွားပြီး လက်ထဲက ကြေးပန်းအိုးကြီး လွှတ်ကျသွားလေ၏။

ရွှေမိုးညိုသည်ယာမာတို့၏အလောင်းကိုမကြည့်ဝံ့ဟန်ဖြင့် မျက်လုံးပိတ်ထားလိုက်၏။ ဂျမဒါမင်းထင်သည် ခြံအနောက်သို့





သွားပြီးပေါက်တူးတလက်ဖြင့် တူးဆွကာ ယာမာတို့၏အလောင်းကို မြှုပ်နှံလိုက်လေ၏။

ရွှေမိုးညိုမှာမူ စိတ်လှုပ်ရှားဟန်ဖြင့် ငူငူငိုင်ငိုင်ကြီးထိုင်နေဆဲ ဖြစ်၏။ ဂျမဒါမင်းထင်က ရွှေမိုးညို၏ပခုံးကို သိုင်းဖက်လိုက်ပြီး

“ဒီနေ့ကစပြီး အင်းစိန်အိမ်ကိုပြောင်းနေပေတော့၊ သံလျှက် စွန်းကအိမ်မှာ ငါတို့အတွက် မလိုတော့ဘူး”

ဟုတီးတိုးပြောလိုက်၏။

မစိန်ကြည်သည် စုံထောက်လှမိုးထံမှ တယ်လီဖုန်း ဆက်သွယ်သဖြင့် စုံထောက်လှမိုး၏ အိမ်သို့ ရောက်သွား၏။ စုံထောက်လှမိုးသည်တံခါးဖွင့်ပေးရင်း မစိန်ကြည်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီးအတော်လှတဲ့မိန်းမပဲဟုစိတ်ထဲက ကျိတ်ချီးမွမ်းမိ၏။

မစိန်ကြည်က စုံထောက်လှမိုးကို နားမလည်ဟန်ဖြင့်ကြည့်ပြီး





"ကျွန်မကိုဘာလို့အရေးတကြီးခေါ်ရတာလဲ"

ဟုမေးမြန်းလိုက်ရာ စုံထောက်လှမိုးက

"ကျုပ်တို့ဆီမှာ အရေးပေါ်အခြေအနေ တစ်ခုဖြစ်နေတယ်၊ ဂျပန်စစ်ဌာန ချုပ်က ဗိုလ်ကြီးတစ်ယောက် ပျောက်နေတယ်။ သူ့လက်ဆွဲအိတ်ထဲမှာလဲ အလွန်အဘိုးတန်တဲ့စစ်သတင်းတွေပါသွားတယ်။ ဒီသတင်းတွေသာ မဟာမိတ်တွေ လက်ထဲရောက်ရင် ကျုပ်တို့သွားပြီ"

ဟုဆိုလိုက်ရာ မစိန်ကြည်က

"ဒါကို ဂျမဒါမင်းထင်ဆိုတဲ့လူ လုပ်တယ် ထင်လို့လား"

ဟုမေးမြန်းလိုက်ရာ စုံထောက်လှမိုးက

"ရန်ကုန်မြို့ကို ရောက်နေတဲ့ စပိုင်ထဲမှာ ဒီလူဟာ အရည်အချင်းအရှိဆုံးပဲ၊ သူမလုပ်ရင် ဘယ်သူမှ လုပ်မှာမဟုတ်ဘူး၊ ရန်ကုန်မှာ ဂျမဒါမင်းထင်နဲ့ ရင်းရင်းနှီးနှီးနေဖူးတဲ့သူဆိုလို့ မင်းတစ်ယောက်တည်း ရှိတယ်၊ ဒါကြောင့် မင်းကို အကူအညီတောင်းတာပဲ၊ ဂျမဒါ

မင်းထင်ဟာ လျှို့ဝှက်သတင်းတွေကို ညည့်သန်းခေါင်မှာ ပို့လေ့ရှိတယ်၊ စပိုင်တိုင်းမှာ ကိုယ်တိုင်သတ်မှတ်ထားတဲ့ လျှို့ဝှက်ကုဒ်နဲ့ သတင်းပို့ရိုးစတွေရှိတယ်၊ ဒါကြောင့် ဂျမဒါမင်းထင်ကို ဒီနေ့ညသန်းခေါင်မတိုင်မီ ဖမ်းမိမှဖြစ်မယ်"

ဟုဆိုလိုက်ရာ မစိန်ကြည်က သက်ပြင်းချပြီး

"ဂျမဒါမင်းထင်ဆိုတဲ့လူကိုရှာရတာ ကောက်ရိုးပုံထဲက အပ်ကိုရှာရသလိုဖြစ်မယ်"

ဟုပြောလေ၏။ စုံထောက်လှမိုးက

"ကောက်ရိုးပုံထဲက အပ်ပဲဖြစ်ဖြစ် မရရအောင်ရှာရမှာပဲ၊ ဂျပန်တပ်မတော် အတွက် သိပ်အရေးကြီးနေပြီ၊ သူ့ကို ဒီနေ့ညသတင်းပို့လို့မရအောင် တားရမယ်"

ဟုပြောဆိုလေ၏။

စုံထောက်လှမိုးက ဆက်ပြီး

"ဂျမဒါမင်းထင် ရန်ကုန်မြို့ထဲမှာပဲ ရှိလိမ့်မယ်၊ ကျွန်ုပ်တို့လူတွေ





ပြီး ရှာရအောင်"

ဟုဆိုလိုက်ရာ မစိန်ကြည်သည် စိတ်မပါဘဲ ခေါင်းညိတ်လိုက်ရ၏။ ထို့နောက် သူတို့နှစ်ယောက် ဂျမဒါမင်းထင်ကို ရှာဖွေရန် လှုပ်ရှားလိုက်ကြ၏။

မစိန်ကြည်သည် ဂျမဒါမင်းထင်နှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သော စကားများကို ပြန်လည်ကြားယောင်နေမိ၏။

ဂျမဒါမင်းထင်က

"ကျုပ်ကိုယ်ကျုပ် ယုံကြည်မှုတွေ နည်းပါးနေရင် ရွှေတိဂုံဘုရားပေါ်တက်ပြီး ရေမီးသက်စေ့လှူလိုက်တာပဲ"

ဟုပြောခဲ့၏။

ထို့ကြောင့် ဂျမဒါမင်းထင်ကို ရွှေတိဂုံဘုရားပေါ်တက်ပြီး ရှာဖွေရင် ကောင်းမည်လောဟု တွေးကာ မြင်းလှည်းတစ်စီးကို တားပြီး ရွှေတိဂုံဘုရားသို့ သွားခဲ့၏။

ဘုရားပေါ်သို့ရောက်သောအခါ ရင်ပြင်တော်ကို တစ်ပတ်ပြီး

တစ်ပတ် ရှာဖွေသော်လည်း ဂျမဒါမင်းထင်ကို အရိပ်အယောင်ပင် မမြင်ရချေ။

နောက်ဆုံးတွင် သူမ ထင်မြင်ချက်မှားပြီဟု ယူဆကာ ဘုရားပေါ်မှ ပြန်ဆင်းရန် ပြင်လိုက်၏။ ထိုအခိုက်မှာပင် ဇရပ်တစ်ဆောင်၌ ထိုင်နေသော ဂျမဒါမင်းထင်ကို ရုတ်တရက် တွေ့လိုက်ရသဖြင့် အလွန်ဝမ်းသာသွားလေ၏။

ဂျမဒါမင်းထင်သည် ဇရပ်ပေါ်တွင် ထိုင်ပြီး တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားနေဟန်ရှိ၏။

မစိန်ကြည် အနီးသို့ ရောက်သောအခါ ဂျမဒါမင်းထင် မြင်တွေ့သွားပြီး

"တိုက်ဆိုင်လိုက်တာဗျာ၊ ကျုပ်တို့တွေ့ပြန်ပြီ"

ဟုဆိုလိုက်၏။ မစိန်ကြည်သည် ခေါင်းထဲသို့ အကြံတစ်ခုပေါ်သွားပြီး မျက်နှာညှိုးငယ်စွာဖြင့်

"ကျွန်မစိတ်ညစ်ပြီး ဒိုကိုးရာမဲ့ဖြစ်တိုင်း ရှင်နဲ့တွေ့ရတယ်"





ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်ပြီး

"စိန်စိန် ဘာဖြစ်လို့လဲ"

ဟုမေးမြန်းလိုက်၏။

မစိန်ကြည်က

"ဘာဖြစ်ရမလဲ၊ ဘီလေးဘိုင် ကျွန်မကို ဒုက္ခပေးပြန်ပြီလေ။ ဘီလေးဘိုင်ဟာရှင့်ကျေးဇူးကြောင့် သူ့အကြွေးတွေ ကျွန်မပြန်ဆပ်လိုက်တာ မကျေမနပ် ဖြစ်သွားတယ်၊ ဒါကြောင့် သီလရှင် ကျောင်းကိုသွားပြီး ကျွန်မက ယောက်ျားတွေကို ချူတားနေတယ် ဆိုပြီး ကုန်းတိုက်ခဲ့တယ်၊ ကျွန်မခိုကပ်ပြီးနေရတဲ့ သီလရှင်ကျောင်းရဲ့ဆရာမကြီးက အလွန်စည်းကမ်းကြီးတယ်၊ ဘီလေးဘိုင်စကားဟာ ဘယ်လောက်သဘာဝကျလဲ ဆိုတာ မစဉ်းစားဘဲ ကျွန်မကို ဒီနေ့ပဲကျောင်းကမောင်းထုတ်လိုက်တယ်၊ ဒါကြောင့် ဒိုကိုးရာမဲ့ဖြစ်ပြီး ရန်ကုန်မြို့ထဲမှာ ခြေဦးတည်ရာ လျှောက်သွားနေတာပါ"

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်သည် မစိန်ကြည်ကို ကရုဏာ

သက်သွားပြီး

"ဘီလေးဘိုင်ဟာအင်မတန်ယုတ်မာတဲ့လူပါလား။ ယောက်ျား ဖြစ်ပြီး ယောက်ျားစရိုက် မရှိဘူး၊ ဒီကောင်မျိုးကို လူ့ပြည်မှာ မထား သင့်တော့ဘူး"

ဟုကြုံးဝါးကာ မစိန်ကြည်အား စိတ်မပူရန် ပြောဆိုပြီး ဘုရားခြေရင်းရှိ ထမင်းဆိုင်တွင် ဝင်ရောက်စားသောက်ကြ၏။

ထမင်းစားပြီးနောက် ဂျမဒါမင်းထင်သည် တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်ဟန်ဖြင့်

"စိန်စိန် လောလောဆယ် သွားစရာမရှိရင် ကျုပ်နောက်ကို လိုက်ခဲ့ပါ"

ဟုဆိုကာ မစိန်ကြည်အား ၎င်းနေထိုင်ရာသို့ ခေါ်ဆောင်သွားလေ၏။



ဂျမဒါမင်းထင်သည် မစိန်ကြည်အား သံလျှက်စွန်းအိမ်သို့ ခေါ်သွားရန် စဉ်းစားလိုက်၏။ ထို့ကြောင့် မိမိလပေးဖြင့်ငှားရမ်းထားသော ဖို့ဒ်ကားလေးဖြင့်သံလျှက်စွန်းအိမ်သို့မောင်းနှင်ခဲ့၏။

မစိန်ကြည်သည် ဂျမဒါမင်းထင်အလစ်တွင်စုံထောက်လုပ်ငန်းထံသို့တိတ်တဆိတ် ဆက်သွယ်ရန်ကြံစည်နေလေ၏။

သံလျှက်စွန်းအိမ်အရှေ့သို့ရောက်သောအခါ ဂျမဒါမင်းထင်က

"ညနေစာအတွက် စိန်စိန်ပဲလက်စွမ်းပြလိုက်ပါ"

ဟုဆိုပြီး အခန်းထဲသို့ဝင်ရောက်သွားလေ၏။

မစိန်ကြည်မီးဖိုချောင်ဝင်နေစဉ်ဂျမဒါမင်းထင်သည်တစ်ရှိန်လုံးအခန်းအောင်းနေလေ၏။ ဂျမဒါမင်းထင်အတွက် ယနေ့ညသန်းခေါင်ယံတွင် ကလကတ္တားသို့ သတင်းပို့ရန် အလွန်အရေးကြီးနေလေ၏။

ဂျပန်ပိုလ်ယာမာတိုထံမှ ရရှိသော သတင်းသည်မဟာမိတ်စစ်တပ်အတွက်အလွန်အရေးကြီးသဖြင့် ကလကတ္တားသို့အချိန်မီပို့ရန် လို၏။

ကလကတ္တားသို့ သတင်းပို့ပြီးချိန်တွင် မြန်မာပြည်မှ ပြန်လည်ထွက်ခွာရန် ကြံစည်ထား၏။ မိမိသည် သူမတူသော သတင်းများကို စုံစမ်းထောက်လှမ်းပြီး ဖြစ်သဖြင့် မြန်မာပြည်တွင်း၌ ဆက်လက်လှုပ်ရှားရန် မသင့်တော့ချေ။



မစိန်ကြည်သည်မီးဖိုချောင်သို့ ဝင်ပြီး ကြောင်အိမ်ကို ဖွင့်ကြည့်သောအခါ ကြောင်အိမ်ထဲတွင် ဘဲဥနှင့်ငါးခြောက်များတွေ့သဖြင့် ဘဲဥရျဉ်ရည်ဟင်းချက်ရန် ကြံလိုက်၏။

မစိန်ကြည်သည် ဘဲဥပြုတ်ထားရင်း အိမ်ပတ်ဝန်းကျင်ကို မသိမသာအကဲခတ်ကြည့်ရာ လူနေအိမ်ခြေနည်းပါးကြောင်းတွေ့ရလေ၏။ မစိန်ကြည်သည် လူသူတစ်ဦးတစ်ယောက်ကို တွေ့လျှင်

အကူအညီတောင်းရန် အကြံဖြင့် ကြောင်အိမ်ပေါ်ရှိ စာရွက်တစ်ရွက်ကိုယူပြီး စာတစ်စောင်ရေးလိုက်၏။

ထို့နောက်အိမ်ပြတင်းပေါက်မှ တစ်စုံတစ်ယောက်ကိုတွေ့ရန်ဖြင့် စောင့်ကြည့်နေ၏။ ထိုအခိုက်မှာပင် အိမ်ရှေ့သို့ ဘယာကြော်ရောင်းသော ကလေးတစ်ယောက်ရောက်လာ၏။

မစိန်ကြည်က ဘယာကြော်သည် ကလေးရှိရာသို့ ကမန်းကတန်းပြေးသွားပြီး

"ဒီစာကို ပောဒီက လိပ်စာအတိုင်း အမြန်ဆုံး သွားပို့ပါ၊ ကလေးကို မုန့်ဖိုးအများကြီး ပေးလိမ့်မယ်၊ အမြန်ဆုံးပို့၊ အမြန်ဆုံး"

ဟုပြောကာ ကလေးကိုလွှတ်လိုက်၏။ ထိုအခိုက်မှပင် ဂျမဒါမင်းထင်သည် အိမ်ခန်းထဲမှ ထွက်လာရင်း မြေပြင်သို့ထွက်သွားသော မစိန်ကြည်ကို လှမ်းမျှော်ကြည့်ပြီး

"မင်းဘာလို့ မြေပြင်ထွက်တာလဲ"

ဟုမသင်္ကာဟန်ဖြင့် မေးမြန်းလိုက်၏။





မစိန်ကြည်က ဂျမဒါမင်းထင်ကို အထိတ်တလန့်ဖြင့် ကြည့်ပြီး

"ဟို..ဟို..ဘယာကြော်စားချင်လို့ ဆင်းကြည့်တာပါ၊ ဒါပေမဲ့ ဘယာကြော်က အေးစက်နေလို့"

ဟုပြောလေ၏။ ဂျမဒါမင်းထင်သည် လမ်းထိပ်ဆီသို့ လှမ်းကြည့်ပြီး ဘယာကြော်သည် ကလေးကိုမြင်မှ ဘဝင်ကျသွားပြီး

"ကောင်းပြီ..မင်းအကြောင်းမရှိဘဲ အိမ်ပြင်ကိုမထွက်နဲ့"

ဟုပြောလိုက်၏။

မစိန်ကြည်သည် ဘယာကြော်သည်ကလေးကို စာပေးလိုက်ပြီး မီးဖိုခန်းထဲသို့ဝင်ကာ ညစာ ချက်ပြုတ်နေလေ၏။ သူမသည် ဟန်မပျက် ဆက်ချက်နေသော်လည်း မိမိရေးလိုက်သောစာကို စုံထောက်လှမိုး ရမရ စိုးရိမ်နေမိ၏။

စုံထောက်လှမိုး ဂျစ်ကား စက်နိုးနေစဉ် အိမ်ရှေ့သို့ ဘယာကြော်သည်ကလေးရောက်လာ၏။ စုံထောက်လှမိုးသည် ဘယာကြော်သည်ကလေးကမ်းပေးလိုက်သောစာကိုဖတ်ပြီး မျက်လုံးပြူးကာ

"ဒီစာကိုကလေးဘယ်တုန်းက ယူခဲ့တာလဲ"

ဟုကမန်းကတန်း မေးလိုက်၏။ ကလေးက နေ့လယ်က သံလျှက်စွန်းဘက်ရှိ အိမ်မှ မိန်းမတစ်ဦး ပေးလိုက်ကြောင်း ပြော





လေ၏။

စုံထောက်လှမိုးသည် ယခု ညမှောင်ရီသန်းစ အချိန်သို့ပင် ရောက်ရှိနေသဖြင့် ကမန်းကတန်း ဂျစ်ကားကို သံလျှက်စွန်းဘက်သို့ မောင်းနှင်သွားလေ၏။

စုံထောက်လှမိုးသည် သံလျှက်စွန်းသို့ ရောက်သောအခါ လိပ်စာအတိုင်း အိမ်အနီးသို့ တိတ်တဆိတ် ချဉ်းကပ်သွားလေ၏။

အိမ်ပတ်ဝန်းကျင်တွင် လူသူကင်းရှင်းနေလေ၏။ စုံထောက်လှမိုး အိမ်အနီးသို့ရောက်သောအခါ ခြံစည်းရိုးကို ကျော်ဝင်လိုက်၏။

ခြံထဲသို့ရောက်သောအခါ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်ပြီး လူသံသူသံ မကြားရချေ။ စုံထောက်လှမိုးသည် အိမ်အနောက်သို့ တိုးကပ်လိုက်ပြန်ရာ အနောက်မှ တစ်စုံတစ်ယောက် ထွက်လာပြီး ရိုက်လိုက်သဖြင့် မြေပေါ်သို့ လဲကျသွားလေ၏။

ဂျမဒါမင်းထင်သည် ညသို့ ရောက်ရန် စိတ်စောပြီး ပြတင်းပေါက်မှ အိမ်ပြင်သို့ ကြည့်လိုက်သောအခါ အိမ်အနီးသို့ ချည်းကပ်လာသော မသင်္ကာဖွယ်လူတစ်ယောက်ကိုမြင်လိုက်ရ၏။

ထိုသူကိုသေချာစွာကြည့်လိုက်ပြန်ရာ စုံထောက်လှမိုးဖြစ်ကြောင်းတွေ့ရလေ၏။ စုံထောက်လှမိုးသည် မိမိ၏နေရပ်သို့မည်သို့မည်ပုံသိရှိသွားသည်မသိချေ။

ထို့ကြောင့် အိမ်အနောက်သို့ တိတ်တဆိတ် ဆင်းပြီး စုံထောက်လှမိုးကိုအလစ်အငိုက်ဖမ်းဆီးခဲ့ခြင်းဖြစ်၏။





ဂျမဒါမင်းထင်က စုံထောက်လှမိုးကိုကြိုးဖြင့်တုတ်နှောင်နေစဉ် အနီးသို့မစိန်ကြည် ရောက်လာပြီး အထိတ်တလန့်ဖြင့်

"ဟင်..သူဘယ်သူလဲ"

ဟုမေးမြန်းလိုက်ရာ ဂျမဒါမင်းထင်က

"ကျုပ်အနောက်ကိုနောက်ယောင်ခံလိုက်နေတဲ့စုံထောက်တစ်ယောက်ပါ"

ဟုဆိုလိုက်၏။ မစိန်ကြည်က နားမလည်ဟန်ဖြင့်

"ရှင့်အနောက်ကိုစုံထောက်ကလိုက်နေတယ်ဆိုတော့ ရှင်ကလူဆိုးလား"

ဟုမေးမြန်းလေ၏။

ဂျမဒါမင်းထင်သည် မစိန်ကြည် အမေးကြောင့် ဖြေဆိုရခက်သွားပြီး

"ကိုယ်လူဆိုးတစ်ယောက်မဟုတ်ပါဘူး။ တိုင်းပြည်အတွက်လုပ်နေတာပါ။ ဒါပေမယ့်ကိုယ်နဲ့သူတို့နဲ့အမြင်ချင်းမတူဘူး"

ဟုပြောလေ၏ မစိန်ကြည်သည် စုံထောက်လှမ်း အခြေအနေ မကောင်းသဖြင့် စိတ်ဓာတ်ကျသွားလေ၏။

သံလျှက်စွန်းအိမ်သို့ စုံထောက်လှမ်း တစ်ယောက်တည်း ရောက်လာခြင်းပေလော၊ အဖော်အပေါင်းများ ပါလာလေသလော။

မစိန်ကြည်သည် ညစာကို ပြင်ဆင်ပြီး ဂျမဒါမင်းထင် နှင့် အတူ စားသောက်လေ၏။

ဂျမဒါမင်းထင်သည် ညစာကို မယ်မယ်ရရ မစားဘဲ ကာလကတ္တားသို့သတင်းပို့ရန်သာ စိတ်စောနေ၏။ မစိန်ကြည်သည်ထမင်းစားရင်း စတိုခန်းတွင် ချုပ်နှောင်ထားသော စုံထောက်လှမ်းကို စိုးရိမ်နေပေ၏။

စုံထောက်လှမ်း ဆာလောင်နေပေရော့မည်။ မစိန်ကြည်သည် စုံထောက်လှမ်းကိုထမင်းခိုးကျွေးရန် အခွင့်အရေးစောင့်နေလေ၏။

သို့သော်ဂျမဒါမင်းထင်သည် မိမိထင်ထားသကဲ့သို့မဟုတ်ဘဲ ထမင်းဟင်းများကိုပန်းကန်တစ်ချပ်ထဲတွင် စုပုံထည့်ပြီး ငုံထောက်လှုပ်ကိုကိုယ်တိုင်သွားကျွေးလေ၏။

ပြီးနောက် စတိုခန်းတံခါးကို သော့ခတ်လိုက်ပြီး သော့ကို ခါးကြား၌ထိုးထားကြောင်းတွေ့ရ၏။ ကောဇာ ကြာတွင် မိုးမြိမ်းသံများ ကြားရပြီး မိုးရွာများရွာကျလာ၏။

ဂျမဒါမင်းထင်သည် ကာလကတ္တားသို့ သတင်းပို့ရန် အသံလွှင့်စက်ကိုဖွင့်ရန်ပြင်ထင်နေ၏။ မစိန်ကြည်သည် ဂျမဒါမင်းထင်၏ အပြုအမူကို တစ်စေ့တစ်စောင်း ကြည့်ပြီး တားဆီးရန် နည်းလမ်းများကိုရှာဖွေနေမိ၏။

တဖြည်းဖြည်းညည့်ကနက်သည့်ထက် နက်လာလေ၏။ ထိုအခိုက်မှာပင် လျှပ်စီးများတဝင်းဝင်းလက်ပြီး မိုးကြိုးများ ပစ်ချလေ၏။

တစ်ချိန်တွင် ကျယ်လောင်သော မိုးကြိုးပစ်သံကြီးကိုနားကွဲ





လုမတတ် ကြားလိုက်ရသဖြင့် မစိန်ကြည်သည် ဝေသံပါအောင် အော်ဟစ်ရင်း ဂျမဒါမင်းထင်၏ အခန်းထဲသို့ ပြေးဝင်သွားလေ၏။

ဂျမဒါမင်းထင်သည် အထိတ်တလန့် ပြေးဝင်လာသော မစိန်ကြည်နှင့်တိုက်မိပြီးစုတင်ပေါ်သို့ပြိုလဲကျသွား၏။

မစိန်ကြည်သည် ဂျမဒါမင်းထင် ကာလကတ္တားသို့ အချိန်မီ သတင်းမပို့နိုင်မည့်နည်းလမ်းကိုတွေ့သွားလေ၏။

ထို့ကြောင့်ဂျမဒါမင်းထင်ကိုတင်းတင်းဖက်ကာ

"စိန်စိန်ကြောက်တယ်.စိန်စိန်ကြောက်တယ်"

ဟုတရစပ်ရေရွတ်နေလေ၏။

ဂျမဒါမင်းထင်သည် ရုတ်တရက် ရုန်းကန်ရန် ကြိုးစားရင်း တဖြည်းဖြည်း အားအင်ချိနဲ့သွားလေ၏။

ဂျမဒါမင်းထင်သည်နံနက်အရုဏ်တက်အချိန်ရောက်မှအိပ်ယာက လန့်နိုးလေ၏။ ကာလကတ္တားသို့ အချိန်မီ သတင်းမပို့ နိုင်သဖြင့်ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မဆုံးဖြစ်နေလေ၏။

ဂျမဒါမင်းထင်သည် မိမိဖမ်းထားသော စုံထောက်လှမိုး နှင့် ပတ်သက်ပြီး စဉ်းစားနေလေ၏။ စုံထောက်လှမိုးသည် သံလျှက်စွန်း အိမ်သို့တစ်ကိုယ်တည်းထွက်လာခြင်းပေလော။





စုံထောက်အဖွဲ့ကိုအသိပေးပြီးမှ ရောက်လာခြင်းပေလော.. သံလျှက်စွန်းအိမ်တွင် ဆက်ပြီး နေထိုင်ရန် မဖြစ်နိုင်တော့ချေ။

ဂျမဒါမင်းထင်သည်တရုတ်လူရုပ်မောင်လှိုင်ထံမှ ရရှိသော စုံထောက်လှမိုး၏ဗိုင်ကိုဖွင့်ဖတ်ကြည့်နေ၏။ ထိုသို့ကြည့်ရင်း ခေါင်းထဲသို့အကြံတစ်ခုဝင်လာ၏။

ဂျမဒါမင်းထင်သည် ထိုအကြံအတိုင်း အကောင်အထည် ဖော်ရန် ဆုံးဖြတ်လိုက်၏။ ရန်ကုန်မြို့ကို စွန့်ခွာပြီး ကာလကတ္တားသို့ ပြန်ပြေးရတော့မည်။

ယခုလောလောဆယ်မိမိအနီးမှာရှိနေသောင်နံစိန်ဆိုသော မိန်းကလေးကိစ္စကိုလည်း စဉ်းစားပေးရမည်။

သူမသည် အတိဒုက္ခရောက်နေသော သနားစဖွယ် မိန်းကလေးတစ်ယောက်ဖြစ်၏။ သူမကို မိမိကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ကူညီရပေဦးမည်။

ဂျမဒါမင်းထင်သည် မစိန်ကြည်ကို ခေါ်ပြီး

"ကျုပ်ရှိတဲ့နေရာကို စုံထောက်တွေ သိသွားပြီဆိုတော့ ကျုပ်တို့ဒီအိမ်က ခွာမှဖြစ်တော့မယ်၊ စိန်စိန် လောလောဆယ် ကျုပ်မိတ်ဆွေ ရွှေမိုးညို ဆိုတဲ့ မိန်းကလေးနဲ့ သွားနေပါ၊ ရွှေမိုးညိုဟာ ကျုပ်နဲ့ မောင်နှမအရင်းလိုနေတာပါ။ စိန်စိန်ကို ကူညီပါလိမ့်မယ်"

ဟုဆိုကာ ရွှေမိုးညို၏ လိပ်စာကို ပေးလေရာ မစိန်ကြည်သည် ဂျမဒါမင်းထင် မိမိအပေါ်ထားရှိသော စေတနာကို ရိပ်စားမိသွား၏။





ဂျမဒါမင်းထင်သည် ဗြိတိသျှစပိုင် တစ်ယောက်ဖြစ်သော်လည်း စိတ်ရင်းကောင်းသူတစ်ဦးဖြစ်၏။ မိမိအပေါ်အားနွဲ့သူ မိန်းမသားဆိုပြီး စာနာထောက်ထားတတ်သူဖြစ်၏။

မစိန်ကြည်က

"ရှင်ဘယ်ကို ပြေးမှာလဲ"

ဟုမေးမြန်းလိုက်၏။ ဂျမဒါမင်းထင်က သက်ပြင်းချပြီး

"ကျုပ် ကလကတ္တားစစ်ဌာနချုပ်ကို ပြန်တော့မယ်၊ ကျုပ်လဲ မြန်မာပြည်ကို ချစ်တယ်၊ မြန်မာပြည်ကို လွတ်မြောက်စေချင်တယ်၊ ကျုပ်နဲ့ စုံထောက်လှမိုးဟာ မျဉ်းပြိုင်တစ်ခုမှာ ကျောခိုင်းလျှောက်နေတဲ့ လူနှစ်ယောက်ဆိုတော့ ဘယ်တော့မှ ဆုံနိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် စုံထောက်လှမိုး ကျုပ်အနောက်ကို မလိုက်နိုင်အောင် လုပ်ရမယ်"

ဟုဆိုလိုက်ရာ မစိန်ကြည်က ထိတ်လန့်သွားပြီး

"ရှင်ဘယ်လို လုပ်မှာလဲ"

ဟုမေးမြန်းလိုက်၏။ ဂျမဒါမင်းထင်က အံ့ကိုကြိတ်ပြီး

"စုံထောက်လှမိုးအိမ်ကိုသွားမယ်"

ဟုပြောလိုက်၏။

မစိန်ကြည်က မျက်မှောင်ကြုတ်ပြီး

"စုံထောက်လှမိုးအိမ်ကိုရှင်သိတယ်ပေါ့"

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်က

"စုံထောက်လှမိုးမှာ နေမင်းဆိုတဲ့ သားလေးတစ်ယောက်ရှိတယ် ဆိုတာသိတယ်၊ သူ့မိန်းမက လွန်ခဲ့တဲ့ ၃ နှစ်လောက်က ဆုံးသွားပြီ"

ဟုဆိုလိုက်ရာမစိန်ကြည်သည်စုံထောက်လှမိုး၏သားလေး အတွက် စိုးရိမ်သွားလေ၏။

ထို့ကြောင့် ဂျမဒါမင်းထင်နှင့်အတူ နေရင်း မောင်နေမင်းကို စောင့်ရှောက်ရန် ဆုံးဖြတ်လိုက်ပြီး

"ကျွန်မ ရွှေမိုးညိုဆိုတဲ့ မိန်းမဆီမှာ သွားမနေချင်ဘူး၊ ရှင်နဲ့ပဲ





လိုက်ပါရစေ"

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်မှ

"လိုက်လို့မဖြစ်ဘူး၊ ကျုပ်သွားမဲ့ ခရီးလမ်းက ကြမ်းတမ်းတယ်၊ မင်းအတွက် အန္တရာယ်ဖြစ်စေနိုင်တယ်"

ဟုတားဆီးလေ၏။

မစိန်ကြည်က ဂျမဒါမင်းထင်ကို မျက်လုံးချင်း ဆုံအောင် ကြည့်လိုက်ပြီး

"ရှင်နဲ့ ကျွန်မသူစိမ်းတွေမှ မဟုတ်တော့တာ၊ ရှင့်နောက်ကို ကျွန်မ လိုက်ချင်တာ သဘာဝကျပါတယ်"

ဟုပြောလိုက်၏။ ဂျမဒါမင်းထင်သည် မစိန်ကြည်၏ စကား ကြောင့် ငြင်းဆန်ရန် ခက်ခဲသွားလေ၏။

မစိန်ကြည်သည် အိမ်မှထွက်ကာနီးတွင် ဂျမဒါမင်းထင်မသိ အောင် စုံထောက်လှမိုးရှိရာ စတိုခန်းအနောက်ဘက် တံခါးဂျက်ကို မသိမသာ ဖွင့်ထားခဲ့၏။

မိမိတို့ အိမ်က ထွက်သည်နှင့်ဂျမဒါမင်းထင်လည်း လွတ်မြောက်သွားပေလိမ့်မည်။

ဂျမဒါမင်းထင်သည် ဖို့ဒ်ကားလေးကို စုံထောက်လှမိုး၏ အိမ်သို့ မောင်းသွားပြီးအိမ်ရှေ့၌ ဂဘားကိုရပ်ကာမစိန်ကြည် ဘက်လှည့်ပြီး

"မင်းကားပေါ်ကပဲစောင့်နေ"

ဟုတီးတိုးပြောလေ၏။

မစိန်ကြည်သည် ဂျမဒါမင်းထင်၏စကားကို မဆန့်ကျင်ဘဲ ကားပေါ်မှာပင်စောင့်နေလိုက်၏။

ခဏကြာလျှင် ဂျမဒါမင်းထင်သည် မောင်နေမင်းကို နှိုးပြီး အိမ်ထဲမှပြန်ထွက်လာ၏။ မောင်နေမင်းကားပေါ်ရောက်သောအခါ ဂျမဒါမင်းထင်သည် အိမ်ထဲသို့တစ်ခါပြန်ဝင်သွားပြီး စားပွဲပေါ်ရှိ စာရွက်တစ်ရွက်ကိုယူကာ

မိတ်ဆွေကြီးစုံထောက်လှမ်း

ခင်ဗျားကို နှုတ်ဆက်ခဲ့ပါတယ်၊

ကျုပ်ကလကတ္တားကို ပြန်တော့မယ်၊

ခင်ဗျားသား မောင်နေမင်းလေးဟာ ကျုပ်နဲ့အတူ

ဘေးမသီရန်မခ ရှိနေပါတယ်၊

မောင်နေမင်းလေးရဲ့အသက်ကို နမျှောရင် ခင်ဗျားအိမ်မှာ

အေးအေးဆေးဆေး နေပါ၊

ကျုပ်အတွက် လုံခြုံစိတ်ချတဲ့နေရာကို ရောက်ရင်

မောင်နေမင်းကို ဘေးမသီရန်မခဘဲ ပြန်ပို့ပေးပါမယ်၊

ကျုပ်စကားကို နားမထောင်ရင်တော့ မောင်နေမင်းရဲ့





အသက်ကို အာမမခံနိုင်ဘူး၊

"ဂျမဒါမင်းထင်"

ဟုရေးသားလိုက်လေ၏။

ထိုအချိန်တွင် မစိန်ကြည်သည် မောင်နေမင်းကို ရှာမတွေ့ပြီ

"သူက လူဆိုးကြီးပါ၊ ဒါပေမယ့် သားလေးမကြောက်နဲ့နော်၊ အရေးကြီးတာမှာထားမယ်၊ အစ်မနဲ့ သားလေး မသိသလိုနေနော်၊ အစ်မတို့အခွင့်အရေးရရင် လူဆိုးကြီးလက်ကထွက်ပြေးကြမယ်၊ သားဖေဖေလည်း ခဏနေရင် လိုက်လာလိမ့်မယ်"

ဟုဆိုလိုက်ရာ မောင်နေမင်း ဝမ်းသာသွားပြီး

"တကယ်လားအန်တီ၊ ဒါဆိုရင် သားတို့ ဖေဖေကို စောင့်ကြမယ်"

ဟုပြောလေ၏။ ခဏကြာလျှင် ဂျမဒါမင်းထင် ကားဆီသို့ပြန်ရောက်လာပြီး အင်းစိန်ဘက်တွင် ကားကိုတတ်ဆိအမြည့်ဖြည့်ကာ ရန်ကုန်ပြည်လမ်းအတိုင်း မောင်းနှင်သွားလေ၏။

တိုက်ကြီးမြို့သို့ရောက်သောအခါ ကားကိုရပ်ပြီး ထမင်းထုပ်များဝယ် ကာ ခရီးဆက်ခဲ့ပြန်၏။ မစိန်ကြည်သည် တစ်လမ်းလုံး မောင်နေမင်းကို ချော့မော့ပြီး လိုက်ပါလာ၏။

သို့သော် ဂျမဒါမင်းထင်၏ ဗိုဒ်ကားလေးသည် သုံးဆယ်မြို့ကျော်ကျော်တွင် ဖွတ်ချက်ဖွတ်ချက် မြည်ပြီး ထိုးရပ်သွားလေ၏။

ဂျမဒါမင်းထင်သည် ကားစက်ဖုံးကို ဖွင့်ပြီး ပြင်ဆင်လေရာ ခဏကြာလျှင်ကားစက်ပြန်ကောင်းသွားလေ၏။ သို့သော်ကားသည် လက်ပံတန်း၌ တစ်ခါပြန်ပျက်သဖြင့် ဝပ်ရှော့တစ်ခုကို ရှာပြီးအမြန်ဆုံးပြင်ဆင်စေရာ ဝပ်ရှော့ဆရာက

"ဆရာကားကအချိန်ယူပြီး ပြင်မှရမယ်၊ ကျွန်တော့်မှာလည်း ပစ္စည်းမပြည့်စုံဘူး၊ ရန်ကုန်ဆင်းပြီးဝယ်ရမယ်"

ဟုပြောလေရာ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်ပြီး

"ကျုပ်ပြည်ကိုအရေးတကြီး သွားစရာရှိတယ်၊ ကားတစ်စီးလောက် အမြန်ငှားပေးလို့ရမလား"





ဟုမေးမြန်းလိုက်ရာ ဝပ်ရှော့ဆရာက ခေါင်းညိတ်ပြီး

"ရပါတယ်ဆရာ၊ သာယာဝတီမှာ ကျွန်တော့်မိတ်ဆွေတွေ ရှိပါတယ်၊ ခဏစောင့်ပါ"

ဟုဆိုကာ ဂျမဒါမင်းထင်တို့ကို ထားပြီး ထွက်ခွာသွားလေ၏။

ခဏအကြာတွင် ဝပ်ရှော့ဆရာသည် အော်စတင်ကားတစ်စီးဖြင့် ပြန်လည် ရောက်ရှိလာ၏။ အော်စတင်ကားဒရိုင်ဘာမှာ ဝါးခမောက်ဆောင်းထားပြီး တောသားဆန်ဆန် ဝတ်ဆင်ထားလေ၏။

ဂျမဒါမင်းထင်က ဝပ်ရှော့ဆရာထံတွင် ဗိုဒ်ကားကို အပ်နှံထားပြီး ကားဆရာကို

"ပြည်ကို အမြန်ဆုံးမောင်းပါ"

ဟုအမိန့်ပေးလိုက်ရာ ကားဆရာက

"ဟုတ်ကဲ့ပါဆရာ"

ဟုဆိုပြီး ကားကိုမောင်းနှင်ခဲ့လေ၏။

မစိန်ကြည်သည် ကားဆရာ၏အသံကို ကြားဖူးသလိုရှိသဖြင့်

မျက်မှောင်ကြုတ်လိုက်လေ၏။

မစိန်ကြည်၏ပေါင်ပေါ်တွင် ခေါင်းတင်ပြီး အိပ်စက်နေသော မောင်နေမင်းလေးသည်ကားဆရာ၏အသံကြောင့်ဆတ်ခနဲတုန်ပြီး ကြည့်လိုက်ရာကားဆရာကအနောက်သို့လှည့်ပြီး မသိမသာမျက်စိ မှိတ်ပြလေ၏။

ထိုအခါမှပင်ကားဆရာသည် စုံထောက်လုမိုး ဖြစ်ကြောင်း ရိပ်မိသွားလေ၏။ မစိန်ကြည်သည်မိမိတို့ကားပေါ်သို့စုံထောက်လုမိုး ရောက်ရှိလာသဖြင့်စိတ်အားတက်ကြွသွားလေ၏။

ရင်ဆိုင်တိုက်ခိုက်မှုများဖြစ်မှာလည်း စိုးရိမ်နေပါ၏။

ဂျမဒါမင်းထင်က ကားကို မိုင်ကုန်မောင်းနိုင်းသဖြင့် အော်စတင်ကားလေးသည်မြို့များတစ်မြို့ပြီးတစ်မြို့လျှင်မြန်စွာကျော်ဖြတ် လာ၏။ ဇီးကုန်းနှင့်နတ်တလင်းအကြားသို့ ရောက်သောအခါ ဗုံး ဒဏ်ကြောင့် လမ်းများပျက်စီးနေပြီးကားကိုအမြန်မောင်းနေ သဖြင့် လိုက်ပါလာသူများမှာ စကောထဲက ဆီးဖြူသီးကဲ့သို့ဖြစ်လာ၏။

ကြာသောအခါမောင်နေမင်းသည်ကားဆောင့်သည်ဝေဒနာ ကိုမခံနိုင်တော့ဘဲ

"ခေါင်းမူးတယ်"

ဟုညည်းညူလေ၏။

မစိန်ကြည်က မောင်နေမင်းကို စိုးရိမ်သွားပြီး

"ကားဆရာ ဖြည်းဖြည်းမောင်းပါ"

ဟုပြောလိုက်၏။

ထိုအခါ ဂျူမဒါမင်းထင်က ဝင်ပြီး

"ဖြည်းဖြည်းမောင်းလို့မရဘူး။ မြန်မြန်မောင်း"

ဟုအမိန့်ပေးလိုက်၏။ ထိုအခါ မောင်နေမင်း၏ မျက်နှာ ဖြူဖတ်ဖြူရော်ဖြစ်လာပြီး ကားပေါ်တွင် ပျို့အန်ချလိုက်၏။

မစိန်ကြည်က ဂျူမဒါမင်းထင်ကို ကြည့်ပြီး

"ရှင်ဘယ်လိုဖြစ်တာလဲ၊ သားသမီးချင်း စာနာပါဦး"

ဟုဆိုလိုက်၏။ စုံထောက်လှမိုးသည် သားဖြစ်သူ၏ဝေဒနာကြောင့် ရင်ထဲတွင်မချိအောင် ခံစားရပြီး ကားကို ချက်ချင်း ရပ်စေချင်စိတ်များ ဖြစ်ပေါ်နေ၏။





ဂျူမဒါမင်းထင်က ခေါင်းခါယမ်းပြီး

"ကမ္ဘာမီးလောင်နေပြီ၊ သားကောင်ကို ချုနင်းရမှာပဲ၊ ကားရပ်လို့မရဘူး၊ ကားဆရာ မိုင်ကုန်သာမောင်းပါ"

ဟုအမိန့်ပေးလေ၏။ ထိုအချိန်တွင် ဝုံးဒက်ထိထားသော လမ်းမှာ ပိုမိုကြမ်းတမ်းလာပြီး မခံရပ်နိုင်ဖြစ်လာသောကြောင့် မောင်နေမင်းသည် ထိန်းချုပ်မထားနိုင်တော့ဘဲ

"ဖေဖေ ကားကိုရပ်ပါ"

ဟုအော်ဟစ်လိုက်လေ၏။

စုံထောက်လှမိုးသည် သားဖြစ်သူ၏ အသံကြောင့် ယောင်ယမ်းပြီး ကားကို ဘရိတ်အုပ်လိုက်လေ၏။

ဂျူမဒါမင်းထင်သည် မောင်နေမင်း၏ ခေါ်သံကြောင့် ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားပြီး အကင်းပါးသူပီပီ အခြေအနေကို ရိပ်စားမိသွားလေ၏။

ထိုကြောင့် ကားပေါ်မှ လျှင်မြန်စွာဆင်းပြီး မောင်နေမင်း၏

လည်ဘိုင်ကိုဓားဖြင့်ထောက်ကာ

"ဟားဟားဟား... စုံထောက်လှမိုး ကျုပ်နောက်ကိုလိုက်လာတာ မြန်လိုက်တာဗျာ၊ သားဇောကြောင့်ထင်တယ်၊ မစိုးရိမ်ပါနဲ့ဗျာ၊ ကျုပ်ပြည်ကိုရောက်တာနဲ့ ခင်ဗျားသားကိုတနည်းနည်းနဲ့ပြန်လွှတ်ဖို့ စီစဉ်ထားပြီးသားပါ"

ဟုပြောလိုက်လေ၏။ စုံထောက်လှမိုးကသက်ပြင်းချလိုက်ပြီး

"ခင်ဗျားပြေးလို့မလွတ်တော့ဘူး၊ ခင်ဗျားနောက်ကိုဂျပန်စစ်ထောက်လှမ်းရေးတွေ ထပ်ချပ်မကွာလိုက်လာပြီ"

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်က ရယ်မောလိုက်ပြီး

"ပိပိရိရိလဲ လိမ်ပါဗျာ၊ ခင်ဗျားသားကို ဓားစာခံလုပ်ထားတဲ့ အချိန်မှာ ပစ်ကြခတ်ကြရင် ထိမှာစိုးလို့ ဂျပန်စစ်တပ်ကို ခင်ဗျားခေါ်မလာရဲပါဘူး၊ ဂျပန်တွေလာရင်လဲ ကျုပ်က ကြောက်မယ်လို့ထင်သလား။ မက်ဆိုပိုတေးမီးယားမှာ မြန်မာ့သတ္တိပြခဲ့တဲ့ ဂျမဒါမင်းထင်





ဆိုတာ ကျုပ်ပဲ၊ ကဲ့... စိန်စိန် သူ့ခါးကြားက သေနတ်ကိုယူလိုက်ပါ"

ဟုစေခိုင်းလိုက်သဖြင့် မစိန်ကြည်သည် စုံထောက်လှမိုး၏ ခါးကြားမှသေနတ်ကိုယူလိုက်ရ၏။

ဂျာမဒါမင်းထင်က ဆက်ပြီး

"သေနတ်ထဲက ကျည်ဆံတွေ ထုတ်ပြီးလွှင့်ပစ်လိုက်"

ဟုစေခိုင်းပြန်၏။

ပြီးနောက် ဂျမဒါမင်းထင်က စုံထောက်လှမိုးကို ကားပေါ်မှ ဆင်းခိုင်းလိုက်၏။ စုံထောက်လှမိုး လမ်းပေါ်သို့ ရောက်သောအခါ ဂျမဒါမင်းထင်သည် မောင်နေမင်းကိုကားရှေ့ခန်းသို့တွန်းပို့လိုက်ပြီး သူကိုယ်တိုင် ကားကိုမောင်းလေ၏။

မောင်နေမင်းသည်လမ်းပေါ်တွင်ကျန်ရစ်ခဲ့သောဖခင်ဖြစ်သူကိုလှည့်ကြည့်ပြီး

"ဖေဖေ့ကိုမထားခဲ့ပါနဲ့"

ဟုအော်ဟစ်လေ၏။

ထို့နောက် မောင်နေမင်းသည် ဂျူမဒါမင်းထင်ကို တွန်းထိုးတိုက်ခိုက်လေရာ ကား ကို စက်စက်ခဲခဲ မောင်းနှင်ရလေ၏။ ဂျူမဒါမင်းထင်က ကားမရပ်သေးသဖြင့် မောင်နေမင်းသည် ဂျူမဒါမင်းထင်၏လက်မောင်းကိုကိုက်ဆွဲလိုက်ရာ ကားသည် ယိမ်းယိုင်ပြီး သစ်ငုတ်ကိုတိုက်ကာ တစ်စောင်းလဲကျသွားလေ၏။

ထိုအခါ မစိန်ကြည်သည် ကံကောင်းထောက်မပြီး ဒဏ်ရာပြင်းပြင်းထန်ထန် မရသော်လည်း ခေါင်းထဲတွင် မူးဝေသွားလေ၏။

ဂျူမဒါမင်းထင်သည် ဦးခေါင်းထိခိုက်သွားဟန်ရှိပြီး ခေါင်းတစ်ခုလုံးသွေးချင်းချင်း နီနေ၏။ မောင်နေမင်းလေး၏ ကိုယ်ခန္ဓာတွင်ဒဏ်ရာကြီးကြီးမားမား ရပုံမရချေ။

ဂျူမဒါမင်းထင်သည် တစ်စောင်းလဲနေသောကားကို သူ၏ကိုယ်လုံးဖြင့် ဖိပြီး ပြန်တည့်အောင်လုပ်၏။ ပထမတစ်ချီတွင် မရသော်လည်း မစိန်ကြည်ပါဝင်ပြီး သုံးချီမြောက်ဖိတွန်းလိုက်ရာ ကားပြန်တည့်ပြီး ဘီးလေးဘီး မြေပေါ်ပြန်ရောက်သွားလေ၏။





ထိုအချိန်တွင် စုံထောက်လှမိုးသည် ကားအနီးသို့ အရှိန်အဟုန်ပြင်းစွာ ပြေးလာပြီး ဂျူမဒါမင်းထင်ကို ခုန်အုပ်လိုက်၏။ သူတို့နှစ်ယောက် လမ်းနံဘေးသို့လိမ့်ဆင်းသွားပြီး သူတစ်ပြန်ကိုယ်တစ်ပြန် သတ်ပုတ်နေ၏။

ဂျူမဒါမင်းထင်သည် သတ်ပုတ်ရင်းကလကတ္တားသို့သတင်းပို့ရန် ကိရိယာကို သတိရပြီး ခါးကြားမှဓားကိုထုတ်ကာစုံထောက်လှမိုးကို ထိုးစိုက်လိုက်၏။

စုံထောက်လှမိုးသည်အလျှင်အမြန် ရှောင်လိုက်သော်လည်း ပေါင်ရင်းကိုထိုးစိုက်မိပြီး မြေပေါ်သို့လဲကျသွား၏။

ဂျူမဒါမင်းထင်သည်အသာစီးရသွားသဖြင့်စုံထောက်လှမိုးကို ခုန်အုပ်ပြီး ဓားဖြင့်ထိုးစိုက်ရန်ပြင်လိုက်၏။ စုံထောက်လှမိုး အနေဖြင့် ခုခံရန် အခွင့်အလမ်းမရှိတော့ချေ။

ထိုအခိုက်မှာပင် မစိန်ကြည်သည် သူမဘာလုပ်ရမည်ကို အလျှင်အမြန် ဆုံးဖြတ်နိုင်ခဲ့၏။

ဂျူမဒါမင်းထင်၏အနောက်သို့တိုးကပ်သွားပြီး ကားစက်နှိုးသောဂေါက်တံကြီးဖြင့်ခေါင်းကိုကအားလွှဲရိုက်ချလိုက်၏။

ဂျူမဒါမင်းထင်သည်မြေပေါ်သို့ပြိုလဲကျသွားပြီး မစိန်ကြည်ကိုမယုံနိုင်ဟန်ဖြင့်ကြည့်ကာ

"လုပ်ရက်လိုက်တာစိန်စိန်ရယ်"

ဟုမရှိတင်ကဲ့ ပြောဆိုပြီး ဘဝတစ်ပါးသို့ ကူးပြောင်းသွားလေ၏။

မစိန်ကြည်သည် မိမိကိုယ်မိမိ ခွင့်မလွှတ်နိုင်အောင် ဖြစ်ခဲ့၏၊ ဂျူမဒါမင်းထင်က မိမိအပေါ်အစစအရာရာ ကောင်းမွန်ခဲ့၏။ မိမိကသာ ဂျူမဒါမင်းထင်အပေါ် မကောင်းဖြစ်ခဲ့၏။ ထို့ကြောင့်ကျေးဇူးရှင်ကိုပစ်မှားမိပြီဟု ယူဆကာ ဂျူမဒါမင်းထင်ကိုပွေ့ဖက်ပြီး ရှိုက်ကြီးတငင်ငိုချလိုက်၏။ အရာအားလုံးပြီးဆုံးခြင်းသို့ရောက်လေပြီ။

မည်သည့်အရာကိုမျှသိမ်းပိုက်မထားသော

မင်းမြတ်သုရ